www.burmeseclassic.com

ညွန့်ထားထား
(ဆေးတက္ကသိုလ်)

အုပ်(၂၀၀)ပြည့်

# ကိုယ့်ရင်ဘတ်ရဲ့ တခြား

# အမုန်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးခွင့်ပြုအမှတ်
၅၀၀၄၅၂၁၂၂၁၁
စာမူခွင့်ပြုအမှတ်
၅၀၁၃၄၅၁၀၁၁
မျက်နှာဖုံးဒီဇိုင်း
နေမျိုးဆေး
အတွင်းပန်းချီ
ကိုကိုနိုင်
ထုတ်ဝေသူ
ဦးပြည့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၄၀၀-ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
ဇန်နဝါရီလ၊ ၂၀၁၂-ပထမအကြိမ်

[redacted]

- ပြည်ထောင်စု မပြိုကွဲရေး နို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး နို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး နို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်… ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြ… များအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေ…

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စို…
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သ… တည်ဆောက်ရေး။

[redacted] ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးခေတ်မီ စက်မှုနိုင်ငံ… ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတ… တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေ… ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်… တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

[redacted]ပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသ… လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ပြဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထ…
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

လွန်းထားထား (ဆေးတက္ကသိုလ်) ကိုယ့်ရင်ဘတ်ရဲ့တခြားအခြမ်း ၈၉၅. ၈၃
လွန်းထားထား၊ ဆေးတက္ကသိုလ်။ - ရန်ကုန်
တံခွန်တိုင်စာပေ ၂၀၁၁
၂၅၈ စာ၊ ၁၂ . ၀၀ × ၁၈ စင်တီ
(၁) ကိုယ့်ရင်ဘတ်ရဲ့တခြားအခြမ်း



ပြည်လင်း

BURMESE CLASSIC .com

တံခွန်တိုင် စာအုပ်တိုက်
အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၉၄၆၅၀ / ၀၉ ၇၃၀၆၉၈၂၂

www.burmeseclassic.com


www.burmeseclassic.com

## အမှတ်တရမှတ်တမ်း

ကမ္ဘာပေါ်မှာ
သားသမီးအပေါ်
နားလည်နိုင်စွမ်းအရှိဆုံးသော
အဖေနဲ့ အမေ ...၊
ဘဝရဲ့အဓိပ္ပာယ်တွေကို
ပိုပြီးလေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို
အမှတ်တရမှတ်တမ်းတင်လျှက် ...၊

လွန်းထားထား (ဆေးတက္ကသိုလ်)

BURMESE CLASSIC .com



ပွင့်ပွင့်ရှရှ...ခံစားမှု
အချစ်လုံးချင်း ဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

ရွှန်းလေးလေး
ဆေး-တက္ကသိုလ်

# ကိုယ့်ရင်ဘက်ရဲ့
# တခြားအခြမ်း

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ့်ရှင်အတွက်ရဲ့ တခြားအခြမ်း ၈

ညတော...

ကိုရှင်အတွက်ဆိုမှာ...

အဝင်ခွင်ကျ တပ်ဆင်လို့...

ဘယ်တော့မှ ခွဲချော်ဝေးကွာခြင်း

မရှိတော့ မှာကိုလည်း

ကို...


တစ်ဘဝစာ ယုံကြည်စိတ်ချ

ကျိန်းသေပါ့လေ......



www.burmeseclassic.com

www.burmeseclassic.com



.....

၂၀၁၂

.....

BURMESE CLASSIC .com


အဖိုးထိုက်တန်တဲ့ အချစ်တစ်ခုကိုရဖို့အတွက်
လေးနက်နက်ရှိုင်းတဲ့ တွယ်တာမြတ်နိုးမှုတော့
ရင်းနှီးပေးဆပ်ရလိမ့်မယ် ...

(၂၀၀)ချပ်ပြည့် အမှတ်တရ 2


www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံပေါ်က မင်္ဂလာပွဲကလေးက တစ်သက် မမေ့
စရာ ပျော်စရာကလေးပါ။ သတို့သမီးအဖေ
သတို့သား သတို့သမီးဝတ်စုံကို ဆိုင်ကနေ ဝင်ငှား
ရမ်းခဲ့ပြီး ဆေးရုံဆီသို့ အမောတကော ရောက်လာခဲ့
သည်။ ဆေးရုံအခန်းတစ်ခန်းလုံး အဖြူရောင်
နှင်းဆီတွေနှင့် ပူဖောင်းဖြူဖြူကလေးတွေ ဝေဝေ
အောင် ဆရာဝန်ကြီးနှင့် သူနာပြုတွေ ဆေး
ဝန်ထမ်းတွေက ကမန်းကတန်း တက်တက်ကြွကြွ
စီစဉ်ပေးပါသည်။ ဆရာဝန်ကြီးကပဲ မြို့နယ်
တရားသူကြီးကို ဖိတ်ကြားပေးကာ လက်ထပ်
စာချုပ်တွေပါ စီစဉ်ပေးပါ၏။ ဇာကိုယ်ကျပ် သတို့
သမီးဝတ်စုံဖြူဖြူကလေးနှင့် ဆံနွယ်အခွေအလိပ်
ကလေးတွေ ပခုံးတစ်ဝိုက်မှာ ဝဲဖြာကျနေသော သတို့
သမီးကလေးကို သူ တစ်သက်စာ ငေး၍မဝနိုင်
. . . ။ သတို့သမီးကလေး၏ မျက်နှာကလေးက
လည်း ရှက်သွေးဖြန်း ကြည်လင်ချိုမြသော အပြုံး
မျက်နှာကလေး။ ကိုယ့်ရင်ဘတ်ရဲ့ တခြားအခြမ်းက
ခုတော့ သူ့ရင်ဘတ်ဆီမှာ အံဝင်ခွင်ကျ တပ်ဆင်လို့
. . . ။ ဘယ်တော့မှ လွဲချော်ဝေးကွာခြင်းမရှိတော့
မှာကိုလည်း သူ တစ်ဘဝစာ ယုံကြည်စိတ်ချ
ကျိန်းသေလို့လေ . . . ။



# အခန်း . . . ၁





www.burmeseclassic.com

www.burmeseclassic.com

# အခန်း ...၁


"ရှေးရိုးရာ"

မြို့တစ်မြို့လုံးမှာ ဒီဆိုင်ကလေးသည် ဆွဲဆောင်ညို့ငင်နိုင်စွမ်းအရှိဆုံးဟု သူထင်ပါသည်။ ဆိုင်ကလေး၏ အပြင်အဆင်ကို ရှေးအကျဆုံးနိုင်ဆုံး ပြင်ဆင်ခင်းကျင်းထားသည်ကိုက antique ရှေးပစ္စည်းတွေ ရောင်းချသော ဆိုင်ကလေးအဖြစ် လာသမျှ ဧည့်သည်တိုင်း၏ အာရုံကို ဖမ်းစားညို့ယူနိုင်စွမ်းရှိပါသည်။ ဒီမြို့ကလေးကိုက ပင်လယ်ကမ်းခြေမြို့ကလေးတစ်မြို့ . . ။ လှပကျယ်လွင့်နက်ရှိုင်းလှသော ပင်လယ်နှင့်ကမ်းခြေကြောင့် ကျော်ကြားသောမြို့ကလေး။ ကမ္ဘာလှည့်ခရီးသွားများစွာတို့ လာရောက်အပန်းဖြေရာ မြို့ကလေး . . . ။ မြို့ကလေး



www.burmeseclassic.com

www.burmeseclassic.com





က ကျော်ကြားသလောက် စည်လည်းစည်ကားလှပါသည်. . ။ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ရေလုပ်ငန်းဖြင့် အသက်မွေးကြတာများသည်။ မြို့လည်မှာ ဆိုင် Restaurant တွေ ကော်ဖီဆိုင်တွေနှင့် ဒေသထွက် ငါးကြော်၊ ပုဇွန်လုံးကြော်နှင့် ပင်လယ်စာတွေ ရောင်းချသောဆိုင်တွေ အပြည့် . . . ။ ရေခဲမုန့်ဆိုင်တွေနှင့် ဒေသထွက် လက်ဆောင်ပစ္စည်းတွေရောင်းသော ဆိုင်တွေလည်း အပြိုင်အဆိုင် . . . ။

သူက ဒီမြို့ကလေးဆီ အေးအေးဆေးဆေး အနားယူအပန်းဖြေရင်း သူ့ အသက်မွေးဝမ်းကျောင်းမှုဖြစ်သော ပန်းချီကားတွေဆွဲဖို့ ရောက်လာခဲ့ခြင်းဖြစ်သည်။ ဒီမြို့ကလေးမှာ ကားတွေ ဆိုင်ကယ်တွေ စက်ဘီးတွေရော လမ်းလျှောက်သူတွေနှင့် စည်ကားလှုပ်ခတ်ရှိလွန်းတာကို သူ ပန်းချီရေးချင်မိသေးသည်။ ခုလောလောဆယ်တော့ ပထမဆုံး သူ ရောက်စနေ့ကတည်းက သူ့အာရုံကို ဖမ်းစား ဆွဲခေါ်နိုင်လွန်းသော 'ရှေးရိုးရာ' ဆိုင်ကလေးဆီသို့ နေ့တိုင်းသူဝင်ဖြစ်ကာ ဆိုင်ထဲက ရှေးဟောင်းပစ္စည်းကလေးတွေကို . . . တစ်ခုချင်း စိတ်ဝင်တစား စေ့စေ့စပ်စပ်လိုက်ငေးဖြစ်ရတာကို သူ မွေ့လျော်နေ




သည်။ ရှေးဟောင်းကြွေအသည် ကြေးပစ္စည်းတွေ ပန်းချီကားလေးတွေ ကျောက်ကလေးတွေ နာရီတွေ မီးခြစ် သားရေပစ္စည်းတွေ အသုံးအဆောင်ပစ္စည်းတွေရော မှန်ဘီရိုထဲမှာ အလှပြ သိမ်းဆည်းထားဖို့ကောင်းသော အထိမ်းအမှတ်ပစ္စည်းတွေ တော်တော်စုံလင်ကာ စနစ်တကျ မှန်ဘီရိုတွေထဲမှာ ခင်းကျင်းပြသထားသည်။ လိုချင်တာရှိမှ ဆိုင်ရှင်ကို ပြောကာ ထုတ်ခိုင်းရသည်။

သူမျက်စိအကျဆုံးက နာရီကလေးတစ်လုံး။ ကြေးရောင် ဝင်းပြောင်နေကာ လည်ပင်းမှာ ချိတ်ဆွဲရသော ဒါမှမဟုတ် အိတ်ကပ်ထဲထည့်ယူရသော ကြိုးကလေးနှင့် ရှေးဟောင်းနာရီကလေးဖြစ်သည်။

"ဒီမှာ. . . ကျွန်တော်ဒီနာရီကလေးကြည့်လို့ရမလား ဟင်"

သူ ဆိုင်ရှင်မိန်းကလေးကို လှမ်းပြောလိုက်သည်။ ရှပ်အကျႌအနီကွက်နှင့် ဂျင်း(န်)ပန်ဝတ်ထားကာ ဆံထုံးတစ်လုံး ဆောင်းထားသော သူမပုံစံက ကောင်းချိုင်မ,ကလေးပုံစံပေါက်နေတာမို့ သူ ပြုံးချင်သွားမိသေးသည်။ နားမှာလည်း

www.burmeseclassic.com





လက်ကောက်လောက်ရှိမည့် ငွေရောင်နားကွင်းကြီးတွေနှင့်။ ပါးစပ်ထဲမှာ ပီကေတဝါးဝါးနှင့် . . .။

"ဟုတ်ကဲ့ . . ကြည့်လို့ရပါတယ်ရှင်၊ ဪ . . . ဒီနာရီလေးက ကျွန်မရဲ့ ဖေးပရိတ်ပေါ့။ သူ့ကို ကြေးနဲ့လုပ်ထားတာ၊ နာရီရဲ့နောက်ကျောမှာ ထွင်းထားတာလေးကို ကျွန်မ အရမ်းစိတ်ဝင်စားတာရှင့် . . .၊ time machine တဲ့ . . .။ ဒီနာရီလေးကို ကျွန်မဖေဖေ အီဂျစ်ရှေးဟောင်းပစ္စည်းဆိုင်ကနေ ရလာတာ၊ သူ့ရာဇဝင်ကလေး ကျွန်မ ပြောပြရမလား"

"ဟာ . . . ပြောပြပါ၊ ကျွန်တော် စိတ်ဝင်စားတယ်"

"ဒီနာရီကလေးက ထူးဆန်းတယ်လို့ ပြောတယ်၊ သာမန် နာရီလိုမျိုးမဟုတ်ဘဲ time machine တစ်ခုလို အချိန်တစ်ခုဆီ ပြန်ခေါ်သွားတတ်တဲ့ ရာဇဝင်ရှိတယ်လို့ပြောတယ်၊ အဲဒီလိုဖြစ်ဖို့အတွက် တိုက်ဆိုင်မှုတွေတော့ အများကြီးလိုတာပေါ့နော်၊ ဥပမာဆိုပါတော့ . . . ဒီ နာရီကို ပိုင်ခွင့်ရတဲ့လူရဲ့စိတ်ပေါ်မှာ အများကြီး မူတည်တယ်လို့ ဆိုတယ်၊ သူ့အပေါ်မှာ တကယ် လေးလေးနက်နက် သက်ဝင်ယုံကြည်စိတ်



ရှိဖို့ရယ်၊ ပိုင်ရှင်ရဲ့ စိတ်ထဲကလည်း တကယ့်ကို ပြင်းပြထက်သန်တဲ့ ဆန္ဒ တစ်ခုရှိဖို့ရယ်၊ ဆုတောင်းလည်း လေးနက်မှန်ကန်ဖို့ လိုလိမ့်မယ်တဲ့၊ ဒီနာရီကလေးရောက်လာတာနှစ်နှစ် ပြည့်တော့မယ်၊ ဈေးကြီးလွန်းလို့ ဘယ်သူမှ မဝယ်နိုင်ကြပါဘူး၊ time machine ဆိုတာကိုလည်း အယုံအကြည် မရှိတာ ပါမှာပေါ့လေ"

သူကတော့ သူမ၏အပြောနှင့်တင် စိတ်ဝင်တစားရှိနေမိပါပြီ . . .။ နာရီကလေးကို အပြန်ပြန်အလှန်လှန်ကိုင် တွယ်ကြည့်ရင်း နာရီမှာကပ်ထားသော ဒေါ်လာ ၁၂၀၀ ဆိုသောတန်ဖိုးကြောင့် ဝယ်ဖို့လည်း လက်တွန့်နေသည်။ လိုကလည်း လိုချင်နေသည်။ တကယ့်ရှေးဟောင်းပစ္စည်းအစစ်ကလေးဆိုတာကို သူ့စိတ်ထဲကနေ အလိုလို ခံစားမိနေသည်။ ပြီးတော့ ဒီနာရီကလေးဆီမှာ ထူးခြားသော ညို့ငင်ဓာတ်တစ်မျိုးရှိနေသည်။ သံလိုက်ဓာတ်တစ်မျိုးလို သူ့လက်မှာ ကပ်နေသည့်အတိုင်း . . .။

"ဟုတ်တယ်ဗျာ . . . ကျွန်တော် အရမ်းတော့ကြိုက်နေတယ်၊ ဒါပေမယ့် အဲဒီလောက်ကြီးတော့ မတတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဗျ၊ ကျွန်တော်က ရှေးဟောင်းပစ္စည်းကလေးတွေ စုဆောင်းရတာကို အရမ်း ဝါသနာပါတယ်၊ တန်ဖိုးတွေကလည်း မသေးဘူးဗျ”

“အဲဒါဆိုရင်တော့ ဖေဖေနဲ့တူတယ်၊ ဖေဖေလည်း သူ့ အလုပ်နဲ့သူ နိုင်ငံအနှံ့ လှည့်သွားနေရတော့ ရောက်သမျှ နိုင်ငံတိုင်းမှာ antique ဆိုင်တွေချည်း ဝင်မွှေတတ်တာ သူ့ အကျင့်လေ၊ တချို့နိုင်ငံတွေမှာဆို car boot sale လို့ခေါ်တဲ့ ကွင်းပြင်ကျယ်ကျယ် လေဟာပြင်ကြီးတွေမှာ ကိုယ့်ကားတွေနဲ့ ကိုယ်လာပြီး ကိုယ့်အိမ်က ရှိရှိသမျှ ရှေးဟောင်းပစ္စည်းတွေရော ခေတ်ပေါ်ပစ္စည်းတွေပါ ဆိုင်ခင်းပြီး ချရောင်းတတ်တာ . . .၊ အဲဒီလို ဈေးမျိုးဆို ဖေဖေ့အကြိုက်ပေါ့၊ ဖေဖေက အဘိုးကြီး အဘွားကြီးတွေရောင်းတဲ့ဆိုင်မျိုးတွေကို ဝင်မွှေတတ်တာ၊ အင်္ဂလန်မှာဆို အဲဒီလိုဈေးမျိုးတွေ နေရာအနှံ့ ရှိတယ်၊ ဖေဖေကတော့ အင်တာနက်ကနေ ရှာဖွေပြီးတော့ကို နေရာအနှံ့ antique hunting ထွက်တော့တာပဲ၊ ဖေဖေက taste လည်းရှိတယ်လေ၊ သေသေချာချာလည်း နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေလေ့လာထားတော့ ပစ္စည်းတစ်ခုကို နှံ့နှံ့



စပ်စပ် ကြည့်ပြီးရင် တကယ့် ရှေး ဟောင်းပစ္စည်းအစစ်လား၊ fake လားဆိုတာ ခွဲခြား တတ်တယ်၊ တွေ့သမျှ ကြိုက်သမျှ အကုန်ဝယ်တယ်၊ တချို့ကိုသိမ်းတယ်၊ တချို့ကို ပြန်ရောင်းတယ်လေ၊ ကျွန်မကလည်း ဝါသနာပါတော့ ဒီဆိုင်ကလေး ဖွင့်ထားခဲ့တာ . . . ကြာလှပေါ့”

သူမက ရင်းနှီးနှစ်လိုဖွယ်အပြုံးကလေးနှင့် ဖော်ရွေစွာ ရှင်းပြနေသည်မို့ ပစ္စည်းစစ်မှန်ကြောင်းလည်း တစ်ခါတည်း ပြောပြပြီးသားဖြစ်သွားသည် . . .။

“ကျွန်တော် မဝယ်နိုင်သေးပါဘူးဗျာ၊ ဒါပေမယ့် နေ့တိုင်းတော့ လာကြည့်ခွင့်ပေးပါနော်၊ ဒီနာရီလေးနဲ့ ကျွန်တော် ဘယ်လိုအဆက်ရှိသလဲ မသိဘူး၊ ကျွန်တော့်ကို အရမ်းညို့တယ်ဗျ”

“လာကြည့်လို့ ရပါတယ်ရှင်၊ အားလုံးကြည့်ခွင့်ရအောင် ပြထားတာပဲဥစ္စာ၊ ဒါနဲ့ ရှင်က ဒီမြို့ကလေးကို အလည် သက်သက်ပဲပေါ့”

“အလည်သက်သက်တော့ မဟုတ်ဘူးဗျ၊ ကျွန်တော် ဒီမြို့ကလေးကို ပန်းချီလာဆွဲတာ”



www.burmeseclassic.com

www.burmeseclassic.com

"အို . . . ပန်းချီဆရာကိုး၊ ကျွန်မလည်း ပန်းချီဆွဲရတာကို အရမ်းသဘောကျတယ်ရှင့်၊ အားရင် ပန်းချီပဲ ထိုင်ဆွဲနေတတ်တာ၊ ဒီမြို့ကလေးက ပန်းချီဆွဲဖို့ အကောင်းဆုံးပေါ့"

"ဟား . . . ဝါသနာတူချင်းတွေ့ရတာ ကျွန်တော် ကံကောင်းတာပေါ့၊ ကျွန်တော် တစ်ခုလောက် ခွင့်တောင်းချင်တယ်၊ 'ရှေးရိုးရာ' ကို ကျွန်တော် ပန်းချီ တစ်ကားလောက် ဆွဲခွင့်ရချင်တယ် . . . ဘယ်လိုလဲဟင်"

သူမက မျက်ခုံးနှစ်ဖက်ကို ပင့်လိုက်ကာ သူမ ရင်ဘတ်ကလေးကို ပုတ်ပြရင်း . . .

"ကျွန်မကို ပန်းချီဆွဲမယ် . . ."

ဟု . . . တအံ့တဩ ပြန်မေးတော့ သူ နားမလည်နိုင်ဖြစ်သွားရသည်။

"ကျွန်တော်ပြောတဲ့ ဒီဆိုင်ကလေးကိုပါ . . ."

"အိုး . . .၊ ကျွန်မ သဘောပေါက်ပြီ၊ ဆွဲနိုင်ပါတယ်ရှင် ခွင့်ပြုပါတယ်၊ ဖေဖေသိရင်လည်း သဘောကျမှာ၊ ဖေဖေက ဒီဆိုင်ကလေးအတွက် အမြဲ ဂုဏ်ယူနေတာလေ၊ သူ့ဆိုင်ကလေးကို ပန်းချီဆရာတစ်ယောက်က စိတ်ဝင်တစားနဲ့ ခွင့်တောင်းပြီး ပန်းချီဆွဲရတယ်ဆိုရင် အမလေး သူ ကျေနပ်လို့ဆုံးမှာ မဟုတ်ဘူး၊ ရှင့် ပန်းချီ ကိုတောင် သူ ပြန်ဝယ်နေဦးမှာ"

သူမ ပြုံးလိုက်သောအခါ ပါးချိုင့်ကလေးနှစ်ဖက် ပါးပြင်မှာ လခြမ်းကွေးကလေးတွေလို ခွက်ဝင်သွားတာကို သူ သတိမထားမိဘဲ မနေနိုင်။ သိပ်ချိုမြတဲ့ မိန်းကလေးဟု အသိအမှတ်ပြုမိပါသည်။ သူ့အတွက်တော့ မိန်းကလေးတစ်ယောက်ဟာ မြင်သူတကာ ငေးမောစွဲလန်းရလောက်အောင် သိပ်လှလွန်းနေဖို့ မလိုပါ။ ချိုမြလန်းဆန်းကာ သွက်လက်သက်ဝင်နေလျှင် စိတ်ဝင်စားဖို့ ကောင်းပြီ . . .။

"ညီမဖေဖေရှိလား၊ သူ့ဆီမှာ ခွင့်တောင်းဖို့ လိုမလားဟင်"


"ဩော် . . . ဖေဖေ အင်္ဂလန်ရောက်နေတယ် . . . ရပါတယ်၊ ကျွန်မ ခွင့်ပြုပါတယ်ရှင်၊ အချိန်မရွေး ကြိုဆိုပါတယ်၊ လိုတာရှိရင်လည်း ပြောပါ၊ ကျွန်မပါဖြတ်လျှောက် မော်ဒယ်လ် လုပ်ပေးရဦးမယ်ဆိုရင်လည်း ပြော၊ ဒါမျိုးဆို ဝါသနာပါပြီးသား၊ ကိုယ့်ပုံကလေး ပန်းချီကားထဲ ပါခွင့်ရ





www.burmeseclassic.com

www.burmeseclassic.com





တယ်ဆိုတာ နည်းတဲ့အခွင့်အရေး မှတ်လို့ နော"

မျက်ခုံးကလေးပင့်ပြကာ ချစ်ခင်စဖွယ် သွက်လက်စွာပြောပါသည်။

"ဒါဆို ကျွန်တော် မနက်ဖြန်ကစပြီး ဆိုင်ရှေ့မှာ လာထိုင်ဆွဲပါရစေနော်၊ လူစည်တဲ့အချိန်ဆို လူလေးတွေပါ ထည့်ဆွဲချင်ပါတယ် 'ရှေးရိုးရာ' ဆိုတဲ့ နာမည်လေးရော ထည့်ခွင့်ရှိရဲ့လား မသိဘူး"

"ထည့်လို့ရပါတယ်၊ တကယ်တော့ အဲဒါ ကျွန်မရဲ့ နာမည်ပါ။ ဒီဆိုင်ကလေးဖွင့်တော့ ကျွန်မရဲ့ နာမည်ကလေးပဲ ပေးလိုက်တာ"

"အင်း ... စောစောကပဲ ကျွန်တော် ထင်လိုက်တယ်၊ ရှေးရိုးရာကိုဆွဲမယ်ဆိုတော့ ညီမလန့်သွားတယ်လေ၊ ကျွန်မကိုလားလို့ မေးတော့ ကျွန်တော် ရိပ်မိသွားတယ်၊ အရမ်းလှတဲ့ နာမည်လေးပဲဗျာ၊ ကျွန်တော့်နာမည် 'အံ့ဩအောင်မြင်'ပါ"

"အို ရှင့်နာမည်လည်း လှလိုက်တာ၊ ရှင် ဒီပန်းချီကားကိုရော ပြပွဲတင်ဖို့လားဟင်"



"ဟုတ်တယ်ဗျ ... ကျွန်တော် ဒီမြို့ကလေးမှာ တစ်လလောက်နေပြီး ပန်းချီကားတွေရသလောက်ဆွဲဖို့ စိတ်ကူးထားတယ်၊ ကျွန်တော့်ကို ပန်းချီဆွဲချင်အောင် ညှို့ထားတဲ့ subjects တွေ အများကြီးပဲဗျ၊ ကား တော်တော်များရင် ပြပွဲတင်မယ်၊ ရောင်းမယ်ပေါ့ ..."

"ကောင်းလိုက်တာ၊ ကိုယ့်ဝါသနာနဲ့ အသက်မွေးဝမ်းကျောင်းမှုနဲ့ တစ်ထပ်တည်းကျတာ ရှင် ကံကောင်းတာပေါ့"

"ညီမကရော ..."

"ကျွန်မလား ... ဝါသနာပါတာက ပန်းချီဆွဲတာ၊ ဓာတ်ပုံရိုက်တာ၊ အခုဖြစ်နေတာက antique dealer လေ၊ ကျွန်မ ကျောင်းပြီးကတည်းက ဖေဖေနဲ့လိုက်ပြီး ပညာသင်ယူတယ်၊ ဒါပေမယ့် ကျွန်မ ပျော်ပါတယ်၊ ဝါသနာလည်း ပါတယ်လေ"

"ကောင်းပါတယ်ဗျာ ... ဒီဆိုင်လေးက လူတိုင်းရဲ့ အာရုံကို ဖမ်းစားနိုင်စွမ်း တကယ်ရှိတာပါ၊ အဲဒါ ညီမရဲ့ အောင်မြင်မှုပေါ့၊ ဒီမြို့ကလေးကို ရောက်လာတဲ့လူတိုင်း ၁၀၀ မှာ ၉၀ က ညီမဆိုင်ကို မဝင်ဘဲ မနေနိုင်ပါဘူး၊ ငယ်ငယ်

www.burmeseclassic.com

ရွယ်ရွယ် မိန်းကလေးတစ်ယောက် ခုလို အောင်မြင်အောင် စွမ်းဆောင်နိုင်တာကို ကျွန်တော် လေးစားပါတယ်"

"လေးစားရင် ငါးလည်းစားရမှာပေါ့ရှင်၊ ရှင့်ကို ဒီမြို့ရဲ့ အကောင်းဆုံး fish and chips လိုက်ကျွေးမယ်၊ နေ့လည်စာပေါ့ . . . ၊ ကျွန်မကို ချီးကျူးတဲ့အတွက် ကျွေးမှာပါ"

"ဟာ . . . တကယ်လား၊ အားနာစရာကြီး၊ ဒါပေမယ့် စားဖို့ ပါးစပ်တော့ ပါ,ပါတယ်"

သူမက သူ့ဟာသကို သဘောကျစွာ ရယ်မောပါသည်။ သူ့အကျင့်က အဲဒီလို . . . ။ ရောက်လေရာအရပ်တိုင်းမှာ မိတ်ဆွေရှာ၊ သူငယ်ချင်းဖွဲ့ရတာကို သူ ပျော်သည်။ သူ့အလုပ်ကလည်း နေရာအနှံ့ လှည့်ပြီးသွားကာ ပန်းချီဆွဲရသောအလုပ်ဆိုတော့ နေရာအနှံ့ မြို့တကာအနှံ့မှာ သူ့ သူငယ်ချင်းတွေ အများကြီးပဲ ရလာတတ်သည်။ သူက ငွေကြေးထက် မိတ်ဆွေသူငယ်ချင်းကို ပိုမက်မောခင်တွယ်သူလည်း ဖြစ်သေးသည်လေ . . . ။

●●●




'ဆုံစည်းရာ' တဲ့ . . . ။ Fish and Chips ဆိုင်ကလေး၏နာမည်ကို သူ သဘောတကျ ပြုံးမိသွားပါသည်။ ဆိုင်အခင်းအကျင်းက သပ်သပ်ရပ်ရပ် ဘိုဆန်ဆန်ကလေး။

"ဒီဆိုင်မှာ ကျွန်မ အမြဲ lunch လာစားနေကျ ကိုအံ့သြရဲ့၊ ဆိုင်ရဲ့စပယ်ရှယ်က ငါးအကောင်လိုက်ကို အသား အပြားလိုက်လွှာပြီး အကြော်မှုန့်နှစ် (butter) စိမ်ပြီး ကြော်ထားတာ . . . ၊ အကြော်မှုန့်အနှစ် အစပ်အဟပ်က အရမ်းကောင်းတော့ ကြွပ်ရွပြီး စားလို့အရမ်းကောင်း၊ အထဲမှာ ငါးအသားကလည်း မာမသွားဘဲ နူးနူးညံ့ညံ့လေးပေါ့၊



www.burmeseclassic.com

www.burmeseclassic.com





အင်္ဂလန်ရဲ့ fish and chips style အတိုင်းပဲ၊ အဲဒါကို အရွက်သုပ် salad တစ်ပွဲနဲ့စားတယ်၊ အာလူးခြေ မွှေထားတဲ့ mashed potatoes လည်း ဒီဆိုင်မှာကောင်းတယ်၊ ပြီးရင် latte ကော်ဖီကလေးကို သကြားတစ်ဇွန်းနဲ့ သောက်တတ်တာ ကျွန်မ အကျင့်ပဲ၊ ရှင့် ဘာစားမလဲ မှာချင်တာမှာနော်၊ ဒီဆိုင်မှာ ပုဇွန်လုံးကြော်လေးတွေ လည်းရတယ်"

"ကျွန်တော် ညီမစားတဲ့အတိုင်းပဲ စားမယ်"

"အိုကေ . . ."

သူမက ခပ်သွက်သွက်မှာလိုက်သည်။ ဆိုင်ကလေးက မှန်ချပ်တွေနှင့် ဖွဲ့စည်းထားတာမို့ အပြင်ဘက်မှာ စည်ကားနေသော မြင်ကွင်းကိုလည်း လှမ်းမြင်နေရပါသည်။

"ကျွန်တော်ညီမနဲ့ခင်ခွင့်ရတာ တကယ်ဝမ်းသာတယ်ဗျ၊ ကျွန်တော်က ရောက်တဲ့အရပ်မှာ သူငယ်ချင်း ရှာတတ်တယ်၊ မြို့ခံနယ်ခံ သူငယ်ချင်းမျိုးရထားတော့ စိတ်ထဲ လုံခြုံနွေးထွေးတယ်လေ"

"ဟုတ်တာပေါ့ရှင် . . . အနည်းဆုံးတော့ ဘိုင်ပြတ်သွားရင်လည်း ပိုက်ဆံချေးလို့ရမှာကိုး"




"ဟား ဟား . . . ခန့်မှန်းချက်က ကွက်တိပါလား၊ တော်လိုက်တာ"

နှစ်ယောက်စလုံး ရယ်မောမိရင်း အလိုလိုခင်မင်သွားခဲ့သည်။ သူမထံမှ လွတ်လပ်ပေါ့ပါးမှုနှင့် သွက်လက်လန်းဆန်းမှုတို့က သူ့ဆီသို့ အလွယ်တကူ ကူးစက်လို့လာခဲ့ပါသည်။ သူ့ ကိုယ်ပိုင်သတ်မှတ်ချက်အရ ပြောရမည်ဆိုလျှင် မိန်းကလေးတွေက တံခါးချပ်တွေနှင့်တူပါသည်။ တချို့တံခါးတွေက ယုံးဝ သော့ခတ်ပိတ်ထားကာ တင်းကျပ်သော လုံခြုံရေးမျိုး ချထားတတ်သည်။ တချို့တံခါးတွေက ပိတ်လည်းမထား . . . စေ့ထားရုံလေး။ ဖွင့်ပြီးဝင်သွားလိုက်လျှင် နွေးထွေးဖော်ရွေသော ကြိုဆိုမှုမျိုးရှိတတ်ကာ ဝင်ရောက်လာသူကို တန်ဖိုးထားစွာ ဂရုတစိုက် ရှိတတ်သည်။ တချို့တံခါးတွေကျတော့ ဗလင်ဟင်းလင်းပွင့်လျက်သား . . .။ ဝင်လာသူကိုလည်း ကြိုဆိုချင်မှ ကြိုဆိုမည်။ အလေးမထား . . . ပေါ့ပေါ့တန်တန် အပျော်သက်သက်မျှသာ။ ရွှေးရိုးရာက အဲဒီတံခါးတွေထဲက ဒုတိယတံခါးမျိုးဖြစ်ပါ၏။

"ကျွန်မကလည်း antiques တွေကို စိတ်ဝင်တစားရှိ

www.burmeseclassic.com





တတ်တဲ့ ပရော်ဖက်ရှင်နယ်လ် ပန်းချီဆရာတစ်ယောက်နဲ့ သူငယ်ချင်းဖြစ်ရတာ ဂုဏ်ယူပါတယ်ရှင်၊ ဒီမြို့ကလေးမှာ လိုအပ်တဲ့ အကူအညီရှိရင်ပြောပါ၊ ကျွန်မ အမြဲ အဆင့်သင့်ပါနော်၊ ရှင်က ရန်ကုန်ကပဲလား"


"ဟုတ်ကဲ့ . . . ကျွန်တော့်လိပ်စာကဒ်လေး ပေးထားမယ်လေ၊ ညီမ ရန်ကုန်ရောက်ရင် လာလည်လို့ရတယ်၊ သူငယ်ချင်းတွေ နယ်အစုံကနေ လာလည်ကြရင် ကျွန်တော့်ဆီမှာပဲ တည်းကြတယ်၊ ကျွန်တော်ကလည်း နေရာအနှံ့ လိုက်ပို့ပေးတယ်"

"လာလည်မှာပေါ့ရှင် . . ."

သူတို့ နေ့လည်စာစားပြီးချိန်မှာ သူမကို ဆိုင်မှာ ပြန်ပို့ပေးခဲ့ပြီး လမ်းခွဲလိုက်ကြသည်။ သူက ဟိုတယ်ပြန်ပြီး နောက်တစ်နေ့ ပန်းချီစ,ဆွဲဖို့အတွက် လိုအပ်တာတွေကို ကြိုတင်ပြင်ဆင်ရပါသည်။ ထုံးစံအတိုင်း သူ ပန်းချီစ,ဆွဲတော့မည်ဆိုလျှင် လူက အလိုလို ပျော်ရွှင်ရင်ခုန်ကာ တက်ကြွထက်သန်နေတတ်တော့သည်။

●●●






မျက်ဝန်းချိုချိုတွေနဲ့
ကိုယ့်ကို မမျှားပါနဲ့ကွယ်
မင်းရဲ့ မျှားတံမှာ
ကိုယ့်နှလုံးသားချိတ်ပါသွားခဲ့ရင်
တစ်သက်လုံး တာဝန်ယူကြေးနော်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ...၂





www.burmeseclassic.com


www.burmeseclassic.com

# အခန်း ... ၂

နောက်တစ်နေ့မှာ သူ ဝီရိယကြီးစွာပင် ရှေးရိုးရာဆိုင်ကလေးရှေ့ ရောက်လာခဲ့ပြီ။ ဆိုင်ရှေ့မှာ သူ အကြိုက်ဆုံး မြင်ကွင်းကိုယူပြီး တစ်နေရာစာ ခင်းကျင်းပြင်ဆင်လိုက်သည်။ ပန်းချီဆွဲမည့် ကင်းဘတ်(စ်)က ထောက်တိုင်ပေါ်မှာ အဆင်သင့်။ ဆီဆေးရောင်စုံ ကျူ(ဘ်)လေးတွေကို စိတ်တိုင်းကျ စီရီလို့ ... စုတ်တံတွေ အဆင်သင့်။ သူ့ရင်ဘတ်ထဲမှ နှလုံးသား၏ ခပ်တိုးတိုးခုန်သံကို သူ ပြန်ကြားနေရပြီ ...။ သူ အဆင်သင့်ဖြစ်နေပြီ ...။

"အို ...၊ အားလုံး အဆင်သင့်ပါပဲလား၊ ကြိုဆိုပါတယ်ရှင် ..."

www.burmeseclassic.com



သူမက လက်ထဲမှာ စတီးလ် travel mug ကလေး ကိုင်လျက် ထွက်လာရင်း လှပချိုမြလွန်းသော အပြုံး ချိုချို ကလေးနှင့် လှမ်းနှုတ်ဆက်ပါသည်။ ဒီနေ့တော့ ချည်သား အပါး အဖြူရောင်ရှပ်အင်္ကျီကလေးကို ခါးမှာ စုထုံးချည်နှောင် ထားလျက် ဂျင်း(န်)ပဲန် မိုးပြာဖျော့ကလေးနှင့် ကြည်လင်စွာ သူမ လှပနေပါသည်။ ကောက်ရိုးအနုစား ဦးထုပ်ကလေးကို ဆောင်းထားသေးသည်။ အင်း . . . သူမ ဦးထုပ်တွေ နှစ်သက်တယ်ထင်ပါရဲ့။ အနားရောက်မှ mug ကလေးကို သူ့ဆီ လှမ်း ပေးရင်း . . .

"latte ဖျော်ထည့်ပေးထားတယ်နော်၊ ပန်းချီဆွဲရင်း ကော်ဖီဆာလာရင် သောက်ရအောင်လို့"

"အလိုက်သိလိုက်တာဗျာ . . . ကျေးဇူးပါ၊ ကျွန်တော် ဟိုတယ်လ်ကနေ ဘာမှတောင် စားမလာခဲ့ဘူး၊ ပန်းချီဆွဲဖို့ စိတ်စောနေတာနဲ့ ဒီနေ့ နေ့လည်စာကို ကျွန်တော် ကျွေးမယ်နော်"

"ကောင်းတဲ့ အစီအစဉ်ပေါ့ရှင် . . .၊ ကဲ ကဲ . . . စ, ဆွဲတော့နော်၊ ကျွန်မ အနှောင့်အယှက် မပေးတော့ဘူး၊ ခဏနေရင် ဆိုင်ထဲမှာ လူကျလာတော့မှာ"

သူမ ဆိုင်ထဲ ပြန်ဝင်သွားခဲ့သည် . . .။ သူ 'ရှေးရိုးရာ'ကို ပန်းချီစ,ဆွဲပါပြီ။ သူ့အာရုံတွေအားလုံး ရှေ့က မြင်ကွင်းကလေးဆီမှာပဲ စီးမျောပျော်ဝင်သွားလျက် . . . ပန်းချီဆွဲခြင်းထဲမှာ သူ စျာန်ဝင်စား နစ်မျောသွားခဲ့သည်။ အချိန်တွေ ဘယ်လောက်ကြာသွားမှန်းပင် သူ မသိတော့။ သူ့ရဲ့ စုတ်ချက်တွေက canvas မျက်နှာပြင်ပေါ်မှာ စနစ်တကျ နှင့် သေသပ်လှပစွာ ပြေးလွှားနေခဲ့သည်။

ဆိုင်ကလေးထဲကနေ သူမ ပြန်ထွက်လာမှပင် သူ ဆွဲလက်စ,ကို ရပ်နားမိသည်။

"အိုး . . . တော်တော်ကလေးတောင် ပုံပေါ်နေပြီပဲ၊ ရှင် တော်လှချည်လား ကိုအံ့ညြ"

"ဟာ . . . ဒါ စုတ်ချက်အကြမ်းကလေးတွေပဲ ရှိပါသေးတယ်၊ fine touch တွေ မဝင်ရသေးဘူး ရိုးရာ"

"ကျွန်မ ဗိုက်ဆာပြီရှင့်၊ နာရီကိုလည်း ကြည့်ပါဦး၊ ရှင် ငြိမ်းနိုးနိုးနဲ့ ဆိုင်ထဲကနေ အသာချောင်းပြီးစောင့်ကြည့် နေတာ၊ နေ့လည် နှစ်ချက်ခွဲသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... ဟုတ်လား အဲဒီလောက်တောင် ကြာသွားသလား၊ ဆောရီး ဆောရီး ... ကျွန်တော်လည်း ခုမှ ဗိုက်ဆာဖို့ သတိရတယ် ... သွားရအောင်လေ"

သူမဆိုင်ထဲမှာ အရောင်းဝန်ထမ်း မိန်းကလေးတွေ ရှိသည်မို့ ဆိုင်ကိုထားခဲ့ဖို့ စိတ်ပူစရာမလို။ သူ ပန်းချီကားနှင့် ပစ္စည်းတွေပါ ဆိုင်အတွင်းခန်းထဲ ခဏအပ်ထားခဲ့ရသည်။

"ဆုံစည်းရာပဲ သွားမယ်မှလား ရိုးရာ ..."

"ဟုတ်ကဲ့ ... ကျွန်မ အဲဒီဆိုင်မှာပဲ နေ့တိုင်းစားနေကျပါ"

"အိုကေ ... ကျွန်တော်လည်း ကြိုက်တယ်၊ ဒီတစ်မျိုးပဲ နေ့တိုင်းစားတာလား ရိုးရာ"

"ဟုတ်ကဲ့ ... ကျွန်မက ဒါဆိုဒါပဲ၊ သိပ်မပြောင်းလဲတတ်ဘူး၊ တစ်မျိုးပဲနော် ..."

"မတစ်မျိုးပါဘူး ... တည်ငြိမ်လေးနက်တဲ့ သဘော ဆောင်တာပေါ့လေ၊ ကျွန်တော်လည်း ဒီအတိုင်းပဲ လိုက်စားမယ် ရိုးရာ"

မနေ့ကအတိုင်းပဲ သူမ မှာလိုက်သည်။ စားစရာ



တွေရောက်မလာခင် သူမကို သူ ခပ်ဆဆကြည့်ရင်း ...

"ကျွန်တော် တစ်ခု ခန့်မှန်းကြည့်မယ်နော်၊ ရိုးရာ ဦးထုပ်လေးတွေ ကြိုက်တတ်ပုံရတယ် ... ဟုတ်လား"

"ဟုတ်ပါ့ ... ကျွန်မက ဦးထုပ်သရဲလေ၊ ရောက်လေရာအရပ်မှာ ဦးထုပ်ဝယ်တယ်၊ ဦးထုပ်တွေ collect လုပ်တယ်၊ ကျွန်မက ဘေးအပြားကြီးကြီးတွေ သိပ်မကြိုက်ဘူး၊ ကောင်းဘွိုင်စတိုင်လ် ဒါပေမယ့် အပြားခပ်သေးသေး လေးတွေကြိုက်တယ်၊ ခပ်မိုက်မိုက်ကလေးတွေပေါ့၊ မိန်းမဆန်ဆန်ကြီးတွေလည်း မကြိုက်လှဘူး၊ အင်္ဂလန်ရောက်ရင် ဟိုမှာက ဦးထုပ်ပေါတော့ ဦးထုပ်တွေချည်းဝယ်တာပဲ"

"တခြား ဘာတွေကြိုက်တတ်သေးလဲ၊ ရိုးရာအကြိုက် ကလေးတွေ ကျွန်တော် သိထားခွင့် ရှိထားချင်လို့ပါ"

"ဟယ် ... အဲဒီလို ပေါ်တင်ကြီးတွေ ပြောပြထားရမှာလား ... ရှက်စရာကြီးတော့"

သူမ၏ အမူအရာကလေးကို သူ အမှတ်တမဲ့ ငေးနဲ ကြည့်မိသွားသည်။ အံ့ဩစရာ ကောင်းလောက်အောင်ပင် သူမမျက်ဝန်းတွေက တဖျပ်ဖျပ် တောက်ပလွန်းကာ လှပ

www.burmeseclassic.com

www.burmeseclassic.com

ရွှန်းစိုလွန်းပါသည်။ ထိုမျက်ဝန်းတွေနှင့် ပါးချိုင့်ခွက်ကလေးတွေ ပိုင်ဆိုင်ထားရုံနှင့်ပင် သူမက မိန်းမချောကလေးတစ်ယောက်အဖြစ် လုံလောက်နေခဲ့ပြီ။ သူလည်း မိန်းမချောများစွာနှင့် ခင်မင်ရင်းနှီးခဲ့ဖူးပါရဲ့ . . .။ အခုလောက် ရင်ဘတ်ထဲမှာ လှုပ်လှုပ်ခတ်ခတ် တစ်ခါမှ မထိခဲ့ဖူးပါ။ သူမက သူ့အတွက် သူများတကာတွေနှင့် မတူဘဲ တစ်နည်းအားဖြင့် သာမန်သမားရိုးကျဆန်မနေဘဲ တစ်မျိုးတစ်ဘာသာ ထူးခြားဆန်းကြယ်လို့နေခဲ့ပါသည်။

"ဒါဖြင့် ကျွန်တော်မေးတာကိုပဲ ရိုးရာဖြေပေးလေ"

"ကဲ . . . မေးပေါ့"

"ရိုးရာ မွေးနေ့ . . ."

"ဇွန်လရှစ်ရက် . . . ရှင်ရော"

"ကျွန်တော်က ဇန်နဝါရီကိုးရက် . . . ရတနာတွေထဲမှာ ရိုးရာဘာကြိုက်လဲ"

"ပုလဲပေါ့ . . ."

"ပန်းထဲမှာရော"

"နှင်းဆီအဖြူ"



"ဒါဆိုရင် အရောင်ထဲမှာ အဖြူရောင်ကို ကြိုက်မယ်ထင်တယ်၊ ကျွန်တော်ပြောတာ မှန်လား"

"မှန်ပါ့ရှင် . . ."

"အစားအသောက်ထဲမှာ Fish and Chips နဲ့ Latte ကို သကြားတစ်ဇွန်းထည့်တာ . . . ဟုတ်လား"

"သြော် . . . တော်တော်တော်တဲ့ကိုကိုတော်ပါလား"

သူမက ချစ်စဖွယ် ပြုံးရယ်နေပါသည်။ သူမနှင့် စကားပြောရလျှင် သူ ဘာကြောင့်မှန်းမသိဘဲ အလိုလို မြူးရွှင်လာတတ်သည်။

"ရုပ်ရှင်ကားထဲမှာရော . . ."

"ကျွန်မလား P.S I Love You ဆိုတဲ့ ကားလေးကို အရမ်းစွဲခဲ့ဖူးတယ်၊ Hilary Swank နဲ့ Gerard Butler ပါတဲ့ Romance ကားကလေးပေါ့၊ ယောကျ်ားတစ်ယောက်ရဲ့ သိပ်ချစ်တတ်ပုံလေးကို ရိုက်ပြသွားတာ၊ အဲဒီဝတ္ထုကိုလည်း ကျွန်မ အရမ်းကြိုက်တယ်၊ cecelia ahern . . . ရေးတာလေ၊ ရုပ်ရှင်ကို ကျွန်မ Blue Ray နဲ့ သိမ်းထားတယ် . . ."

"သီချင်းတွေထဲမှာရော . . ."

www.burmeseclassic.com



"ကျွန်မ Norah Jones ရဲ့ သီချင်းအေးအေးငြိမ့်ငြိမ့်ကလေးတွေနဲ့ သူ့အသံကလေးကို အရမ်းကြိုက်တယ်၊ ကျွန်မရဲ့ i pod လေးထဲမှာ သူ့သီချင်းလေးတွေချည်းပဲ ထည့်ထားတယ် . . ."

"ရေမွှေးရော . . ."

"ဟား ဟား . . . စုံလှချည်လား မေးခွန်းတွေက၊ ရေမွှေးကတော့ တစ်မျိုးတည်းပဲ ကျွန်မ သုံးပါတယ်၊ versace ရဲ့ Crystal Noir ပေါ့၊ အနံ့ကလေးကို ကြိုက်လို့၊ ကဲ . . . ဘာမေးဦးမှာလဲ၊ ကိုအံ့ဩမေးနေတာ မဂ္ဂဇင်းတွေထဲမှာ celeb တွေကိုမေးတဲ့ Pop မေးခွန်း တွေကျနေတာပဲ"

"နှုတ်ခမ်းနီကရော ဘာတံဆိပ်သုံးတတ်လဲ"

"Bobby Brown ပန်းရောင်ဖျော့ကလေးပဲ သုံးတယ်"

"ဖိနပ် size ကရော . . ."

"size ၆ ပါရှင်၊ ကျွန်မက ဖိနပ်တွေတော့ ကြိုက်မြန်တယ်၊ ဒေါက်မြင့်ဖိနပ်ပုံဆန်းဆန်း လှလှကလေးတွေ ကြိုက်တယ် . . . ကဲ . . . ဘာသိချင်သေးလဲရှင်"

"နောက်ဆုံးတစ်ခုပဲ မေးပါတော့မယ်ဗျာ၊ ဘယ်လိုမှ





တော့ မထင်စေချင်ဘူးနော်၊ လူငယ်တစ်ယောက်မို့ လူငယ်တွေ စိတ်ဝင်စားတဲ့ အချစ်နဲ့ပတ်သက်တဲ့ ညီမရဲ့ဒဿနလေး ကျွန်တော်ကြားချင်လို့ပါ"

သူမ မျက်နှာကလေး ဖျတ်ခနဲ ငြိမ်သက်သွားခဲ့တော့ သူတောင် သူ့မေးခွန်း ဘောင်ကျော်သွားပြီလားဟု စိုးရိမ်သွားမိသည်။ ခဏလေးကြာမှ သူမ၏ မျက်နှာလေးဆီမှာ ခပ်ဖွဖွသဲ့သဲ့ အပြုံးနုနုကလေး ထင်လာခဲ့သည်။

"လူတွေမှာ နှစ်မျိုးရှိတယ်ကိုအံ့ဩရဲ့၊ တစ်မျိုးက သူတို့အတွက်ပဲ ဦးစားပေးကြည့်တတ်တယ်၊ ကိုယ်ပျော်ရွှင်ဖို့ ကိုယ်ရဖို့ပဲ၊ သူများကို ပေးဖို့ဆိုတာကို လုံးဝ စိတ်မဝင်စားတတ်သူမျိုးပေါ့နော်၊ ယူသူသက်သက် ဆိုပါတော့၊ အဲဒီလိုလူမျိုးက ချစ်ရင်တောင်မှ သူများဆီက အချစ်ကို ပိုလိုချင်တဲ့သူမျိုးပေါ့၊ ဒုတိယတစ်မျိုးကတော့ သူများအတွက် ဦးစားပေး ကြည့်တတ်သူမျိုးဆိုပါတော့၊ ကိုယ်ကပဲ သူများအတွက် တစ်ခုခု လုပ်ပေးချင်နေတာမျိုးပေါ့၊ သူ့ကို ဘာလေး ပေးလိုက်ရင် သူ ပျော်သွားမလဲ၊ ဘာလေး လုပ်ပေးလိုက်ရင် သူ စိတ်ချမ်းသာသွားမလဲဆိုတဲ့စိတ်မျိုး အမြဲရှိသူပေါ့၊ သူကတော့



www.burmeseclassic.com

www.burmeseclassic.com



ပေးသူသက်သက်၊ အဲဒီလို လူစားမျိုးက ချစ်ရင်တောင်မှ ကိုယ်ကပဲ ပိုချစ်ချင်တာ၊ ပိုပေးချင်နေတတ်တာလေ၊ ကျွန်မက ဒုတိယလူစားမျိုး၊ ပေးဆပ်တာတွေ သိပ်များလွန်းပြီး အဆမတန်လည်း တနင့်တပိုး ရှုံးနိမ့်ခဲ့ဖူးပါတယ်၊ ရှင်းရှင်းပြောရရင် ကျွန်မ အချစ်ကိုကြောက်တယ်၊ ချစ်ရမှာကို ကြောက်သွားခဲ့တာ နှစ်နှစ်လောက်ရှိပြီ"

သူမ၏ မျက်လုံးကလေးတွေ ရုတ်ချည်း နာကျင်ရိပ်ကလေးတွေ ယှက်သမ်းလာကာ ချိုမြိန်လွန်းသော မျက်နှာကလေးတောင် အနည်းငယ် နွမ်းသက်သွားတော့ သူ့မေးခွန်းအတွက် သူ နောင်တရသွားခဲ့ပါသည် . . .။

"ဆောရီးပါ ညီမရယ်၊ ကျွန်တော် မမေးသင့်တဲ့ မေးခွန်း မေးမိပြီ၊ ကျွန်တော့်မေးခွန်းကြောင့် ညီမ နာကျင်သွားခဲ့ တယ်ဆိုရင် ကျွန်တော် တောင်းပန်ပါတယ်နော်၊ မေ့လိုက်ရအောင်ပါ . . ."

"ရပါတယ် . . . ကိုအံ့ညြရဲ့၊ နှစ်နှစ်ဆိုတဲ့အချိန်ဟာ နှလုံးသားဒဏ်ရာတစ်ခုကို အကောင်းပကတိမဟုတ် တောင် အမာရွတ်တွေဘာတွေ ကျန်ရစ်ခဲ့ပြီး သက်သာသွားဖို့



လောက်အထိတော့ လုံလောက်တဲ့ အချိန်တစ်ခုပါ။ ကဲပါ . . . ရှင့်ရဲ့ အချစ်ဒဿနကို ကျွန်မ ပြန်ကြားချင်သေးတာပေါ့ရှင်၊ ဘာရမလဲ . . . အဲဒါမှ တရားမျှတမှာပေါ့"

သူ တစ်ချက်ပြုံးလိုက်မိသည်။


"ကျွန်တော်မှာက အဆင်သင့်ရှိပြီးသားပါဗျာ၊ ကျွန်တော့်ရဲ့ ကိုယ်ပိုင်ဒဿနနော်၊ ဘယ်သူ့ဒဿနမှ မဟုတ်ဘူး၊ ကျွန်တော့်အတွက်တော့ အချစ်ဆိုတာ အနုပညာတစ်ခုပါ။ ချစ်တတ်တဲ့သူက အနုပညာသမားပေါ့၊ အချစ်ခံရတဲ့သူကျတော့ အနုပညာကို သင်ယူလေ့လာသူပေါ့နော်"

သူမ၏ပါးချိုင့်ကလေးထင်းသွားအောင်ပင် သူမ၏ အပြုံးကလေးက တစ်ဖန် အသက်ဝင်တောက်ပလို့ လာခဲ့သည် . . .။

"အားပါး . . . ဒိုင်က အမိစားပါလား ဆရာ၊ ကဲ . . . ဒါဖြင့် အချစ်ကို အလွဲသုံးစားလုပ်တတ်သူကရော့ရှင်"

"အဲဒီလူကျတော့ အနုပညာကို စော်ကားသူပေါ့ ရိုးရာ"

www.burmeseclassic.com



# ကိုယ့်ရင်ဘတ်ရဲ့ တခြားအခြမ်း

"အင်း . . ."

သူမ ဆက်၍ ရယ်မောနေပါတော့သည်။ ပြီးတော့ . . .

"အမှန်အတိုင်း ဝန်ခံရရင် ကျွန်မ အခုလို သဘောကျစွာ မရယ်မောမိခဲ့တာကြာပြီ ကိုအံ့ဩရာ၊ ရှင်က အနုပညာသမားလို့ မပြောရဘူး၊ စကားပြော အရမ်းကောင်းတယ်၊ တော်လ်ကီလန်းတယ်ဆိုရမယ်"


"ရိုးရာကတော့ မျက်ဝန်းတွေ အရမ်းချိုတယ်"

"အိုး . . . ရှင်ပဲပြော"

သူတို့နှစ်ယောက် အတူတူ ရယ်မောမိကြပြန်ပါသည်။ လူတစ်ယောက်ဟာ ကိုယ့်ရင်ဘတ်ရဲ့ တခြားအခြမ်းကို စတင်တွေ့ရှိတဲ့အချိန်ကတည်းက ဆဋ္ဌမအာရုံနဲ့ အလိုလို သိမြင်နားလည်နိုင်ပါသည်ဆိုလျှင် အံ့ဩစရာလား . . .။

●●●






"ရင်ဘတ်ချင်း ကာရံတူတဲ့အခါ
ညှိနှိုင်းရတယ်ဆိုတာ မရှိတော့ပါ။
ကိုယ့်မျက်ဝန်းထဲက ဘာသာစကားတို
သူ့နှလုံးသားနဲ့ ဘာသာပြန်တတ်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ...၃



www.burmeseclassic.com


www.burmeseclassic.com

# အခန်း ... ၃

'ရှေးရိုးရာ' သည် သူ့ရဲ့ ကင်းဘတ်(စ်)ပေါ်မှာ သက်ဝင်ဂန္ထဝင်မြောက်လာဖို့အတွက် သူ တစ်ပတ်တိတိ အချိန်ယူရေးဆွဲခဲ့ရပါသည်။ နေ့တိုင်း သူ 'ရှေးရိုးရာ' သို့ ရောက်လျှင် ရိုးရာက အလွန်အရသာရှိသော ကော်ဖီ တစ်ခွက်နှင့် စွဲမက်ဖွယ်အတိပြီးသော ပါးချိုင့်အပြုံးကလေးနှင့် ပျူငှာစွာ ကြိုဆို လေ့ရှိတတ်ပါသည်။ ထိုတစ်ပတ်အတွင်းမှာ သူနှင့်သူမအကြားရှိ ခင်မင်နွေးထွေးနှစ်လိုမှုများ အံ့သြစရာ ကောင်းလောက်အောင်ပင် လျှင်မြန်ဆန်းကြယ်လွန်းခဲ့သည်။ တိုက်ဆိုင်မှုကလေးတွေကလည်း အများကြီး။ နှစ်ယောက်သား ဆန့်ကျင်ဘက်တွေ သိပ်မရှိဘဲ ဆန္ဒချင်း၊စိတ်ပဓာနထားချင်း၊

www.burmeseclassic.com

www.burmeseclassic.com





အကြိုက်ချင်းတွေလည်း တူညီလွန်းကာ စကားလက်ဆုံကျလို့လည်း အင်မတန်ကောင်းပါသည်။ တစ်ပတ်လုံးလုံး နေ့လည်စာ အတူစားကြသည်။ ခေါင်းစဉ်မျိုးစုံ အကြောင်းအရာမျိုးစုံကို မရိုးနိုင်အောင် ပြောကြသည်။ သူမ ဘာအကြောင်းပဲပြောပြော သူ စိတ်ဝင်စားမိပါသည်။

"ကိုအံ့သြ . . . ညနေဆို sunset တွေဘာတွေ ထိုင်ကြည့်ဖူးလား"

"ကြည့်တာပေါ့ ရိုးရာ၊ ကျွန်တော့်ဟိုတယ်လ် ဘန်ဂလို ကနေ ထိုင်ကြည့်တယ် . . . ဘာဖြစ်လို့လဲ"

"ဪ . . . sunset ကို သေချာပီပီသသမြင်ရတဲ့ နေရာကလေးတစ်နေရာရှိတယ်၊ ကျွန်မ လာခေါ်မယ်၊ ကိုအံ့သြရဲ့ ဟိုတယ်လ်နာမည်နဲ့ အခန်းနံပါတ်သာပြောထား၊ ညနေ ကျွန်မ လာခေါ်ပေးမယ်"

"ဟာ . . . အကြိုက်ပေါ့ ညီမ၊ ကျွန်တော် sunset ကို ပန်းချီတစ်ကားဆွဲချင်သေးတယ်"

"ဆွဲစေရှင် . . ."

သူက ဟိုတယ်လ်နာမည်နှင့် အခန်းနံပါတ်ကို





သူမ၏ လက်ကောက်ဝတ်ကလေးမှာ ရေးပေးလိုက်သည်။ အဲ့ဒါကို သူမက သဘောတကျ။

ထိုညနေမှာ သူမက သူ လုံးဝ မမျှော်လင့်မထားသောနည်းဖြင့် သူ့ကို ဟိုတယ်လ်မှာ လာကြိုခဲ့၏။ တံခါးခေါက်သံကြောင့် သူ တံခါးကိုဖွင့်လိုက်တော့ သူမ . . .။ ဝတ်ထားတာက ကောင်းဘွိုင်စတိုင်လ် . . .။ စီးလာတာက ရှားညိုရောင် ပြောင်လက်နေသော မြင်းတစ်ကောင်။

"ဟာ . . . ညီမက မြင်းနဲ့လာတာလား"

"အင်းလေ . . . အဲဒီနေရာလေးကို မြင်းနဲ့ လိုက်ပို့ပေးမလို့၊ ကိုအံ့သြ မြင်းစီးရဲတယ်မှုလား"

"အာ . . . ကျွန်တော် မလုပ်ရဲတာ ဘာမှမရှိပါဘူး၊ ညီမကို အံ့သြတာ၊ မိန်းကလေး လှလှလေးနဲ့ မြင်းနဲ့ မအပ်စပ်သလိုပဲ"

"ဟောတော် . . . ရှင့် ဘယ်သူပြောတုန်း၊ တော်ဝင်သူတွေ ဘယ်လိုလုပ်မလဲ၊ မြင်းစီးတာကို မသင်မဖြစ် သင်ထားကြရတာ၊ ကဲ . . . လာ . . . တက်၊ sunset က နောက်ကျလို့မဖြစ်ဘူးရှင့်၊ နေလုံးက ကိုယ့်ကို စောင့်မှာ



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး"

မြင်းက သိပ်အမြင့်အထွားကြီး မဟုတ်ဘဲ သာမန် အနေတော်အရွယ်အစားမို့ သိပ်တော့ စိုးရိမ်စရာမရှိပါ။ မြင်း တစ်ကောင်ပေါ်မှာ နှစ်ယောက်တက်စီးရင်း သူမ ခေါ်လာ သော ပင်လယ်ကမ်းခြေ၏ မြင်ကွင်းအကောင်းဆုံးနေရာက လေးဆီ ရောက်လာခဲ့သည်။ တကယ်ကို အသက်ရှူမှား လောက်အောင် လှပလွန်းသော နေရာကလေးပါ။ သူမက မြင်းကို နေရာတကျ သွားချည်ထားခဲ့ပြီး ကျောက်ဆောင်ကမူ ကလေးပေါ်မှာ တက်ထိုင်နေရာယူရင်း လိမ္မော်နီသွေးဖြင့် အစွမ်းကုန် နီစွေးတောက်ပလျက်ရှိသော နေလုံးကြီးကို မက်မက်စက်စက် လှမ်းငေးကြည့်နေပါသည်။ သူ့ကျောပိုး အိတ်ထဲမှ ပန်းချီဆွဲစရာ လက်နက်ကိရိယာ တစ်စုံအပို အမြဲ ဆောင်ထားတတ်သည်မို့ သူမကို သူ ချက်ချင်းပန်းချီဆွဲချင် လာခဲ့မိသည်။

"ညီမကို ကျွန်တော် ခွင့်တောင်းမလို့ . . ."

"ရှင် . . . ပန်းချီဆွဲတော့မယ်မှလား၊ ဆွဲနိုင်ပါတယ် ရှင်"



သူက သူမရယ် ပင်လယ်ရယ် နေလုံးရယ်ပါ အောင် နေရာတစ်နေရာယူလျက် ခပ်သွက်သွက်ကလေး စတင် ရေးဆွဲမိတော့သည်။ နေလုံးကြီး လုံးဝ စုန်းစုန်းမြုပ် ပျောက်ကွယ်သွားချိန်မှာ သူ ပန်းချီရေးလို့ ပြီးစီးသွားခဲ့ပြီ။ ပန်းချီကားလေးရဲ့ အောက်ခြေမှာ 'အံ့သြအောင်မြင်' ဟု သူ့ လက်မှတ်ကလေး ရေးထိုးလိုက်သည်။

"ဒါ . . . ညီမအတွက် အမှတ်တရပါ"

ပန်းချီကားလေးကို သူမဆီ လှမ်းပေးလိုက်ချိန် မှာ သူမ တအံ့တသြ ပျော်ရွှင်သွားခဲ့ပါသည်။

"ဟယ် . . . တကယ်လား ကိုအံ့သြ၊ အိုး . . . ကျွန်မ ပျော်လိုက်တာ၊ မနက်ဖြန် ချက်ချင်း ဘောင်သွင်းပြီး ကျွန်မအခန်းထဲမှာ ချိတ်ထားလိုက်မယ်နော်၊ ကျေးဇူးတင် တာကို စကားလုံးနဲ့တောင် ပြောပြဖို့ မလုံလောက်ဘူး ထင် ပါရဲ့၊ ကျွန်မ ရှင်ဆွဲနေကတည်းက ဒီပန်းချီ ကားလေးကို တိတ်တိတ်ကလေး လိုချင်နေခဲ့မိတာ"

သူမက ဟန်မဆောင်တမ်းပင် ရိုးသားစွာ ဝန်ခံ ပါသည်။ သူမကို သူ ခဏကလေး ငေးခနဲ ကြည့်မိသွားသည့်

www.burmeseclassic.com

www.burmeseclassic.com



တဒင်္ဂမှာ သူ့ ဘယ်ဘက်ရင်အုံက နွေးခနဲ လှိုက်ဖိုသွားတာကို သိသာစွာ ခံစားလိုက်ရသည်။

"ကျွန်တော်က ရိုးရာကို ကျေးဇူးတင်ရမှာပါ။ ဒီလောက် ရင်သပ်ရှုမော လှပလွန်းတဲ့ နေရာကလေးဆီ ခေါ်လာပေးတဲ့အတွက်ရယ်၊ ညီမကို ပန်းချီဆွဲခွင့်ပေးတဲ့ အတွက်ရယ်ပေါ့"

"ဒါဆို အပြန်အလှန်ပေါ့ရှင်၊ ပြန်ကြစို့နော် . . .၊ ကျွန်မ ဆိုင်သိမ်းရဦးမှာ"

"အိုကေ ညီမ . . .၊ အချိန်တွေ ဘယ်လိုကုန်သွားမှန်းတောင် မသိလိုက်ဘူးနော်၊ မြန်လိုက်တာ . . ."

သူမက ပါးချိုင့်ကလေး ပါးလျှလျှပေါ်ရုံသာ ပြုံးပြခဲ့ပါသည်။

●●●






သူ 'ရှေးရိုးရာ'ကို အပြီးသတ်ဆွဲပြီးသည့်နေ့မှာ သူ့အနားသို့ လူတစ်ယောက် ရောက်လို့လာခဲ့သည်။ အရပ်မြင့်မြင့် နွေးထွေးနှစ်လိုဖွယ်အပြုံးနှင့် လှိုက်လှဲဖော်ရွေသော လူတစ်ယောက်။ လူကို မြင်လိုက်ရရုံနှင့် အဲဒါ ရှေးရိုးရာရဲ့ ဖေဖေပဲဟု သူ ချက်ချင်း သိလိုက်နိုင်အောင်ပင် သူမက ဖအေတူသမီးကလေးဖြစ်သည်။

"ကိုယ် မင်းမြတ်ပါ၊ မောင်ရင့်ပန်းချီကားက ကိုယ့်ကို သိပ်ပြီး ဆွဲဆောင်ညို့လွန်းလို့ လာမိတ်ဆက်ရတာပါ။ ကိုယ် မောင်ရင်ပန်းချီဆွဲနေတာကို ဝိုင်းကြည့်နေကြတဲ့ လူအုပ်ကြား

www.burmeseclassic.com





ထဲကနေ အကြာကြီးရပ်ပြီး ငေးကြည့်နေခဲ့သေးတာ၊ ပန်းချီ
လက်ရာကို အကဲခတ်လိုက်ရုံနဲ့တင် ပညာရှင်အဆင့် မသေး
လှဘူးဆိုတာ ခန့်မှန်းလို့ရပါတယ်၊ ဒီကားကို ပြပွဲတင်ရောင်းဖို့
အစီအစဉ်ရှိလား မောင်ရင်"

"ဟုတ်ကဲ့ ဦး . . . ကျွန်တော် ဒီဆိုင်ပိုင်ရှင် 'ရွှေ
ရိုးရာ' ဆီမှာ ခွင့်တောင်းပြီးမှ ဆွဲခဲ့တာပါ။ ပြပွဲတင်ပြီး ရောင်း
ဖို့ ရည်ရွယ်ထားခဲ့ပေမယ့် ဆွဲပြီးသွားချိန်မှာ ရောင်း ပစ်လိုက်ဖို့
နှမြောနေပြန်ရော၊ ကျွန်တော် စိတ်ပြောင်းသွားခဲ့ရင်တော့
Not For Sale လုပ်လိုက်မှာပါ"

"မောင်ရင် ကိုယ့်ကို အချိန်နည်းနည်းပေးနိုင်မလား
ဟင်"

"ရပါတယ်ခင်ဗျာ . . . ကျွန်တော် ဒီကားကို ဒီနေ့ပဲ
လက်စသတ်ပြီးရင် အားပါတယ်"

"ကိုယ်က ပညာရှင်တစ်ယောက်ကို တလေးတစား
ညစာဖိတ်ကျွေးချင်တာပါ။ ဒါ ကိုယ့်ရဲ့ လိပ်စာကဒ်ကလေးပါ
ညနေခြောက်နာရီလောက် ကိုယ် စောင့်နေပါ့မယ် . . . ဖြစ်
မလား"



လိပ်စာကလေးကို ငုံ့ဖတ်လိုက်ချိန်မှာ သူ ရင်ခုန်
သွားခဲ့သည်။ ဒါဟာ ရွှေရိုးရာရဲ့ အိမ်ပဲပေါ့ . . .။

"ဟုတ်ကဲ့ . . . ကျွန်တော်လာခဲ့ပါ့မယ် ဦး"

ရိုးရာဖေဖေက သူ့ကို လက်ဆွဲနှုတ်ဆက်ပြီး ပြုံးပြ
ထွက်ခွာသွားတော့သည်၊ ဆိုင်ထဲသို့ ဝင်သွားခြင်းမဟုတ်၊
ဆိုင်နှင့်ဆန့်ကျင်သော တခြားဘက်သို့ ထွက်ခွာသွားခြင်းဖြစ်
သည်။ ရိုးရာနှင့်ပတ်သက်မှုကို ဘာမှ ပြောပြမသွားသလို
ရွှေရိုးရာဆိုင်၏ ပိုင်ရှင်ဆိုတာလည်း ဖွင့်ဟပြောမသွားခဲ့တာမို့
သူ နည်းနည်းတော့ အံ့သြမိသည်။ နေ့လည်စာ စားချိန်မှာ
သူ ရိုးရာကို မေးလိုက်မိသည်။

"ရိုးရာဖေဖေ ပြန်ရောက်နေလား"

"အင်း . . . မနေ့က ပြန်ရောက်တယ် ကိုအံ့သြရဲ့၊
ဘာ ဖြစ်လို့လဲ . . ."


သူ ရိုးရာကို အံ့သြအောင် လုပ်ချင်စိတ်ကလေး
ပေါ်လာသဖြင့် ခေါင်းခါပြလိုက်သည်။ ညနေကျမှပဲ သူမ၏
အံ့သြသောအပြုံးကလေးကို အမြတ်တနိုး သူ ခံစားတော့မည်။

●●●



www.burmeseclassic.com

www.burmeseclassic.com





ခြံဝန်းကလေးကို မြင်လိုက်ရုံဖြင့် ရှေးဟောင်းလက်ရာတွေဖြင့်သာ စနစ်တကျ ဖန်တီးပြင်ဆင်ထားခဲ့ပြီး သူ့မျက်ဝန်းတွေကို တော်တော်များများက ညှို့ငင်ဆွဲဆောင်ထားပါသည်။ အိမ်ရှေ့မျက်နှာစာရှိ ကြေးနီနှင့် သွန်းလုပ်ထားသောရေပန်းမှုတွေ ဖွာလွင့်နေသော ရောမနတ်သမီးရုပ်တုပတ်လည်မှာ ရေကန်ကလေးရှိသည်။ ဖြူလွှသောစားပွဲခင်း ခင်းထားသည့် စားပွဲပေါ်မှာ နှင်းဆီဖြူ ပန်းအိုးတစ်အိုးနှင့် ဝိုင်ပုလင်းကို ကရားထဲမှာနှစ်လျက် ရေခဲစိမ်ထားသည်။ သူ့ကိုခြံထဲမှာပဲ ဧည့်ခံမယ်ထင်ပါရဲ့ . . .။ အတွေးမှမဆုံးခင် အိမ်တံခါးပွင့်သွားလျက် ဦးမင်းမြတ် ထွက်လာခဲ့ပါသည် . . .။





"ဟော . . . မောင်ရင်က အချိန်တိကျသားပဲ၊ ခြံထဲမှာ အေးအေးဆေးဆေး ဧည့်ခံပါရစေနော်၊ ထိုင်ပါ . . . ဘာသောက်မလဲ၊ ဝိုင်အနီလား . . . အဖြူလား"

"ရပါတယ် ဦး . . . ကျွန်တော် ဘာဖြစ်ဖြစ် သောက်ပါတယ်"

ဦးမင်းမြတ်က သူ့အတွက် ဝိုင်အဖြူကို ကိုယ်တိုင်ငှဲ့ပေးပါသည်။

"ကိုယ့်ကို မောင်ရင်တော့ အံ့ဩနေမလား့ပဲ၊ ကိုယ်က အနုပညာသမားတွေ၊ ပညာရှင်တွေကိုဆို ဟန်မဆောင်နိုင်ဘူး၊ အရမ်းလေးစားတတ်တယ်၊ ဘာကြောင့်လဲဆိုတော့ ကိုယ်မဖန်တီးနိုင်တဲ့ အနုပညာကစ်ခုကို ကိုယ် တအံ့တဩခံစားစေနိုင်အောင် သူက ဖန်တီးနိုင်စွမ်းရှိတာကိုး၊ မောင်ရင်ဆွဲထားတဲ့ ရှေးရိုးရာ ဆီဆေးကားကို ကြည့်မိတော့ ကိုယ်ဘာကို သွားသတိရမိလဲ . . . သိလား၊ Claude Monet ရဲ့ပန်းချီကားလေ၊ မောင်ရင့် ကားမှာ မိုနေးရဲ့ အငွေ့အသက်ကလေးတွေ လွှမ်းခြုံထားသလို ခံစားလိုက်မိတယ်၊ ကိုယ့်အလုပ်က Antique dealer ဆိုတော့ ပန်းချီကား တော်တော်

www.burmeseclassic.com

များများလည်း အရောင်းအဝယ်လုပ်ခဲ့ဖူးတော့ အနုပညာပစ္စည်းတစ်ခုကို မြင်လိုက်တာနဲ့ ဒါ ဘယ်အဆင့်လောက်ရှိသလဲဆိုတာကို အကြမ်းဖျင်းတော့ အာရုံခံနိုင်စွမ်းရှိပါတယ်၊ မောင်ရင့် လက်ရာက classic နဲ့ modern ရောစပ်ထားတဲ့ လက်ရာမျိုး၊ ကိုယ်စွဲမက်တဲ့ taste မျိုးပေါ့"

"ကျေးဇူးပါ ဦး . . ."

ခဏကြာတော့ အဖြူရောင် စားဖိုမှူးဝတ်စုံနှင့် လူတစ်ယောက် စားစရာတွေတင်ထားသော စတီးလ်တွန်းလှည်းကလေးကို တွန်းကာ ထွက်လာပါသည်။ ငွေရောင်အုပ်ဆောင်းတွေ အုပ်ထားသော ကြွေဖြူရောင် ပန်းကန်ပြားချပ်တွေကို စားပွဲပေါ်မှာ စနစ်တကျ ချပေးသည်။ အဖုံးကို ဖွင့်လိုက်တော့ လိမ္မော်ရောင် ငါးအသားတုံးအပေါ်မှာ အနှစ်ကလေးတွေ ဆမ်းထားပြီး ဘေးမှာ အာလူးခြေအမွကို ပုံလှလှဖော်ထားသလို ကညွတ်အချောင်းကလေးတွေ လှလှပပ စီရီပုံဖော်ထားပါသည်။

"ဒါ . . . salmon ငါးကင်၊ ကိုယ် UK ကနေ သယ်လာတာ၊ ကိုယ့်သမီး ကြိုက်လွန်းလို့လေ . . . ဟော သမီးလာပါပြီ"


သူ အိမ်ပေါက်ဝဘက်သို့ ကမန်းကတန်း လှမ်းကြည့်လိုက်မိသည်။ သူ မျှော်လင့်ထားသည်က သူ့ကိုမြင်လျှင် တအံ့တသြ ဝိုင်းစက်သွားမည့် သူမ၏ မျက်ဝန်းလှလှချိုချိုများကိုပါ။ ခုတော့ တအံ့တသြ မျက်ခုံးပင့်ရသူမှာ သူကိုယ်တိုင်သာလျှင် ဖြစ်ရပါသည်။ သူမက အခွေအလိပ် ဆံနွယ်ညိုညိုလှလှတွေ ပခုံးပေါ်မှာ ဝဲဖြန့်ကျစေလျက် အဖြူရောင် ညနေခင်းဝတ်စုံကလေးနှင့် ဒေါက်မြင့်ဖိနပ် ချွန်ချွန်ကလေးဖြင့် တက်ကြွကြော့မော့စွာ လျှောက်လှမ်းလာနေခဲ့သည်။ သူမ ပါးပြင်ပေါ်က ပါးချိုင့်ကလေးတွေဆီမှာ သူ အမှတ်မထင်ကျဆုံးလို့ . . . ။

"အံ့သြသွားလားဟင် ကိုအံ့သြ၊ ကိုအံ့သြကို အံ့သြသွားအောင် surprise လုပ်ချင်လို့ ဖေဖေနဲ့တိုင်ပင်ပြီး စီစဉ်လိုက်တာ"

"ဩော် . . . ဩော်၊ ရိုးရာ အောင်မြင်ပါတယ်ဗျာ၊ ကျွန်တော်က ရိုးရာကို surprise လုပ်ဖို့ စိတ်ကူးလား တာ"

"ဟယ် ဒီလိုလား . . . ဒီလိုဆိုရင် ကျွန်မ

www.burmeseclassic.com



အံ့ဩလိုက် မယ်လေ၊ ဟယ် . . . ကိုအံ့ဩပါလား၊ ဖေဖေနဲ့ ဘယ်လိုသိပြီး ရောက်လာတာလဲဟင် . . . အံ့ဩစရာကြီး"

သူမက ချက်ချင်းပဲ မျက်လုံးကလေးတွေ အဝိုင်းသားလုပ်ကာ ရင်ဘတ်ကလေးကို လက်နှင့်ဖိပြီး တအံ့တဩဟန် တမင်သက်သက်လုပ်ပြတော့ သူ သဘောတကျ ရယ်မိပါသည်။ သူမကို ထူးခြားလှပ်ခတ်သက်ဝင်စေသည်မှာ အဲဒီလို ချစ်စရာ စွဲမက်ဖွယ် သွက်လက်နိုးကြားလွန်းသော အမူအရာကလေးတွေကြောင့်ဖြစ်ပါသည်။

"ဟား ဟား . . . ငါ့သမီးက အကယ်ဒမီရှော့(ခ်)ပါလား၊ မင်း မင်းသမီးသာ လုပ်စားရင် ကမ္ဘာကျော်မှာ"

ညစာဝိုင်းကလေးက နွေးထွေးကာ ဟန်ဆောင်မှုကင်းသော ရယ်သံများဖြင့် သက်ဝင်လို့လာခဲ့သည်။ ဆယ်လ်မွန်ငါးကင်ပြီးတော့ မိန်းဒစ်(ရှ်)အဖြစ် Lobster ကင် နီနီရဲရဲတွေတို့၊ အသီးအရွက်တွေနှင့် လတ်ဆတ်လှပစွာ တန်ဆာဆင်ထားသည်မှာ ဟိုတယ်လ်လက်ရာအတိုင်း၊ စားရင်းသောက်ရင်း သူတို့သုံးယောက်စလုံးမှာ ပြောချင်ရာစကားတွေ အလျှံပယ်။ အကြောင်းအရာတစ်ခုကို တစ်ယောက်က စတင်



လိုက်လျှင် ကျန်နှစ်ယောက်က စိတ်ဝင်တစား လိုက်ပါဆွေးနွေးနိုင်စွမ်းရှိ၏။ တစ်နည်းအားဖြင့် အပေးအယူသင့်မြတ်လှသော စကားဝိုင်းကလေးဖြစ်သည်။ ဦးမင်းမြတ်က သူ့ရဲ့ နိုင်ငံတကာ အတွေ့အကြုံတွေ antique တွေအကြောင်းကို စိတ်ဝင်စားစဖွယ် ပြောပြနိုင်သည်။ သူနှင့်လည်းပန်းချီကားတွေအကြောင်း ထဲထဲဝင်ဝင် ဆွေးနွေးနိုင်သည်။ အချိန်တွေ ဘယ်လိုကုန်သွားမှန်းမသိလိုက်။ ညဆယ်နာရီထိုးသွားမှ သူ ပြန်ဖို့ကောင်းပြီဟု သတိရသည်။


"ကျွန်တော် ပြန်မှထင်တယ် ဦး၊ ဒီနေ့ညကလေးကတော့ ကျွန်တော့်အတွက် မမေ့စရာညကလေးပါ။ ဦးတို့သားအဖနဲ့ ခင်မင်ရင်းနှီးခွင့်ရတာ ကျွန်တော့်အတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်တစ်ခုပါပဲ"

"အံမယ် . . . ကျွန်မပြောဖို့လည်း ချန်ထားပါဦးနော် ကိုအံ့ဩ၊ ပိုက်ဆံဆိုတာ ရှာဖွေလို့ရတယ်၊ မိတ်ဆွေသူငယ်ချင်းကောင်းဆိုတာ ရှာတိုင်းလည်း မတွေ့နိုင်ဘူး၊ တွေ့တိုင်းလည်း အစစ်မဖြစ်နိုင်ဘူး၊ ကိုအံ့ဩကိုတော့ ခုချိန်ထိတော့ ကျွန်မ တကယ် အံ့ဩမိတာပါ၊ စကားပြောဖို့လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com





စိတ်ကူး အတွေးအခေါ် ချင်းလည်း သိပ်ညှိစရာမလိုဘူးလေ၊ ရင်ဘတ်ချင်း ကာလာတူတဲ့အခါ ညှိနှိုင်းရတယ်ဆိုတာ မရှိတော့ဘူး၊ ကိုယ့် မျက်ဝန်းထဲက ဘာသာစကားကို သူ့နှလုံးသားနဲ့ ဘာသာပြန်တတ်ခဲ့တာ . . . ဟုတ်တယ်မှလား ကိုအံ့ဩ၊ ကျွန်မပြောတာ . . ."

သူမပြောပုံကလေးက လှပလွန်းသဖြင့် သူ သူမ ကို ခပ်နက်နက်ကလေးပင် စိုက်ကြည့်မိသွားခဲ့သည်။

"ကိုယ့်သမီးက အရမ်းစကားတတ်တယ် တွေ့လား မောင်ရင်၊ တစ်ခါတစ်ခါ ကိုယ်တောင် သမီးဆီက ပြန် သင်ယူနေရတယ်၊ ခေတ်စကားနဲ့ပြောရရင် ဘာလဲ ဒိုင်တွေ လန်းလွန်းလို့ . . . ဟား ဟား၊ ကဲ ကဲ . . . မောင်ရင့်ကို ခုလို ညစာကျွေးခွင့်ရတာ တရင်းတနှီး စကားတွေပြောခွင့်ရတာ ကိုယ် တကယ်ဝမ်းသာပါတယ်၊ ကိုယ် မောင်ရင့်ဟိုတယ်လ်ကို ပြန်ပို့ပေးမယ်၊ နိုက်နိုက် သမီး . . . ဆွိဒရင်း(မ်) (sweet dream)"

သမီး၏ နဖူးပြင်ဆီ ချစ်စနိုး ဖွဖွနမ်းရှုတ်ဆက်ပြီး ဦးမင်းမြတ်က သူ့ကို ဆိုင်ကယ်လ်နှင့် ဟိုတယ်လ်သို့ ပြန်





ပို့ပေးခဲ့သည်။ လမ်းမှာ စကားတစ်ခွန်းမှ မဆိုမိကြဘဲ နှစ်ယောက်စလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်လာခဲ့သည်။ ဟိုတယ်လ်ရောက်မှပဲ ဦးမင်းမြတ်က သူ့ကို လက်ဆွဲနှုတ်ဆက်ရင်း . . .

"ကိုယ် မောင်ရင့်ကို လေးလေးနက်နက် တောင်းဆိုပါရစေ၊ မောင်ရင့်ရဲ့ 'ရှေးရိုးရာ' ပန်းချီကားကို မောင်ရင်ကြိုက်သလောက် အနုပညာဈေးတစ်ခု သတ်မှတ်လိုက်ပါ၊ ကိုယ် ဝယ်ပါရစေ . . ."

ဟု တလေးတနက်ပြောလာသည်။ သူ့ဘက်က အဲဒီလောက်ကြီး မျှော်လင့်မထားခဲ့မိသလို ဒီစကားအတွက် သိပ်ကြီးလည်း မအံ့ဩမိပါ။ သူ ပြုံး၍ ခေါင်းခါပြလိုက်ပါသည်။

"ဆောရီးပါ ဦး . . . ကျွန်တော် စိတ်ပြောင်းသွားခဲ့လို့ပါ၊ အဲဒီကားက ကျွန်တော့်ရဲ့ (NFS) 'Not For Sale' ဖြစ်သွားပါပြီ"


ဦးမင်းမြတ် မျက်နှာပျက်မသွားခဲ့ပါ။

"အင်းလေ ဒါကတော့ မောင်ရင့် အခွင့်အရေးပဲဆို



www.burmeseclassic.com

www.burmeseclassic.com






တော့ ကိုယ် နားလည်ရမှာပေါ့လေ၊ အဲဒါကို မေ့လိုက်ပါ၊ ဂွတ်ဒ်(နိုက်)ထ် အံ့ဩအောင်မြင်၊ မောင်ရင်က နာမည်နဲ့ တကယ်လိုက်တယ်၊ အံ့ဩဖို့ကောင်းတယ်"

လူတွေကို အံ့ဩအောင် လုပ်တတ်သည့်နေရာမှာ သူလည်း ခေသူမဟုတ်ပါကြောင်း ဦးမင်းမြတ်နှင့် ရိုးရာမေကို သူ သက်သေပြချင်ပါသေးသည်။

●●●






လာနေမယ်လို့လည်း ကတိပေးမထားပါ
ဒါကြောင့်
ဘာမှ ကြိုမျှော်လင့်ပြင်ဆင်မထားစေချင်။
မဖိတ်ခေါ်ဘဲ ရောက်လာမိရင်လည်း
မအံ့ဩစေချင်ပါ။
ဟန်ဆောင်မထားတဲ့ ရိုးသားခြင်းကိုပဲ
အလိုရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ...၄



(၂၀၀)ရုပ်ပြည့်ကျွန်တော်

www.burmeseclassic.com

# အခန်း ... ၄


ပန်းချီကားချပ်ကြီးကို စနစ်တကျထုပ်ပိုးပြီး ဖဲပွင့်ခပ်ကြီးကြီးတပ်လိုက်သည်။ ကဒ်ကလေးပေါ်မှာ . . .

"တန်ဖိုးဆိုတာ ဖြတ်သူတွေရဲ့ စံအပေါ်မှာပဲမူတည်ပါတယ်၊ ကိုယ် ဒီကားကို တန်ဖိုးမဖြတ်နိုင်ပါဘူး၊ ဒါကြောင့် ရှေးရိုးရာအတွက် အမှတ်တရလက်ဆောင် အဖြစ် ပို့ပေးလိုက်မိပါတယ်"

မင်းကို အံ့သြစေချင်တဲ့

အံ့သြအောင်မြင့် . . .

www.burmeseclassic.com



ထိုပန်းချီကားထုပ်ကြီးကို သူမအိမ်အထိ မြင်းလှည်းငှားသွားခဲ့ပြီး မြင်းလှည်းသမားကို သွားပို့ခိုင်းခဲ့သည်။ အချိန်က သူမရှိနေမည့် ညအချိန်ဖြစ်သည်။ အံ့ဩထူးဆန်းဖွယ်ကောင်းသည်မှာ ဒီပန်းချီကားအတွက် သူ့စိတ်ထဲမှာ နှမြောတသနှင့် နှောင်တစိတ်မျိုး လုံးဝ ပေါ်မလာခဲ့ဘဲ ထိုက်တန်သူတစ်ယောက်ကို ထိုက်ထိုက်တန်တန်ပေးလိုက်ရသလို ကျေနပ်ပီတိကလေးနှင့် နွေးအုံနေခဲ့ရုံကလေးဖြစ်သည်။

ဟိုတယ်လ်ပြန်ရောက်ချိန်မှာ ပန်းချီကားထုပ်ကို ဖွင့်ရင်း အံ့ဩဝမ်းမြောက်သွားမည့် သူမ၏ မျက်နှာကလေးကို ရုပ်ရှင်ပြကွက်တစ်ခုလို သူ မြင်ယောင်နေခဲ့မိသည်။ ချက်ချင်းပဲ သူ့ဖုန်းမြည်သံ ထွက်ပေါ်လာပါသည်။

"ဟယ်လို . . ."

"ကိုအံ့ဩလားဟင်၊ ကျွန်မ ဆွံ့အသွားမိတယ် သိလား၊ အဲဒီပန်းချီကားကြီးကို မြင်လိုက်ရတော့ ကျွန်မတကယ် ရှော့(ခ်)ရသွားခဲ့တယ်၊ ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲဟင်၊ ကျွန်မတောင် မတောင်းရက်တဲ့ ဒီလောက်တန်ဖိုးရှိတဲ့ အရာတစ်ခုကို ဘာဖြစ်လို့ မတောင်းဘဲ ပေးခဲ့ရတာလဲဟင် . . . တကယ်ပြောတာ ကျွန်မရင်ထဲ တစ်ခါမှ ခုလောက် လျှောင်လှုပ်သလို လှုပ်လှုပ်ခတ်ခတ် မဖြစ်ခဲ့ဖူးဘူး၊ ဘယ်လိုစကားလုံးမျိုး ရွေးချယ်ရမယ်ဆိုတာတောင် ရှာမတွေ့တော့ဘူး၊ ကျွန်မကို ရှင် တကယ် အံ့ဩအောင် လုပ်နိုင်ပါတယ် ကိုအံ့ဩ"




သူမ အသံလှိုင်းထဲက လှုပ်ခါမှုကို သူ့နားက တဆင့် ခံစားလို့ရနေပါသည်။

"တောင်းမှပေးရတာထက် မတောင်းပဲ ပေးရတဲ့အရာက ပိုပြီး စိတ်လှုပ်ရှားစရာ မကောင်းဘူးလား ရိုးရာ၊ ဒီအရာဟာ ညီမ မလိုချင်တဲ့အရာ မတုတ်ဘူး၊ ညီမ ဘယ်လောက် တန်ဖိုးထားမက်မောမယ်ဆိုတာကို ညီမ ဖွင့်မပြောပြပေမယ့် ညီမနဲ့ခင်မင်ခွင့်ရတဲ့ ဒီတစ်ပတ်ကျော်ကျော်အတွင်းမှာ ညီမရဲ့စိတ်နဲ့ ညီမဘာကို တန်ဖိုးထားသလဲဆိုတာကိုယ် အကဲခတ်လို့ရခဲ့ပြီးသားလေ၊ စကားတွေအများကြီးပြောပြဖို့ မလိုပါဘူး၊ အဓိက,က စိတ်ရဲ့ လေးနက်ဝင်စားပျော်ဝင်မှုပဲ လိုတာပါ"

www.burmeseclassic.com

www.burmeseclassic.com





"ရှင်က အရမ်းအံ့ဩဖို့ကောင်းတယ် ကိုအံ့ဩ၊ ကျွန်မလေ ပြောသင့်သလား မပြောသင့်သလားဆိုတာ မစဉ်းစားတော့ဘဲ အခုအချိန်မှာ ကျွန်မ အပြောချင်ဆုံးစကား တစ်ခွန်းကို ပြောလိုက်ချင်တယ် . . . သိလား ကိုအံ့ဩ၊ အချိန်တွေကိုသာ ဝါကယ် နောက်ပြန်ဆုတ်လို့ရမယ် ဆိုရင်လေ ကျွန်မ နှစ်နှစ်လောက်ပဲ နောက်ပြန်ဆုတ်ချင်ပါတယ်၊ ၂၀၁၀ ကို ကျွန်မ ခဏပြန်သွားလိုက်ချင်တယ်၊ လုပ်မိတော့မယ့် အမှားတစ်ခုကို ပြင်ဆင်ခွင့် ရချင်လို့ပါ"

သူမအသံက စိတ်ခံစားမှုများစွာဖြင့် လှိုင်းထန်တုန်ရင်လို့နေခဲ့သည်။

"ရိုးရာ . . . မနက်ဖြန် ကျွန်တော်တို့ တွေ့ကြရအောင်၊ အဲဒီ ၂၀၁၀ မှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက် အကြောင်း အရာလေးတွေ ရိုးရာ ကျွန်တော့်ကို ပြောပြပါလားဟင်၊ ကျွန်တော် ရိုးရာနဲ့ မျှဝေခံစားကြည့်ချင်လို့ပါ"

"တကယ်လားဟင် ကိုအံ့ဩ . . .၊ ဟုတ်တယ် . . . ကျွန်မ တစ်ယောက်ယောက်ဆီမှာ ရင်ဖွင့်ချင်ခဲ့တာကြာပြီ၊ ဘယ်သူ့ကိုမှ ကျွန်မ ရင်မဖွင့်နိုင်ခဲ့ဘူး၊ ရင်ထဲမှာ ဒဏ်ရာတွေနဲ့ ပြည့်ကြပ်နေတယ်၊ ဒဏ်ရာတွေ ကျက်လောက်ပြီလို့ ထင်ထားမိပေမယ့် တစ်ခါတစ်ခါ မယုံနိုင်လောက်အောင် သွေးစိမ်းရှင်ရှင်တွေ ပန်းထွက်ပြီး နာကျင်နေတုန်းပဲ၊ ကိုအံ့ဩကို ကျွန်မ ယုံကြည်လိုက်မိပြန်ပြီ၊ ကျွန်မကိုက အယုံလွယ်လွန်းသူတစ်ယောက်ပဲဖြစ်လိမ့်မယ်"

"ကျွန်တော့်ကို ယုံပါ ညီမရယ်၊ ယုံကြည်မှုကို အလွဲသုံးစား မလုပ်တတ်တဲ့သူပါ။ ကျွန်တော် သက်သေပြခွင့်ရချင်ပါတယ်"

"ထားပါတော့လေ . . . မနက်ဖြန် sunset ကြည့်တဲ့ နေရာကလေးကို လာခဲ့လေ၊ မနက်ဆယ်နာရီဆို ကျွန်မရောက်မယ်"

"ကျွန်တော် စောင့်နေပါ့မယ် ရိုးရာ၊ ကျွန်တော် ညီမ ပျော်ရွှင်နေတာကိုပဲ မြင်ချင်တယ်နော်"

"ဟုတ် . . . ကျွန်မ အရမ်းပျော်ပါတယ်"

သူမ ဖုန်းချသွားခဲ့ပြီ . . .။ သူ့ရင်ထဲမှာ ကြည်နူးပီတိနှင့် ကရုဏာစိတ်တွေ ရောထွေးလှည့်ပတ်လို့နေခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

သူ သူမကို အရူးအမူး ချစ်မြတ်နိုးနေခဲ့မိပြီဆိုသော စကားနှင့် မလုံလောက်ပါ။ ဒီ့ထက် လေးနက်သေချာသော စကားလုံးတွေ သူ ရှာဖွေပြောပြချင်လိုက်တာ။

●●●




ထိုနေရာကလေးက sunset ကြည့်သော နေရာကလေး ပီသစွာ ကြည်နူးတိမ်းညွတ်ဖွယ် ခံစားချက်တွေ ထိလွယ်ခတ်လွယ်အောင် ဆွဲဆောင်နိုင်လွန်းသော နေရာကလေး ဖြစ်သည်။ သူမ၏ မျက်နှာလေးက ခါတိုင်းလို ကြည်လင်ချိုမြမနေဘဲ အနည်းငယ် မှိုင်းပျန္ဒမ်းလျရိပ် စွက်လို့နေခဲ့သည်။

"ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာ ဒဏ်ရာအနာတရ တစ်ခုကို ကိုအံ့ဩကို ပွင့်ပွင့်လင်းလင်း ပြောပြထားဖို့ ကျွန်မဘာကြောင့် စိတ်ကူးမိသလဲမသိဘူး . . . သိလား ကိုအံ့ဩ၊ ကျွန်မအထင်တော့ ကိုအံ့ဩ ပို့ပေးလိုက်တဲ့ ပန်းချီကားလက်ဆောင်ကြောင့်ပဲ ဖြစ်လိမ့်မယ်၊ အနုပညာသမား တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်က သူ တန်ဖိုးအထားဆုံး အရာတစ်ခုကို ကျွန်မဆီ ရက်ရက်ရောရော ပေးခဲ့ပြီ ဆိုကတည်းက သူ့ရဲ့စိတ်ထဲမှာ ဘယ်လောက် နက်နဲမှု ရှိသလဲဆိုတာ ကျွန်မ ခံစားမိပါတယ်၊ စကားလုံးတွေက အင်္ဂပေါ်ယံအလှတွေပါ ကိုအုံသြ၊ လေးနက်နက်ရှိုင်းတဲ့ အပြုအမူတွေကသာ နှလုံးသားမှာ အမြစ်တွယ်စေတာပါ။ ကျွန်မ စကားလုံးလှလှလေးတွေ ချိုချိုကလေးတွေထဲမှာ ဘဝတစ်ခုလုံး ပုံပေးလိုက်ချင် လောက်အောင် သာယာခဲ့ဖူးပါတယ်"

သူမ၏ မျက်ဝန်းတွေက သူ့ကိုကြည့်မနေဘဲ ဟိုးအဝေးကြီးဆီ လှမ်းကြည့်နေခဲ့သည်။ သူ့ဆီက ထောက်ပေးသော စကားသံတွေနှင့် သူမကို အနှောင့်အယှက်မပေးချင်သောကြောင့် သူ ငြိမ်သက်စွာပဲ နားထောင်နေလိုက်ပါသည်။

"ကိုအုံသြ တစ်ယောက်ယောက်ကို ယုံကြည် ပျော်ဝင်စွာ နဲ့ ချစ်ခဲ့ဖူးသလားဟင် . . ."

ထိုမေးခွန်းကိုတော့ သူ့မျက်ဝန်းတွေထဲ တည့်တည့်စိုက်ကြည့်ပြီး မေးခဲ့ပါသည်။ ထိုမေးခွန်းအတွက် အဖြေကို သူ စဉ်းစားစရာတောင်မလိုဘဲ ခပ်သွက်သွက်ပင် ဖြေလိုက်



ပါသည်။

"ဟင့်အင်း ညီမ၊ ကျွန်တော် တစ်ခါမှ မချစ်ဖူးသေးဘူး"

"အိုဧော . . . ယုံလိုက်ပါ့မယ်၊ ကျွန်မ လူတစ်ယောက်ကို ယုံယုံကြည်ကြည် ချစ်ခဲ့ဖူးတယ်၊ ကျွန်မရဲ့ ပထမဆုံး အချစ်ဦးပေါ့၊ သူက ဒီမြို့ကပဲ၊ ဒါပေမယ့် ရန်ကုန်မှာ ကျောင်းသွားတက်တယ်၊ နွေရာသီ ကျောင်းပိတ်ရက်ဆို ပြန်လာတတ်တယ်၊ သူက ရုပ်ချော၊ သဘောကောင်း၊ မနောကောင်း၊ အပြောကောင်းတစ်ယောက် ဆိုပါတော့၊ ရယ်လိုက်ရင် ပါးချိုင့်ရှည်ကလေးတွေနဲ့ မျက်နှာအရမ်းချိုတယ်၊ အထာလည်း အရမ်းနပ်တယ်၊ အလိုက်လည်း အရမ်းသိတယ်၊ ကျွန်မမျက်နှာကို ပြဋ္ဌာန်းစာအုပ်တစ်အုပ်လို အရိပ်ကြည့်အလွတ်ကျက်နေတတ်တဲ့ လူစားမျိုး . . . ၊ ကျွန်မလေ သူ့ကို အရူးအမူး ဆိုတာထက် ပိုပါတယ်၊ ရတနာ တစ်ပါးလိုကို မက်မောလွန်းခဲ့တာပါ၊ ဘာ အပြစ်အနာအဆာမှ မမြင်နိုင်ခဲ့ဘူး၊ သံသယကလေးတောင် မရှိခဲ့မိပါဘူး၊ သူပြောသမျှ တစ်ခွန်းမကျန် အားလုံး ယုံခဲ့မိတာ၊ ကျွန်မတို့ချစ်သူသက်တမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ပြည့်တဲ့နေ့ ၂၀၁၀ ဖေဖော်ဝါရီ (၁၄)ရက်မှာ လက်ထပ်ကြဖို့ သူက တောင်းဆိုတယ်၊ ကျွန်မလည်း သဘောတူလိုက်ပါတယ်၊ သူ့ကို ပိုင်ဆိုင်ချင်ပြီကိုး၊ သူဟာလေ အရမ်းပီရိတယ် . . . ဟန်ဆောင်ကောင်းတယ်၊ တစ်ချိန်လုံး ကျွန်မကို အချိုသတ်ပြီး လိမ်လည်လှည့်စားနေလိမ့်မယ်ဆိုတာ ယောင်လို့တောင် ကျွန်မ မတွေးခဲ့မိတာပါ။ တစ်ခါတစ်လေ ကျွန်မ စိတ်ရူးပေါက်မိတယ် သိလား၊ ကျွန်မဆိုင်ထဲက ကိုအံ့သြ အရမ်းနှစ်သက်တဲ့ time machine နာရီကလေး တကယ် အသက်ဝင်လာခဲ့ရင် သိပ်ကောင်းမှာပဲလို့၊ ကျွန်မ လေးလေးနက်နက် သေချာဆုတောင်းပြီး အဲဒီ နာရီကလေးနဲ့ ၂၀၁၀ အချိန်ဆီ time travel ပြန်သွားလိုက်ချင်တယ်၊ စိတ်ကူးယဉ် ဆန်လွန်းပေမယ့် ကျွန်မ အရမ်းကို ဆန္ဒပြင်းပြမိတယ် သိလား၊ အဲဒီအချိန်ကို ပြန်သွားပြီး အဲဒီ အမှားကို ပြင် ဆင်ခွင့်ရလိုက်ချင်လို့ပါ"


သူ အရမ်းသိချင်လာခဲ့မိပြီ။ သူမကိုသာ မျက်တောင်မခတ်စတမ်း စိုက်ငေးကြည့်နေမိသည်။

"မင်္ဂလာပွဲကို မြို့လယ်က hotel ရဲ့ pool side မှာလုပ်ဖို့ ကျွန်မတို့ စီစဉ်ထားခဲ့တယ်၊ ဒီမြို့မှာ ဖေဖေရော ကျွန်မပါ လူချစ်လူခင် အရမ်းများသလို သူ့ဘက်ကလည်း မိတ်အရမ်းပေါတယ်၊ တကယ့်ကို စည်စည်ကားကား ခမ်းခမ်းနားနား မင်္ဂလာပွဲတစ်ခုဖြစ်အောင် ကျွန်မ တက်တက်ကြွကြွ စီစဉ်နေခဲ့မိတာပါ။ သူကလည်း ကျွန်မ အလိုကျ ကျွန်မ စိတ်တိုင်းကျ ဘာတစ်ခုမှ လိုလေသေး မရှိစေခဲ့ပါဘူး . . . အလိုလိုက်ခဲ့တာ၊ မင်္ဂလာပွဲနေ့မှာ မင်္ဂလာပွဲနေ့မှာ . . ."

သူမ ရုတ်တရက် စကားမဆက်နိုင်တော့။ လည်ချောင်းဝဆီ အလုံးတစ်ခု ဆို့တက်လာခဲ့သလို လည်ချောင်းကို လက်နှင့်ဖိညှစ်ပွတ်သပ်နေရင်း သူမမျက်ဝန်းတွေထဲ မိုးတွေသည်းထန်သွားခဲ့သည်။ သူမ နာနာကျင်ကျင် ရှိုက်၍ငိုပါသည်။ သူ ရုတ်တရက် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ပျာသွား၏။ သူမ၏ နာကျင်မှုက သူ့ရင်ထဲသို့ တန်းတန်းမတ်မတ် ကူးစက်ဝင်ရောက်လာခဲ့ပါသည်။ သူ့ကိုယ်သူ မထိန်းချုပ်နိုင်ခင်မှာပဲ သူမအတွက် သူ့ရင်ခွင်ကို ဖွင့်ထားပေးလိုက်မိတော့၏။ သူမ အလိုက်သင့် ပြိုဆင်းလာခဲ့သည်။

"ဧည့်ပရိသတ်တွေကြားမှာ ကျွန်မနဲ့သူ လက်ချင်းတွဲ

www.burmeseclassic.com



ပြီး ပျော်ရွှင်ကြည်နူးနေခဲ့တဲ့အချိန်မှာ မိန်းကလေး တစ်ယောက် ပေါ်လာခဲ့တာ၊ အဲဒီမိန်းကလေးကလေ လက်ထဲမှာ သက်သေခံ လက်ထပ်စာချုပ်အပြည့်အစုံနဲ့ သူမ သာလျှင် တရားဝင် ဇနီးတစ်ယောက်ဖြစ်တဲ့အကြောင်း ကျွန်မတို့ နှစ်ယောက်ရှေ့မှာ လာပြောသွားခဲ့တာ၊ အဲဒီ မြင်ကွင်းကို ကျွန်မ ဒီနေ့ထက်ထိ ဘယ်လိုမှ မေ့ပျောက်လို့မရနိုင်ခဲ့ဘူး၊ ကျွန်မလေ နာကျင်လွန်းလို့ ရှက်လွန်းလို့ . . . သတိပါလစ်သွားခဲ့တာ၊ အဲဒီအချိန်ကတည်းက ကျွန်မသတိပြန်မရခဲ့ရင် သိပ်ကောင်းမှာပဲ ကိုအံ့ညြရယ်၊ ကျွန်မထက်အရင် အဲဒီမိန်းကလေးနဲ့ ရန်ကုန်မှာ လက်ထပ်ထားခဲ့ပြီးသား၊ ကိုယ် ယုံကြည်စိတ်ချစွာ ပုံအပ်ချစ်ခဲ့မိတဲ့ချစ်သူက နောက်ကျောကို ဓားနဲ့တဆုံး ထိုးစိုက်တာကို ခံခဲ့ရပြီးတဲ့နောက် ကျွန်မ ဘယ်သူ့ကို ယုံကြည်လို့ ရတော့မလဲ၊ ဟင့်အင်း . . . ကျွန်မ ဘယ်သူ့ကိုမှ မယုံရဲတော့တာပါ"

ထိုအချိန်မှာတော့ သူမက သတိပြန်ဝင်လာသလို သူ့ရင်ခွင်ဆီကနေခွာပြီး မတ်မတ်ရပ်နိုင်ခဲ့ပြီ . . .။

"ကျွန်မ လူတစ်ယောက်ကို ထပ်ချစ်ရမှာ သိပ်ကြောက်သွားခဲ့ပြီ၊ အဲဒီလူကို ယုံယုံကြည်ကြည်လက်ထပ်ဖို့ဆိုတာ ကျွန်မအတွက် ဘယ်လိုမှ သတ္တိမရှိတော့ဘူး၊ အဲဒါတွေ ကျွန်မ ရှင့်ကို ကြိုပြောပြထားချင်မိတယ် . . . ဘာကြောင့်မှန်း မသိဘူး၊ ကျွန်မ သိပ်ကြောက်တယ် ကိုအံ့ညြ"

သူမ၏ မျက်ဝန်းတွေက တကယ်ပဲ ဒဏ်ရာ ရထားသူလို . . .။ သူမကို သူ ဘယ်လိုစကားလုံးမျိုးနှင့် နှစ်သိမ့်ရမလဲ။ သူ စကားလုံးရှာမတွေ့ပါ။

"ဒီလိုလုပ်ရအောင် . . . ကျွန်တော် ညီမရဲ့စိတ်ကို ကုစားကြည့်ချင်တယ်၊ ၂၀၁၀ ဆီ ကျွန်တော်တို့ ခဏ ပြန်သွားရအောင်၊ မကောင်းဘူးလားဟင်၊ ညီမနဲ့အတူ ကျွန်တော်ပါ လိုက်ခဲ့မယ်လေ၊ ၂၀၁၀ ဖေဖော်ဝါရီ (၁၄) ရက်မှာ ဖြစ်ခဲ့တဲ့ မင်္ဂလာပွဲကို မဖြစ်အောင် ကျွန်တော် ဝင်ဖျက်ပေးမယ်လေ၊ ညီမရဲ့ မှတ်ဉာဏ် (memory) ထဲကနေ အဲဒီနေ့ရက်တွေ လုံးဝမရှိတော့အောင် ပျောက်ကွယ်သွားအောင် မေ့လျော့သွားအောင် ညီမကို ကျွန်တော် brainwash လုပ်ပေးလိုက်ချင်တယ်၊ အဲဒါဆိုရင် ညီမ ဒဏ်ရာတွေ မရှိတော့ဘူး၊ လူတစ်ယောက်ကို ယုံကြည်ဖို့ ကြောက်ရွံ့နေတဲ့ ညီမရဲ့စိတ်တွေ ပုံမှန် ပကတိ





www.burmeseclassic.com

www.burmeseclassic.com

ပြန်ဖြစ်သွားအောင် ကိုယ်လုပ်ပေးချင်တယ် ညီမရယ်၊ ဒါ ကျွန်တော့်ရင်ထဲက ပြင်းပြင်း ပြပြ ဖြစ်လာတဲ့ ဆန္ဒတစ်ခုပါ"

သူ့စကားကို သူမ သဘောကျစွာပြုံးဖို့ အတော် အားထုတ်ယူရပါသည်။

"အဲဒီလိုဆို သိပ်ကောင်းမှာပဲ ကိုအံ့ဩရယ်၊ လူတွေက ပြောတတ်တယ်၊ ဖြစ်ပြီးခဲ့တာတွေကို မေ့မေ့ပျောက်ပျောက် ထားလိုက်တဲ့၊ အဲဒီ အဖြစ်အပျက်တွေ မဖြစ်ခဲ့ဘူးလို့ ကိုယ့်စိတ်ကို ဖြားယောင်းထားလိုက်တဲ့၊ ကိုအံ့ဩပြောသလို brainwash လုပ်လိုက်လို့ တကယ်ပဲ အဲဒီအဖြစ်အပျက်တွေ ပျောက်ကွယ်သွားမလားဟင်၊ အဲဒါဆိုရင် တကယ်ပဲ ဖြစ်ချင်ပါတယ် . . ."

သူမက လှိုက်လှိုက်လှဲလှဲပင် တမ်းတပါသည်။

"ဖြစ်ချင်တဲ့စိတ် တကယ်ပြင်းပြရင် ဖြစ်နိုင်ပါတယ် ရီးရာ၊ ကျွန်တော်တို့ ကြိုးစားကြည့်ရအောင်"

သူမက သူ့ကို မော့ကြည့်ပြီး ပြုံးပြပါသည်။ ပြီးတော့ သူ့လက်ထဲသို့ ပါကင်လှလှ ထုပ်ပိုးထားသော လက်ဆောင်ထုပ်ကလေးတစ်ခု ကမ်းပေးလိုက်သည်။



"hotel ပြန်ရောက်မှ ဖွင့်ကြည့်နော်၊ ကျွန်မဆီမှာ အပြစ်အနာအဆာတစ်ခု ရှိနေခဲ့ပါတယ်ဆိုတာကို ကိုအံ့ဩ သိအောင် ပွင့်ပွင့်လင်းလင်း ဖွင့်ဟဝန်ခံခွင့် ရလိုက်လို့ ကျွန်မရင်ထဲ ပေါ့သွားပါတယ်၊ ကျန်တဲ့ကဏ္ဍက ကိုအံ့ဩရဲ့ ကဏ္ဍပါ၊ ကျွန်မစိတ်ထဲ သိပ်ပြောပြချင် လာတာနဲ့ ပြောပြလိုက်မိတာ၊ တခြား ဘာရည်ရွယ်ချက်မှ မရှိပါဘူးနော်"


"ကျွန်တော် နားလည်ပါတယ် ရီးရာ၊ ညီမရဲ့ အတိတ်က အနာအဆာကို သိခွင့်ရလိုက်ပြီးတဲ့နောက်မှာလည်း ကျွန်တော့်ရင်ထဲက သေချာခိုင်မာပြီးသားဆန္ဒတစ်ခုက အားလျော့မသွားပါဘူး၊ ပိုလို့တောင် အရှိန်ပြင်းပြလာပါသေးတယ်၊ ကျွန်တော် ညီမရဲ့အတိတ်ကို တကယ် ပြင်ဆင်ပေးချင်ပါတယ်၊ ဒီလောက် အပြစ်ကင်းစင်တဲ့ မိန်းကလေးတစ်ယောက်အတွက် ဒီလောက် ရက်စက်ဆိုးယုတ်တဲ့ လှည့်စားမှုနဲ့ မထိုက်တန်ပါဘူး . . . ညီမကို ကျွန်တော် ကာကွယ်ပေးခွင့် ရချင်တယ်၊ အဲဒါ ကျွန်တော့်ရဲ့ တကယ့်ရင်ထဲက စေတနာပါ . . ."

သူမက ခေါင်းတစ်ချက်ညိတ်ပြ၏၊ ပြီးတော့ တိုး



www.burmeseclassic.com

www.burmeseclassic.com




တိုးဖွဖွကလေး ပြောပါသည်။

“ကျွန်မ ယုံချင်ပါတယ် ...”

တဲ့ ...။

●●●





ဒဏ်ရာဆိုတာ ပေးပြီးရင်
အနာရွတ်ကျန်တတ်တယ်
ဒါကြောင့်
ကိုယ်ချစ်တဲ့သူကို မပေးခင်
အရင်စဉ်းစားသင့်ပါတယ်။


(၂၀၀)အုပ်ပြည့် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ...၅



(၂၀၀)ချပ်ပြည့် အမှတ်တရ



www.burmeseclassic.com


www.burmeseclassic.com

# အခန်း ... ၅

ပါကင်ထုပ်ကလေးထဲက သူမ၏ လက်ဆောင်ကလေးကို မြင်လိုက်ရချိန်မှာ သူ တကယ် ရှော့(ခ်)ရသွားခဲ့ပါသည်။ ရုတ်တရက် အသက်မရှူမိ။ time machine clock ကလေးက သူ့ကို အသက်မရှူနိုင်အောက်ပင် ညှို့ယူဖမ်းစားထားသည်။ သူ သိပ်လိုချင်မက်မောနေခဲ့မိတဲ့ နာရီကလေး . . .။ ကြည့်စမ်း . . . သူမ သူ့ကို အံ့သြအောင် ဖမ်းစားနိုင်ခဲ့ပြန် ပြီ။ ကဒ်ကလေးတစ်ခုမှာ . . .

“ 'လက်ဆောင်' ဆိုတာ ပေးလိုက်သူနဲ့ ရယူသူကို ဆက်သွယ်ပေးလိုက်တဲ့ တံတားတစ်ခုပါ။ ကွမ်ယောက်ရဲ့ အံ့သြပျော်ရွှင်မှုဟာ ပမာဏ အနှိုင်းအဆမဲ့လေ ကျန်

www.burmeseclassic.com





တစ်ယောက်ရဲ့ ဝမ်းမြောက်ကျေနပ်မှုဟာ အဖိုးအနဂ္ဃ ထိုက်တန်လေပါရှင် . . ."

ကိုအံ့ဩ အံ့ဩမယ်ဆိုရင် ကျေနပ်တဲ့ . . .

ရှေးရိုးရာ . . .

ဟု . . . ရေးထားသော လှပဝိုင်းစက်သော လက်ရေးကလေးများ။ သူတို့နှစ်ယောက်ကြားမှာ စကားတွေ အများကြီး ပြောဖို့မလိုတော့တဲ့ လေးနက်သည့် ဆက်သွယ်မှု တစ်ခု ရှိခဲ့ပြီဟု . . . သူ ခံစားမိပါသည်။ သူ့ရဲ့ တုန့်ပြန်မှုက မိနစ်ပိုင်းကလေးတောင် မဆိုင်းခဲ့ပါ။ သူမနှင့် ခုဏကလေးကမှ လမ်းခွဲနှုတ်ဆက်လာခဲ့ပေမယ့် အခုချက်ချင်း ထပ်သွားတွေ့တော့ရော သူ့ကို ဘယ်သူက အပြစ်ဆိုမှာမို့လဲ၊ သူမဆိုင်ကို ပြန်သွားမှာ သေချာနေသည့်အတွက် သူ ရှေးရိုးရာ ဆိုင် ကလေးဆီသို့ အပြေးအလွှား ရောက်လာခဲ့မိသည်။ သူ့ရင်ထဲက နှလုံးသားက အဆမတန် ခုန်ပေါက်လျက်ရှိပါသည်။

"ရိုးရာ . . ."

သူမက ဝယ်သူတစ်ယောက်ကို ရှေးဟောင်းပန်းချီကား တစ်ချပ်ကိုင်လျက် ရှင်းပြပေးနေရာမှ သူ့ဆီ ဖျတ်ခနဲ လှမ်းကြည့်၏။ ထိုအကြည့်များထဲမှာ တွယ်တာနင့်သည်းမှုတွေ သိပ်သည်းစွာ ပျော်ဝင်လို့ . . .။

"ကျွန်တော် စောင့်ပါ့မယ်၊ ပြီးအောင်လုပ်ပါ ညီမ"

ဟု ခပ်တိုးတိုးပြောရင်း သူမ စကားတွေပြောနေတာကို ခပ်လှမ်းလှမ်းကနေ အသာစောင့်ကြည့်နေခဲ့မိသည်။ ဒီမိန်းကလေးဟာ ကိုယ့်ရင်ဘတ်ရဲ့ တခြားအခြမ်းဆိုတာ သေချာသထက် သေချာလာခဲ့ပြီ . . .။ ဘာအတွက် သူ အချိန်ဆွဲ နေဦးမှာလဲ . . .။

●●●



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း 'ဆုံစည်းရာ' ဆိုင်ကလေးထဲမှာ နေ့လည်စာစားချိန် မဟုတ်သေးသည့်အတွက် လူရှင်းနေခဲ့သည်။ သူတို့နှစ်ယောက် ဘာမှ မမှာဖြစ်သေးဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ငေးကာ လှုပ်ရှားခုန်ပေါက်နေသော နှလုံးသားတစ်စုံကို ကိုယ်စီ ထိန်းချုပ်နေရပါသည်။

"ညီမ ပုံပြင်ကလေးတစ်ပုဒ် ကြားဖူးလား၊ ဒီပုံပြင်ကလေးက ကြာတော့ကြာပါပြီ၊ ဘုရားသခင်က ကိုယ် ပေါင်းဖက် ချစ်မြတ်နိုးရမယ့် မိန်းမနဲ့ယောကျ်ားကို တစ်ခြမ်းစီ ပြောင်းလွဲပြီး တပ်ပေးထားခဲ့တယ်ဆိုတာလေ၊ ကိုယ့်ရဲ့ တခြားအခြမ်းကို တစ်ယောက်ယောက်ဆီမှာ ပြန်တွေ့တဲ့




အခါကျမှ နှစ်ယောက်တစ်စုံ အံဝင်ခွင်ကျ ပေါင်းဖက်လက်တွဲနိုင်တယ်တဲ့၊ ဒီပုံပြင်လေးက ခေတ်စားခဲ့တာ အတော်ကြာပြီဆိုတော့ ကျွန်တော် အသေးစိတ် အတိအကျကြီးတော့ ပြန်မမှတ်မိတော့ဘူး၊ ဒီ အချက်ကလေးကိုတော့ ရင်ထဲမှာ စွဲနေခဲ့တာကြာပြီ၊ အခု ညီမနဲ့တွေ့တဲ့အချိန်မှာ ဒီပုံပြင်ကလေးကို ချက်ချင်း ပြန်သတိရလာတယ်၊ ညီမဟာ ကိုယ့်ရင်ဘတ်ရဲ့ တခြားအခြမ်းဆိုတာ ကျွန်တော့် နှလုံးသားကရော အသိစိတ်ကရော မသိစိတ်ကပါ အလိုလို ခံစားသိနေတယ် ရိုးရာ၊ ညီမကို ကျွန်တော့်နှလုံးသားထဲက နက်နက်ရှိုင်းရှိုင်းကို တွယ်တာမိသွားတယ်၊ အဲဒီ တွယ်တာမှုက အချိန်အပိုင်းအခြားနဲ့ တိုက်ရိုက် အချိုးမကျဘူး၊ အရှိန်အဟုန်နဲ့သာ တိုက်ရိုက်အချိုးညီပါတယ်၊ ညီမကို ကျွန်တော် မြတ်မြတ်နိုးနိုး တန်ဖိုးထားစွာနဲ့ ချစ်မိတာကို ယုံကြည်လက်ခံပေးပါ ရိုးရာ . . . နော်၊ ညီမ အတွက်ဆို ဘာပဲ လုပ်ပေးရလုပ်ပေးရ ကျွန်တော် လုပ်ပေးနိုင်တယ်၊ အဲဒါကို အပြောနဲ့မဟုတ်ဘဲ တစ်ခုခုနဲ့ သက်သေပြခွင့် ရချင်မိတယ်"

သူမက သူစကားကို အလေးအနက်မျက်နှာထား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် နက်ရှိုင်းစွာ နားထောင်ပေးနေခဲ့သည်။ မျက်ဝန်းလှလှတွေက တဖျပ်ဖျပ် တောက်ပအသက်ဝင်လို့။ သေချာစိုက်ကြည့်မိလျှင် နှုတ်ခမ်းအဖျားကလေးတွေ မသိမသာ တုန်ရင်နေတာကို သူ မြင်ခွင့်ရနိုင်ပါသည်။

"ကျွန်မဘဝမှာ အယုံကြည်ရဆုံး လူတစ်ယောက်က ယုံကြည်မှုကို ဖောက်လွဲဖောက်ပြန်လုပ်သွားခဲ့ပြီးကတည်းက ကျွန်မ ယုံကြည်ဖို့ကို အရမ်းကြောက်တတ်သွားတယ်၊ အရိုးသားဆုံးဝန်ခံရရင် ကျွန်မ ဘယ်သူ့ကိုမှ မယုံကြည်တတ်တော့တာပါ။ တစ်ခါတစ်ခါ ကိုယ့် ကိုယ်ကိုတောင် မယုံချင်တော့သလိုပဲ၊ ယုံကြည်ခြင်းဆိုတာ ကျွန်မအတွက် အဆိပ်ဖြစ်သွားခဲ့ပြီ၊ ပြီးတော့ တပြိုင်နက်တည်းမှာပဲ 'အချစ်'ဆိုတာကို သိပ်ကြောက်သွားခဲ့ပြီ၊ လူတစ်ယောက်ကို ချစ်ဖို့ဆိုတာ သူ့ကို ယုံကြည်မှု ဖြစ်မှာလေ၊ ကျွန်မ လူတစ်ယောက်ကို ယုံကြည်စွာ ထပ်ချစ်ကြည့်ဖို့ သတ္တိမရှိတော့ဘူး၊ မဝံ့ရဲတော့ဘူး ကိုအံ့ဩရယ်၊ အဲဒါ ကျွန်မ အရိုးသားဆုံး ပြောတာပါ။ ကျွန်မရင်ထဲမှာလည်း သူ့အလိုလို ဝင်ရောက်လာတဲ့ အရာတွေရှိပါတယ်၊ အဲဒီအရာတွေက ကျွန်မ တားမြစ်ပိတ်ပင်ထားလို့



ရတာမှ မဟုတ်တာ၊ သူ့ဘာသာသူ ဖြစ်လာတဲ့ ကိစ္စလေ၊ တစ်ခုခု ပြောင်းလဲလာမှာကို သိပ်စိုးရိမ်ခဲ့လို့လည်း ကျွန်မရဲ့ အတိတ်ကို မြန်မြန်ပြောပြထားခဲ့တာပါ။ အခုမှပဲ နောက်ဆုတ်နေတဲ့ ခြေလှမ်းတွေက သူ့ဆီ ပိုနီးအောင်များ ပြေးနေသလိုများ ဖြစ်နေပြီလား မသိဘူး"

"ဟုတ်လိမ့်မယ် . . . ကျွန်တော်က ညီမရဲ့ အနောက်ဘက်မှာရှိနေတာလေ၊ ညီမက နောက်ပြန်ပြေးနေတာဆိုတော့ တစ်ချိန်မှာ ကျွန်တော့်ရင်ဘတ်နဲ့အထိပဲ"

သူ့စကားကို သဘောကျသွားသလို သူမ နှုတ်ခမ်းကလေးဟ,လျက် အံ့အားသင့်ကာ ခေါင်းကလေး တခါခါဖြင့် ရယ်မောပါလေသည်။

"ရှင်က တကယ် ထူးဆန်းအံ့ဩဖို့ကောင်းတယ် ကိုအံ့ဩရယ်၊ ကျွန်မ တွေ့ခဲ့ဖူးသမျှ ဘယ်သူနဲ့မှကို မတူပါဘူး၊ ဒါပေမယ့် ကျွန်မစိတ်ရဲ့အလိုကို မလိုက်စတမ်းပြောရရင် ရှင်က ဧည့်သည်တစ်ယောက်ပါ။ အချိန်တန်ရင် ရှင် အိမ်ကို ပြန်ရမှာ၊ အလည်လာရုံ . . . ခဏ တည်းခိုရုံနဲ့တော့ အိမ်ရှင်ကို မနှိုပ်စက်စေချင်ဘူးရှင်"

www.burmeseclassic.com



"ကျွန်တော့်ကိုယ်ကျွန်တော် ဧည့်သည်လို့ကို မသတ်မှတ်ပါဘူး ရိုးရာ၊ ဒီမြို့ကလေးမှာ ကျွန်တော့်ကို မပြန်ချင်အောင် ဆွဲငင်ထားတဲ့အရာတွေ အများကြီးပါ၊ ကျွန်တော် ဘာလို့ ဒီမြို့ကလေးမှာ မနေနိုင်ရမှာလဲ၊ ကျွန်တော့်အလုပ်က ပန်းချီဆွဲတာ၊ ဘယ်နေရာမဆို ကျွန်တော်နေလို့ဖြစ်တယ်၊ ကျွန်တော်ပျော်တဲ့နေရာမှာ ပျော်သလောက် ကျွန်တော်နေလို့ရတယ်"

သူက အခိုင်အမာပြောတော့ သူမက ပါးချိုင့်ကလေးတွေ ထင်းလာအောင်ပြုံးနေပါသည်။

"ကိုအံ့သြ၊ ရှင်ဟာလေ တကယ်ပဲ၊ ငြင်းဆန်ဖို့ မလွယ်ကူတဲ့အရာတွေထဲမှာ ရှင် ထိပ်ဆုံးကပါတယ် သိလား၊ ရှင့်နားမှာနေရတာ သံလိုက်စက်ကွင်းထဲ ရောက်နေရသလိုပဲ ရုန်းထွက်ဖို့ အတော်ခက်တယ်၊ ကျွန်မကို အချိန်တော့ပေးပါ ကိုအံ့သြ၊ ကျွန်မ ကိုယ့်ကိုယ်ကိုယ် ပြင်ဆင် တည်ဆောက်ယူရဦးမယ် . . . နှစ်နှစ်လုံးလုံး ကွဲအက် ကြေမွခဲ့တဲ့ အသည်းကိုလည်း တစ်စစီ ပြန်ဆက် အသက်သွင်းရဦးမယ်၊ အချစ်ဆိုတာ ဘာမှန်းတောင် မမှတ်မိတော့တဲ့အထိ အချစ်ဆိုတာနဲ့



ကင်းကင်းရှင်းရှင်း နေခဲ့မိတာလေ၊ လူတစ်ယောက်ကို ချစ်ကြည့်ဖို့ ကျွန်မနှလုံးသားကို ပြန်သင်ရဦးမယ် . . ."


"အချိန်ယူပါ ညီမ၊ ကြိုက်သလောက်သာ အချိန်ယူပါ၊ ညီမရဲ့အချစ်ကို မရမချင်း ကျွန်တော် ဒီမြို့ကလေးကနေ မပြန်တော့ဘူး၊ အေးအေးဆေးဆေး သက်တောင့်သက်သာ အချိန်ယူပြီး ပန်းချီထိုင်ဆွဲနေရုံပဲ"

သူ အဲဒီအတိုင်းပဲ ဆုံးဖြတ်လိုက်ပါသည်။

●●●

www.burmeseclassic.com

www.burmeseclassic.com





ရင်ထဲမှာ တကယ်ခံစားရသည့်အတိုင်းပြောရလျှင် သူတို့နှစ်ယောက် ပို၍နီးကပ်သွားခဲ့သလို ခံစားရပါသည်။ သူက ဟိုတယ်လ်ကနေ check out လုပ်လိုက်ပြီး မြို့ထဲမှာ သူမဆိုင်ကလေးနှင့် အနီးနားတဝိုက်မှာ အခန်းကလေးတစ်ခန်း ငှားလိုက်ပါသည်။ ဟိုဟိုဒီဒီ သွားလာနိုင်ဖို့ ဆိုင်ကယ်လ်တစ်စင်း လပေးနှင့် ငှားလိုက်သည်။ တစ်မြို့လုံးအနှံ့ ပန်းချီဆွဲချင်သည့်နေရာတွေဆီ ဆိုင်ကယ်လ်တစ်စင်းနှင့် စိတ်ကြိုက်သွားကာ အေးအေးဆေးဆေး တစ်နေကုန် ပန်းချီထိုင်ဆွဲပါသည်။ တစ်ခါတစ်ရံ သူမက ပန်းချီဆွဲလို့ကောင်းမည့်နေရာကလေးတွေဆီ လိုက်ပို့ပေးတတ်ကာ စားစရာတစ်ခြင်း၊ ဖတ်စရာ စာအုပ်တစ်အုပ်နှင့် ပျော်ပွဲစားထွက်သလို လိုက်ပါပေးတတ်သည်။ တချို့နေရာ မြောင်းတို့ ချောင်းတို့ ရေကန်တို့ မှာ သူမက အေးအေးလူလူ ငါးထိုင်မျှားလေ့ရှိသည်။ ချောင်းထဲမှာ လှေတစ်စင်းပေါ်မှာ သူမကိုထိုင်စေပြီး သူ ပန်းချီထိုင်ဆွဲတာကိုလည်း စိတ်ရှည်လက်ရှည်ပင် ခံယူပေးတတ်သည်။ 'ချစ်တယ်' ဟူသော ဖွင့်ဟဝန်ခံစကားတစ်ခွန်းမှတစ်ပါး သူမ၏ သံယောဇဉ်တွယ်တာမှုတွေကို သူ အပြည့်အဝမြင်နေခဲ့ရပါသည်။

"ကိုအံ့ဩကို ဖေဖေကတောင် မေးနေတယ် . . . ဒီသူငယ် မပြန်တော့ဘူးလား မသိဘူးတဲ့၊ ကျွန်မလည်း မေးချင်နေတာ၊ ကိုအံ့ဩ မပြန်တော့ဘူးလားဟင်"

တစ်နေ့တော့ သူ ပန်းချီထိုင်ဆွဲနေတာကို ထိုင်စောင့်ကြည့်ရင်း သူမက မေးလာခဲ့သည်။ သူ သူမကို လှည့်ကြည့်လိုက်ပြီး ပြုံးပြလိုက်သည်။


"ရိုးရာဆီက အချစ်ကို မရမချင်း ကျွန်တော် မပြန်တော့ဘူးလို့ ပြောထားပြီးသားလေ"





www.burmeseclassic.com

www.burmeseclassic.com



သူမက နှုတ်ခမ်းကလေးတစ်ချက်ကိုက်ကာ ငြိမ်သွားသည်။

"ဒါဖြင့် ကျွန်မဆီက အချစ်ကို ရတဲ့အခါ ပြန်မယ်ပေါ့"

"နိုး . . . အချစ်ကိုရပြီးရင် ကျွန်တော် ရိုးရာကို အမြန်ဆုံး လက်ထပ်မှာပါ၊ ရိုးရာဆီမှာရှိနေတဲ့ စိုးရိမ်စိတ်တွေ၊ ကြောက်စိတ်တွေ၊ မယုံကြည်စိတ်နဲ့ သံသယတွေအားလုံးကို ကျွန်တော့်ရဲ့အချစ်တွေနဲ့ ဖယ်ရှားပေးမှာ၊ ရိုးရာ စိတ်ချလက်ချ ပေါ့ပေါ့ပါးပါး ပျော်ရွှင်နေတာကိုပဲ တစ်သက်လုံး မြင်ချင်တယ် ညီမရယ်"

"အို . . . လက်ထပ်ရဦးမှာ ဟုတ်လား၊ ဟင့်အင်း ကျွန်မ ဒီတစ်သက် လက်မထပ်ချင်တော့ဘူး၊ လက်ထပ်ပွဲဆိုတာကို နောက်တစ်ကြိမ် စီစဉ်ဖန်တီးဖို့ သတ္တိ မရှိတော့တာပါ ကိုအံ့သြ၊ ကျွန်မ စိတ်မကောင်းပါဘူး၊ ကျွန်မ ရှင့်ကို ဘယ်တော့မှ လက်ထပ်ဖြစ်တော့မှာ မဟုတ်ဘူး၊ အဲဒီ အတွေးက ကျွန်မရဲ့ ဒဏ်ရာဟောင်းကို ပြန်ဆွပေးတာနဲ့ အတူတူပဲ၊ လူတိုင်းမှာ phobia တစ်မျိုးစီတော့ ရှိတတ်တာပဲ ကိုအံ့သြ . . .၊ တချို့က အမြင့်ကြီးကို ကြောက်တယ်၊ တချို့က လေယာဉ်ပျံစီးရမှာကို ကြောက်တယ်၊ တချို့က ရေနစ်မှာကို ကြောက်တယ်၊ ကျွန်မကတော့ လက်ထပ်ရမှာကိုကြောက်တယ်၊ အဲဒါ ကျွန်မရဲ့ phobia ပဲ၊ ကျွန်မကို ဘာနဲ့မှ မဆွဲဆောင်ပါနဲ့ မရဘူး၊ ကျွန်မ ဘယ်သူ့ရဲ့ မင်္ဂလာပွဲကိုမှ မသွားဖြစ်တော့တာ နှစ်နှစ်လုံးလုံးပဲ၊ အဲဒါ ကျွန်မရဲ့ စိတ္တဇကို ဖြစ်သွားခဲ့တာ၊ ခုပြန်တွေးရင် ရင်ထဲ ဆူဝေလာပြီး နားထဲက လေတွေ တဝူးဝူး ထွက်လာသလိုပဲ၊ ရင်ထဲမှာနင့်နေအောင် ပြန်နာလာတယ်၊ ဆောရီးပါ ကိုအံ့သြရယ်"

သူမက ချက်ချင်း သွေးပျက်ချောက်ချားလာသူ တစ်ယောက်လို ခပ်ဝေးဝေးဆီသို့ ထွက်ခွာသွားခဲ့သည်။ သူမ မျက်နှာကလေး ဖြူလျော်သွေးဆုတ်နေဟန်ကို သူ့အာရုံထဲက မထွက်။ သူမ တကယ်ကို ကြောက်နေတာပါ။ 'လက်ထပ်ခြင်း' ဆိုတဲ့အရာက သူမရဲ့စိတ်မှာ ခပ်နက်နက် အထွင်းခံလိုက်ရသော ဒဏ်ရာတစ်ခုလိုကို ဖြစ်သွားခဲ့တာပါ။ သူမအတွက် သူ ဘာလုပ်ပေးရမလဲ . . .။ သူမ၏ အတိတ်ကို ဘယ်လိုပြုပြင်ဆင်ကာကွယ်ပေးရပါ့မလဲ။ ထိုအတွေးက သူ့အာရုံထဲမှာ စူးနစ်စွာ






www.burmeseclassic.com

www.burmeseclassic.com






လေးနက်စွာ နက်ရှိုင်းစွာ ဝဲလှည့်နေခဲ့သည်။ သူမအတွက် သူ

တစ်ခုခုတော့ လုပ်ပေးရတော့မည်။

●●●





"ဘယ်သူပြောနိုင်မလဲ ...

တစ်ချိန်မှာ မင်းဟာ

မနက်ဖြန်ရဲ့ လျှို့ဝှက်တံခါးကလေးကို

ခေါက်မီချင်ခေါက်မီလိမ့်မယ် ...။

ပြီးတော့


အရင်က မင်းမသိသေးတဲ့ ပျော်ရွှင်မှုကို

အထဲမှာ မင်းရှာတွေ့ချင်တွေ့နေမှာ ..."



www.burmeseclassic.com

# အခန်း ...၆



www.burmeseclassic.com

# အခန်း ... ၆

BURMESE CLASSIC .com

တကယ်တော့ သူ ဒီမြို့ကလေးမှာ သောင်တင်နေခဲ့ခြင်းမှာ 'ရိုးရာ' ဟူသော အကြောင်းပြချက်ကလေးတစ်ခုတည်းကြောင့်ပဲဖြစ်၏။ သူမဆီက အဖြေကိုရတဲ့အထိ စောင့်နေသည်ဆိုခြင်းထက် သူမကို အမြဲ တွေ့မြင်နေခွင့်၊ နီးစပ်စွာခင်မင်ရင်းနှီးခွင့် သူမအကြောင်းကို ပိုပိုသိခွင့်တွေအတွက် သူ့ စိတ်ဆန္ဒအလိုကို လိုက်နေမိခဲ့သည်ဆိုတာက ပိုမှန်ပါလိမ့်မည်။ ဒီမြို့ကလေးနှင့် သူ တဖြည်းဖြည်း ရင်းနှီးကာနေသားတကျ ရှိလာခဲ့သလို သူမနှင့်သူ့အကြားက သံယောဇဉ်တွယ်တာမှုကလည်း အတော်လေးနှောင်ဖွဲ့ခိုင်ခန့်ခဲ့ပြီဟု သူခံစားမိပါသည်။ 'ချစ်တယ်' ဟူသော ဖွင့်ဟဝန်ခံစကား

www.burmeseclassic.com

www.burmeseclassic.com



လေးမှအပ သူတို့နှစ်ယောက်ကြားတွင် ချစ်သူတွေလောက် နီးပါး ဆက်သွယ်နီးစပ်ခဲ့ရပြီ။ အတူသွား . . . အတူစားတင် မက သူမ၏အိမ်သို့လည်း တံခါးမရှိဓားမရှိ ဝင်ရောက် လည်ခွင့်ရခဲ့ပြီ။ သူမ ဖေဖေနှင့်လည်း အထိုက်အလျောက် ရင်းနှီးခင်မင်နေခဲ့ပြီ။ ဝာစ်ခါတစ်ရံ သူတို့သုံးယောက်သား ညစာအတူစားဖြစ်ကြသည်။ သူမနှင့် သူလည်း စကားတွေ အများကြီး ပြောဖြစ်ကြသည်။ သူမကို သူ သိမြင်နားလည် သလောက်တော့ သူမလည်း သူ့ကို သိမြင်လောက်ပါပြီ . . .။ သူမ ဘာကိုကြောက်နေခဲ့ပါသလဲ။

BURMESE CLASSIC .com

သူက သူနှင့်သူမအကြားတွင် မမေ့နိုင်စရာ ဓလေ့ကလေးတစ်ခုကို စတင်၍ ဖန်တီးဖြစ်ခဲ့သည်။ အဲဒါက အပြန်အလှန် စာအတိုအစ,ကလေးတွေ လဲလှယ်သော ဓလေ့ ဖြစ်သည်။ ရော့ အင့် . . . ဆိုပြီး စာအခေါက်လိုက် သိသိသာ သာ ထိုးပေးခြင်းမျိုးမဟုတ်ပါ။ သူမ မြင်နိုင်မည့်နေရာမျိုးမှာ မသိမသာကလေး ကပ်ခဲ့ခြင်းမျိုး . . . သူမ ပိုက်ဆံအိတ်ထဲ အသာထည့်ခဲ့ခြင်းမျိုးဖြစ်သည်။ စာတိုကလေးတွေမှာ . . .

"ပါးချိုင့်ကလေးတွေ အရမ်းလှတယ်" "ဒီနေ့ သိပ် ချစ်ဖို့ ကောင်းတယ်" "ဒီနေ့ကလေးအတွက် ကျေးဇူးတင် တယ်ကွာ" "ညက ညီမကို အိပ်မက်အကြာကြီးမက်တယ်" "အမြဲတွေ့ချင်တယ်ကွာ" "မတွေ့ရရင် သိပ်လွမ်းတယ်" "ရိုးရာ ကို ချစ်တယ်ဗျို့" စသဖြင့် . . . သူ့ရင်ထဲ ပေါ်လာသည့် အတိုင်း ချရေးကာ သူမ မြင်သာမည့်နေရာကလေးတွေမှာ ကပ်ခဲ့ခြင်းဖြစ်သည်။ သူ့ရဲ့ ဖန်တီးမှုကို သူမဘက်ကလည်း အလိုက်တသိကလေး တုန့်ပြန်ခဲ့ပါသည်။ သူမ ပြန်ရေးသော စာတိုကလေးတွေကို သူ့အင်္ကျီနောက်ကျောမှာ စတစ်ကာပါပြီး သား စာရွက်အစ,ကလေးတွေနှင့် ဒါမှမဟုတ် သူ့ ပန်းချီကား ချပ်ရဲ့ တစ်နေရာထောင့်နားလေးမှာ သူ့အိမ်တံခါးဝမှာ သူ့ ဆိုင်ကယ်လ် ထိုင်ခုံပေါ်မှာ သူ့ရှူးဖိနပ်ပေါ်မှာ စသဖြင့် ပြန်ရခဲ့ သည်။ 'ညက အရမ်းသတိရတယ်' 'ဒီည ဖုန်းဆက်နော်' 'မနက်ဖြန် ရုပ်အဖြူလေးဝတ်ခဲ့' 'ရှင်ပြုံးနေရင် ကျွန်မ ပျော် တယ်' 'ခဏခဏ စိုက်မကြည့်နဲ့ မနေတတ်ဘူးရှင့်' 'ကျွန်မကို ပျော်ရွှင်စေခဲ့တဲ့ ရှင့်ကို အရမ်းကျေးဇူးတင်ပါတယ်' 'ကိုအံ့ဩ= လူချောလေးတစ်ယောက်' . . . စသဖြင့် ချစ်ရေး စာတို ကလေးတွေ အပြန်အလှန် ဖလှယ်ခဲ့ခြင်းက သူတို့နှစ်ယောက်





www.burmeseclassic.com

www.burmeseclassic.com

ကို ပို၍ ရင်းနှီးပျော်ဝင်စေခဲ့ပါသည်။

တစ်ခုပဲ ပြောစရာရှိလာသည်က လနှင့်ချီ၍ ပျောက်ဆုံးနေသော သူ့ကို သူ့အိမ်ကရော စီးပွားဖက်တွေကပါ အသည်းအသန် ဆက်သွယ်လာခဲ့ခြင်းဖြစ်သည်။ ဒီမြို့ကလေးဆီသို့ ပန်းချီဆွဲရုံနှင့် အပန်းဖြေရုံ ထွက်လာခဲ့သောသူ့အဖို့ သုံးလကျော်ကျော် ကြာမြင့်လာသောအခါ အိမ်ပြန်ဖို့ အချိန်တန်ပြီဟု မိဘတွေကရော သူ့ agent ကပါ ဆုံးဖြတ်ကြပြီထင်ပါသည်။ သူ့လက်ထဲမှာ ဆွဲပြီးထားသော ပန်းချီကားတွေလည်း တော်တော်များနေပြီ။ ပြပွဲတစ်ခုတင်ဖို့ လုံလောက်နေပြီ။ သူမ အနားမှာ သူပျော်နေခဲ့ပြီး အိမ်ပြန်ချိန်ကို မေ့နေခဲ့တာလေ။ ရန်ကုန်က ဖုန်းတွေ message တွေ ပလူပျံ့အောင် ဝင်လာသောအခါ သူ ခဏတဖြုတ်တော့ ပြန်ဖို့ ပြင်ဆင်ရတော့သည်။ အဲဒီအတွက် သူမ နားလည်အောင် ရှင်းပြရသည်။

"ကိုယ် ရန်ကုန်ခဏပြန်ရဦးမယ် . . ."

ဆိုကတည်းက သူမ မျက်နှာနွမ်းလျခဲ့ပြီ။

"အင်းလေ . . . ပြန်ရမှာပေါ့၊ ကျွန်မ မျှော်လင့်ထားခဲ့ပြီးသားပါ"

"မကြာပါဘူး ညီမရဲ့ . . . ကျွန်တော် အမြန်ဆုံးပြန်လာမှာ၊ ဟိုမှာ ပန်းချီကားတွေ ပြခန်းတင်ဖို့အတွက် စီစဉ်စရာရှိတာလေးတွေ စီစဉ်ပြီးတာနဲ့ ကျွန်တော် ချက်ချင်းပြန်လာမှာ"

"ကျွန်မ မျှော်မနေပါဘူး"

"မျှော်နေပါ ကလေးမရယ်၊ ကိုယ်ချစ်တဲ့ မိန်းကလေးက ကျွန်တော်ပြန်အလာကို မျှော်နေတယ်ဆိုတာကိုသိထားရင် ပြန်လာရမှာ ဘယ်လောက်နွေးထွေးမလဲ၊ ရိုးရာ ကျွန်တော့်ကို ချစ်လားဟင်၊ အဖြေရှိထားရင်လည်း တစ်ခါတည်း ပေးလိုက်ပါလား ရိုးရာရယ်၊ ဒါမှ ကျွန်တော့်ချစ်သူလေးဆီ ပြန်လာရတဲ့ခရီးက အရမ်း ရင်ခုန်ဖို့ကောင်းမှာ"

သူမက မျက်စောင်းကြည်ကြည်ကလေးတစ် ချက်ထိုးပြီး တုန့်ပြန်ပါသည်။

"ပြန်လာတဲ့အခါ ကျွန်တော့်ဖေဖေနဲ့မေမေကို ခေါ်လာခဲ့မယ်လေ၊ ဦးဆီမှာ တစ်ခါတည်းတောင်းရမ်းပြီး လက်ထပ်လိုက်မယ် မကောင်းဘူးလား၊ ဘယ်တော့မှ စိတ်

www.burmeseclassic.com

မချ ဖြစ်စရာမလိုတော့ဘူးလေ"

သူ ပြောချင်ဇောဖြင့် ပြောချင်တာတွေကို တရစပ် ပြောမိသွားခဲ့သည်။ သူမက ထူးထူးခြားခြား ငြိမ်သက်သွားခဲ့ကာ သူ့ကို ခပ်စူးစူးအကြည့်တစ်မျိုးဖြင့် ကြည့်နေခဲ့သည်။

"ရှင် ကျွန်မကို ဘယ်တော့မှလည်း နားလည်မယ် မထင်ပါဘူး ကိုအံ့ညြ၊ ကျွန်မရင်ထဲက စိုးရိမ်ကြောက်ရွံ့မှုကို ရှင် နားမလည်မခံစားတတ်မှတော့ ကျွန်မကို နားလည်ဖို့ဆိုတာ ဘယ်လွယ်ပါတော့မလဲ၊ မိဘတွေကို ခေါ်မလာခဲ့နဲ့ ကိုအံ့ညြ၊ ရှင့်ကိုကျွန်မ လက်ထပ်မှာ မဟုတ်ဘူး၊ ရှင့်ကိုမှ မဟုတ်ဘူး၊ ဘယ်သူ့ကိုမှ ကျွန်မ လက်မထပ်ချင်တော့ဘူး၊ အဲဒါ ကျွန်မရဲ့ မပြောင်းလဲတဲ့ ဆုံးဖြတ်ချက်နော်"

BURMESE CLASSIC .com

"ရိုးရာ ကျွန်တော့်ကို တကယ်မချစ်ဘူးလား၊ မလိမ်ဘဲ ဖြေနော်"

"ဟင့်အင်း . . . ကျွန်မ မဖြေချင်ဘူး၊ ရှင်က ကျွန်မအတွက် ဧည့်သည်တစ်ယောက်ပဲ၊ ပြင်ဆင်ခင်းကျင်း မထားတဲ့ ခြောက်ကပ်တိတ်ဆိတ်နေတဲ့ ကျွန်မရဲ့ အိမ်ကလေးဆီ မထင်မှတ်ဘဲ ရှင် အလည်ရောက်လာခဲ့တယ်၊ ရှင်က



ဧည့်သည် တာဝန်ကျေခဲ့တယ်၊ ဒီအိမ်ကလေးကို သာသာယာယာနဲ့ နေချင့်စဖွယ်ဖြစ်အောင် ရှင် ဖန်တီးပေးခဲ့တယ်၊ ဒီအိမ်ကလေးမှာ ချစ်ခြင်းမေတ္တာ အငွေ့အသက်တွေနဲ့ နွေးထွေးသက်ဝင်လာတဲ့အခါကျတော့ ရှင် ပြန်ဖို့ပြင်တယ်၊ ဒါ သဘာဝပဲလေ၊ ကျွန်မ ရှင့်ကို မတားပါဘူး၊ တားခွင့်လည်း မရှိသလို အမြဲနေခွင့်လည်း ကျွန်မ မပေးနိုင်ဘူး"

"ဘာဖြစ်လို့ ကျွန်တော့်ကို အမြဲနေခွင့် မပေးနိုင်ရတာလဲ ရိုးရာရယ်၊ ကျွန်တော် ညီမကို အရမ်းချစ်တယ်၊ ညီမကို စိတ်ချမ်းသာစေချင်တယ်၊ ကျွန်တော် ညီမကို ဘယ်လောက်ချစ်မြတ်နိုး သစ္စာထားသလဲဆိုတာကို သက်သေပြခွင့် ကလေးတောင် မပေးနိုင်တော့ဘူးလားကွာ"

သူမက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလျက် . . .

"ကျွန်မ ဘယ်သူ့ကိုမှ မယုံချင်တော့ဘူး၊ မယုံရဲတော့ဘူး ကိုအံ့ညြ၊ ပထမအကြိမ်အမှားက ကျွန်မအတွက် သင်ခန်းစာ၊ ဒုတိယအမှားဆိုရင် ကျွန်မမိုက်မဲတာ ဖြစ်တော့မယ်၊ ကျွန်မ သတ္တိမရှိတော့ဘူး။ Anyway ကျွန်မ အတွက် မမေ့နိုင်စရာ ပျော်စရာ အမှတ်တရကလေးတွေ ဖန်တီးပေးခဲ့တဲ့ရှင့်ကို

www.burmeseclassic.com

ကျွန်မ သတိတရရှိနေမှာပါ၊ ရှင် ဘယ်တော့ပြန်မလဲ မသိချင်ဘူးနော်၊ ကျွန်မ နှုတ်မဆက်ချင်ဘူး၊ ကျွန်မကို နားလည်ပေးပါ”

တကယ်ပဲ သူမက နှုတ်မဆက်ဘဲ ထွက်ခွာသွားခဲ့ပါသည်။ သူ့ရင်ထဲက ထိရှခံစားလွယ်လွန်းသော အမြေးပါးကလေးကို ဆွဲနုတ်ခံလိုက်ရသလို အသည်းခိုက်အောင် သူ နာကျင်သွားမှန်း သူမ ရိပ်မိနားလည်နိုင်မည်မထင် . . .။ သူ မပြန်တော့ဘူး . . . ဟုတောင် ဆုံးဖြတ်ချက်ကို ပြန်ပြင်ဆင်လိုက်မိသေး၏။ ဖြစ်ချင်ရာဖြစ် သူမအနားမှာ သူ ဒီအတိုင်းပဲ တစ်သက်လုံးနေတော့မည် . . . ဟု။

●●●




BURMESE CLASSIC .com

သူ့ရဲ့ agent လည်းဖြစ်သလို မန်နေဂျာတစ်ပိုင်းလည်းဖြစ်နေသော ကိုသုတကားကို အိမ်ရှေ့မှာ မြင်လိုက်ရတော့ ဒီလူတော့ သူ့ကို အပါခေါ်တော့မှာပဲ . . . ဟု သဘော ပေါက်လိုက်သည်။

“ကိုအံ့ရာ . . . ခင်ဗျား တော်တော်ဆိုးတဲ့လူ၊ ဟိုတယ်လ်မှာလည်းမရှိ၊ ဟိုတယ်က ညွှန်လိုက်လို့ ကျွန်တော် ဒီကို လိုက်လာတာ၊ ရန်ကုန်မှာ ခင်ဗျားမရှိရင် မဖြစ်တဲ့ကိစ္စတွေ တောင်ပုံသလို ပုံနေပြီ၊ လူချင်းတွေ့ပြီး စကားပြောရမယ့် ကိစ္စတွေ ခင်ဗျား ဆုံးဖြတ်ရမယ့်ကိစ္စတွေ၊ လက်

www.burmeseclassic.com

www.burmeseclassic.com





မှတ်ထိုးရမှာတွေအတွက် ခင်ဗျား ခဏတော့လိုက်ပြီး ဖြေရှင်းပေးဦး၊ အန်တီကလည်း လွမ်းလှပြီ၊ ခင်ဗျား အတော်နေနိုင်တဲ့လူ"

စသဖြင့် . . . တရစပ် စွဲချက်တွေတင်နေသော ကိုသုတကို သူ လက်မြှောက်ပြီးတော့သာ အရှုံးပေးလိုက်ရသည်။ ကိုသုတ လိုက်လာပြီးခေါ်တာ သဘာဝကျပါသည်။

"အပြစ်တွေ စွတ်တင်မနေပါနဲ့ ကိုသုတရာ၊ ဒီမှာ ကျွန်တော့်ရင်ဘတ်ရဲ့ တခြားအခြမ်းကလေးကို တွေ့နေလို့ပါ၊ နှစ်ဦးနှစ်ဖက် နားလည်စွာနဲ့ တပ်ဆင်ခွင့် မရသေးလို့ စိတ်ရှည်လက်ရှည် စောင့်နေတာပါ၊ လမ်းကျမှ အစအဆုံး ပြောပြမယ်ဗျာ၊ ကျွန်တော် ပြန်လိုက်ခဲ့မယ်"

သူ ခဏပြန်ဖို့အတွက် ပြင်ဆင်ရပါသည်။ 'ရွှေရိုးရာ' သို့သွားပြီး သူမကို နှုတ်ဆက်စကားဆိုတော့ သူမက ရီဝေမှိုင်းပျသော မျက်နှာကလေးဖြင့် ပြုံးပြဖို့ ကြိုးစားနေခဲ့သည်။

"ကျွန်တော် ကတိပေးခဲ့တယ်နော် ရိုးရာ၊ ကိစ္စလေးတွေ ပြီးပြတ်တာနဲ့ ကျွန်တော် ပြန်လာမှာ၊ ကျွန်တော် အလာကို စောင့်နေပေးနော်"

"ကျွန်မ ဂျူးရဲ့ စာအုပ်နာမည်ကလေးပဲ ရွတ်ပြလိုက်မယ်၊ စောင့်နေမယ်လို့ မပြောလိုက်ဘူး ကိုအံ့ဩ"

"မပြောလိုက်လည်း ပြန်လာမှာပါ ချစ်ရိုးရာလေး"

သူမက နှုတ်ခမ်းကလေးမဲ့ကာ ပြုံးနေခဲ့သည်။ သူမ၏မျက်နှာကလေးက ခါတိုင်းလို ကြည်လင်လင်းပွင့်မနေဘဲ . . . လျှို့ဝှက်သော တံခါးတစ်ချပ်သဖွယ် အသိရခက်ခဲနေခဲ့ပါသည်။

●●●





www.burmeseclassic.com

www.burmeseclassic.com

သူတို့ခရီးသွားလျှင် ညအချိန်ကိုပဲ ရွေးချယ်လေ့ရှိသည့်အကျင့်အတိုင်း အေးအေးဆေးဆေး ညစာစားပြီးမှ ခရီးစ,ကြသည်။ ခွဲခွာခါနီး သူမကို ဖုန်းနှင့် နှုတ်ဆက်လိုက်ပါသေးသည်။

"ကျွန်တော် ပြန်လာမယ်နော် . . ."

ဟု ပြောတော့ သူမဘက်က အသံတိတ် တုန့်ပြန်၏။ သူ ပစ္စည်းတွေတောင် များများမယူခဲ့။ အိမ်နဲ့ ဆိုင်ကယ်လ် ကိုလည်း ပြန်မအပ်ခဲ့။ တစ်ပတ်လောက်ပဲ ရန်ကုန်မှာနေ၊ လုပ်စရာကိစ္စတွေဖြတ်ပြီးလျှင် ဖေဖေနှင့်မေမေ့ကိုလည်း




နားလည်အောင် အကျိုးအကြောင်းရှင်းပြထားပြီး သူမဆီ ပြန်လာဖို့ စိတ်ကူးထားခဲ့သည်။ ဆွဲပြီးသား ပန်းချီကားတွေကိုတော့ ပြပွဲတင်နိုင်ဖို့အတွက် တစ်ပါတည်း ယူလာခဲ့သည်။ ပြီးတော့ သူ့ကုတ်အင်္ကျီအိတ်ကပ်ထဲမှာ သူမပေးခဲ့သော သူအရမ်းမက်မောတန်ဖိုးထားလွန်းသော သူမ၏လက်ဆောင် time machine နာရီကလေး . . .။

ကိုသုတ ကားမောင်းနေစဉ်မှာ သူ ထိုနာရီကလေးကို ထုတ်ကြည့်နေမိရင်း စိတ်ထဲမှာ ပြင်းပြထက်သန်လွန်းသော ဆန္ဒတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ဒီနာရီကလေးက တကယ်အသက်ဝင်အစွမ်းထက်ခဲ့မယ်ဆိုလျှင် များများစားစား သူ ပြန်မသွားချင်ပါဘူး။ ၂၀၁၀ ခုနှစ်ရဲ့ ဖေဖော်ဝါရီ လဆန်းရက်ကလေးဆီပဲ သူ time travel လုပ်ချင်မိပါသည်။ သူမလက်ထပ်ပွဲမကျင်းပခင် နှစ်ပတ်လောက်အလို ကာလကလေးဆီကိုပေါ့။ သူမဆီကို ကျရောက်တော့မည့် သစ္စာဖောက်မှု၊ လိမ်လည်လှည့်စားမှု၊ လှို့ဝှက်ကောက်ကျစ်မှုနှင့် အရှက်ခွဲစော်ကားမှုတွေ၏ ရန်ကနေ လွတ်မြောက်အောင် သူ အစွမ်းကုန် ကယ်တင် ကာကွယ် ပေးချင်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်စာ နောင်ကျဉ်တေးမှတ်သွားစေမည့် ဒဏ်ရာအနာတရတစ်ခု သူမ ဘယ်တုန်းကမှ လက်မခံလိုက်ရလေအောင် သူ ကာကွယ်ပေးချင်ပါသည်။ ထိုအတွေးသည် ခုအချိန်မှာ သူ့ကို အလွှမ်းမိုးဆုံးဖြစ်သည်။ နာရီလေးကလည်း သူ့ကို ညို့မြူလွန်းလှပါသည်။ အနုပညာသမားတစ်ယောက်ပီပီ စိတ်ကူးယဉ်အိပ်မက်တစ်ခုကို သူ ဖန်တီးကြည့်နေမိခဲ့သည်။ အကယ်၍သာ ၂၀၁၀ ခုနှစ်၏ ဖေဖော်ဝါရီ လဆန်းကာလကလေးတစ်ခုဆီ သူ့ကို ဒီနာရီကလေးက ပြန်လည်ခေါ်ဆောင်သွားပေးမယ်ဆိုပါတော့။ သူ ဘာလုပ်မလဲ . . .။ အဲဒီ အချိန်ဟာ သူမ လက်ထပ်ခါနီးအချိန်။ သူမ၏ ချစ်သူခင်ပွန်းလောင်း၏ လှည့်စားရက်စက်လွန်းသော လျှို့ဝှက်ချက် တစ်ခုကို သူမ ဘာမှ မသိနိုင်သေးတဲ့အချိန်။ ရင်ခုန်တက်ကြွစွာ ပျော်ရွှင်နေမည့်အချိန်။ သူမ၏ မျက်နှာကလေးကို သူ စိတ်ကူးထဲမှာ ခန့်မှန်းမြင်ယောင်ကြည့်မိသည်။

"ကိုအံ့ . . . ကောင်မလေးအကြောင်း ပြောပြမယ်ဆို၊ မျက်လုံးမှိတ်ပြီး အိပ်နေတာလား၊ စိတ်ကူးယဉ်နေတာလား"



ကိုသုတက ကားမောင်းနေရင်း လှမ်းမေးသည်။ သူ ကားနောက်မှီကို နောက်လှန်ချထားကာ ခပ်ပြေပြေလျော့လျော့ လှဲလျောင်းနေရာကနေ ခပ်မတ်မတ် ထ,ထိုင်လိုက်သည်။ နာရီကလေးကို အိတ်ထဲပြန်ထည့်လိုက်စဉ်မှာ အိတ်ထဲမှာ စာခေါက်ကလေးတစ်ခုကို အမှတ်မထင် စမ်းမိသွား၏။ စာတိုကလေးဆိုတာနှင့် သူ့နှလုံးသားက ဆောင့်ခုန်သွားခဲ့သည်။ စက္ကူကလေးကို ကပျာကယာ ဆွဲထုတ်ယူလိုက်ကာ ကားအတွင်းခန်း မီးကိုဖွင့်လျက် သူ ဖတ်လိုက်သည်။ သူမ၏ လက် ရေးဝိုင်းကလေးတွေ။

"ကိုအံ့ဩကို အရမ်းချစ်ပါတယ် . . ."

တဲ့ . . .။ သူ့နှလုံးသားတစ်ခုလုံး ရှန်းကြွမြောက်တက်လာသလို အပျော်လှိုင်းက ဝုန်းခနဲ ပုတ်ရိုက်သွားသည်။

"ဟာ . . . ကိုသုတ၊ သူ သူ ကျွန်တော့်ကို အဖြေပေးပြီ၊ သူ ကျွန်တော့်ကို အရမ်းချစ်တယ်တဲ့၊ ဟားဟား. . . ကျွန်တော် အရမ်းပျော်လိုက်တာ၊ ကိုသုတ ကားပြန်လှည့်ဗျာ၊ ကျွန်တော် သူ့ဆီ ပြန်သွားချင်တယ်၊ သူ့မျက်နှာကလေးကို တွေ့ချင်တယ်၊ သူနဲ့ စကားပြောမှ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မယ်"

သူတစ်ကိုယ်လုံး ပျော်ရွှင်မှုတို့ဖြင့် တုန်ရီလာသည်။

"ဟာ ကိုအံ့ကလည်း၊ ခရီးက တော်တော်ကျိုးနေပြီ၊ ပြီးတော့ ညလည်း တော်တော် ညဉ့်နက်နေပြီလေ၊ သူ အိပ်ရောပေါ့၊ ဖုန်းဆက်လို့ရသားပဲ၊ ဖုန်းဆက်ကြည့်ပါ လား"

"အာ . . . ဖုန်း signal မမိဘူးဗျ၊ ခုချက်ချင်း ပြန်လှည့် ဗျာ၊ ခင်ဗျား ကျွန်တော့်အကြောင်း သိပါတယ်၊ ခုဆို ခုပဲ . . . ဒါဆို ဒါပဲဗျ၊ ပြန်လှည့် . . . ဒါမှမဟုတ်ရင် ကျွန်တော် မောင်းမယ်၊ ခင်ဗျား ကားရပ်လိုက်"

"ကျစ် မွေ့ပြီဗျာ . . . ကိုအံ့တို့ကတော့၊ အလကား ခရီးဖင့်ပြီဗျာ"

"ဟေ့လူ . . . အလကားဆိုတဲ့စကားကို ပြန်ရုတ်သိမ်းလိုက်၊ ဒါ ကျွန်တော့်ဘဝရဲ့ အရေးအပါဆုံး ကဏ္ဍတစ်ခုဗျ၊ ခင်ဗျား ဘာနားလည်လို့လဲ၊ ထမင်းမစားဘဲ ကျွန်တော် နေလို့ရတယ်၊ အချစ်မရှိဘဲ ကျွန်တော် နေလို့မရဘူးဗျ၊ ခင်ဗျား နှလုံးသား မပါဘူးလား၊ ခံစားချက်တွေ ကိုယ်ချင်းစာမှုတွေ ဘယ်ရောက်သွားလဲ၊ လှည့်ဗျာ . . . ခုချက်ချင်း




ကွေ့ချပစ်လိုက်၊ ကားရှင်း တယ် . . . လုပ်လုပ်"

သူက ဇွတ်အတင်း တိုက်တွန်းနေတာမို့ ကိုသုတ က စိတ်ပျက်လက်ပျက်ပုံစံမျိုးနှင့် ကားကို ပြန်ကွေ့လိုက်စဉ် မှာပဲ မှားခဲ့ပြီဖြစ်ကြောင်း သူ သိလိုက်သည်။ တည့်တည့်ကနေ အရှိန်ပြင်းပြင်း မောင်းလာနေသော ကားမီးရောင်ကို ဝင်းခနဲ တစ်ချက်သာမြင်လိုက်ရသည်။ ကန့်လန့်ဖြတ်ခံပေးလိုက်သလို ဖြစ်ကာ ကားနှစ်စီး၏ ထိခတ်သံက တိတ်ဆိတ်မှောင်မိုက်သော ညအချိန်မှာ ကျယ်လောင်လွန်းခဲ့ပါသည်။ သူ ဘာဖြစ်သွားမှန်းပင် သူ မသိတော့။

●●●

www.burmeseclassic.com

www.burmeseclassic.com




လိုက်ကာထူကြီး အမြဲတမ်းချထားရင်
နေရောင်ကို ဘယ်တော့မှ တွေ့မှာမဟုတ်ဘူး
မင်းရဲ့နှလုံးသားနဲ့ စိတ်ဝိညာဉ်ကို
ပိတ်ကာထားရင်
ခင်မင်မှုကို ဖန်တီးနိုင်မှာ မဟုတ်ဘူး ...
ပျော်ရွှင်မှုက မင်းဆီကို ရောက်လာလိမ့်မယ်လို့
မမျှော်လင့်ပါနဲ့၊ ကိုယ်က
ရှာထောင့်ပေါင်းစုံထနေ
လိုက်ရှာရမှာ ...



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ...၇



(၂၀၀)ရုပ်ပြည့် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... ၇

သူ သတိရလာချိန်မှာ နယ်ဆေးရုံကလေးတစ်ခုပေါ်မှာ။ သူ့ခေါင်းထဲမှာ ကိုက်ခဲနာကျင်နေသည်။ ရုတ်တရက်ထ,ထိုင်လိုက်တာနှင့် ခေါင်းထဲ တရိပ်ရိပ်မူးဝေလာခဲ့သည်။ သူ ဘာဖြစ်တာလဲ . . . ဒါ ဘယ်ဆေးရုံလဲ။

"ဟော . . . ရှင် သတိရပြီလား၊ အရမ်းမထ,နဲ့လေ၊ ဒဏ်ရာက ခေါင်းမှာ၊ ငြိမ်ငြိမ်လေး နားနေလိုက်ဦး"

သူနာပြုဆရာမကလေးက ကရုဏာသံကလေး နှင့်လာပြောသည်။

"ကိုသုတရော ဘာဖြစ်သွားလဲ . . ."

"သူကတော့ သတိမရသေးဘူးရှင်၊ COMA ဝင်နေ



www.burmeseclassic.com

www.burmeseclassic.com

တယ်လို့ ဆရာဝန်ကပြောတယ်၊ ရှင်လည်း ဦးနှောက်မှာ concussion ရထားတယ်၊ ငြိမ်ငြိမ်လေးနေနော်"

"မဟုတ်သေးဘူး . . . ကျွန်တော် သွားစရာရှိသေးတယ်၊ ကျွန်တော် သူ့ဆီသွားရမယ်"

သူ ဇွတ်တရွတ်ပင် ခေါင်းမာစွာ ထ,ရပ်လိုက်သည်။ ခေါင်းက ချာချာလည်သွားသဖြင့် သူ ခဏလေး ငြိမ်လိုက်သည်။

"အို . . . မရသေးဘူးလေ၊ မထ,ပါနဲ့ဦးဆို၊ ခဏလေးနေဦး၊ ကျွန်မ ဆရာဝန်သွားခေါ်လိုက်ဦးမယ်"

ဆရာမကလေး ပြေးခေါ်သဖြင့် ဆရာဝန်ရောက်လာပါသည်။ သူ့ခေါင်းက ဒဏ်ရာအခြေအနေကို ရှင်းပြ၏။

"ကျွန်တော့်ကို ဆေးရုံကနေ ဆင်းခွင့်ပေးပါ။ ကျွန်တော် လက်မှတ်ထိုးပြီး ဆင်းပါ့မယ်၊ ကျွန်တော့်အတွက် အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ပါ"

"ဆရာဝန်တစ်ယောက်အနေနဲ့ ကိုယ်ကတော့ ဆင်းခွင့် မပေးနိုင်ဘူး မောင်ရင်၊ မောင့်ရင့်ဦးနှောက်မှာ concussion ရထားတဲ့အခြေအနေ၊ ဘယ်မှမသွားနဲ့၊ ဆေးရုံ



ပေါ်မှာပဲ နားနေပါ"


သူ့ကို ဘယ်လိုမှပေးဆင်းမည့်ဟန်မရှိ . . .။ သူ ဒီဆေးရုံကလေးပေါ်မှာ ဘာလုပ်နေရမှာလဲ။ ကိုသုတ လည်း COMA ဝင်နေတာဆိုတော့ ဘယ်အချိန်ကျမှ သတိရမည် မသိ။ သူ ကုတင်ပေါ်မှာ အေးအေးဆေးဆေးဟန်ဖြင့် လှဲလျောင်းကာ အခြေအနေကို အသာစောင့်ကြည့် အကဲခတ်နေလိုက်ပါသည်။ သူ့အနားမှာ လူသူရှင်းသွားချိန် ဆရာဝန်နှင့် သူနာပြုတွေ တခြားမှာ အလုပ်များ ရှုပ်ထွေးနေချိန်မှာ သူ ခပ်တည်တည်နှင့် အသာလေး လစ်ထွက်လာခဲ့ပါသည်။

●●●



www.burmeseclassic.com

www.burmeseclassic.com





အဝေးပြေးကားကြီးတစ်စင်းကို တားကာ သူ လမ်းကြုံလိုက်ခဲ့သည်။ သူ့နှလုံးသားကလေး တည်ရှိနေရာ ပင်လယ်ကမ်းခြေမြို့ကလေးဆီပေါ့။ ကံကောင်းချင်တော့ ကားက အဲဒီမြို့ကလေးဆီပဲ သွားမှာ။ သူ့အကြောင်းတွေ ရှည်ရှည်ဝေးဝေး ပြောပြမနေ။ သူ တိတ်တိတ်ဆိတ်ဆိတ်ပဲ လိုက်လာခဲ့၏။ ကားသမားက သူကြားဖူးပြီးသား သီချင်းဟောင်း တစ်ပုဒ်ကို အပီအပြင် ဟစ်ကြွေးပြီး ပါလာသည်။

"ဒီသီချင်းက ခုတလော အရမ်းခေတ်စားနေတာဗျ"



"ကျွန်တော်သိပါတယ် . . . (   ) ရဲ့ (   ,) မှလား၊ အဲဒီသီချင်းပေါ်နေတာ နှစ်နှစ်လောက်ရှိပါပြီဗျာ"

"ဟာ . . . ခုမှထွက်တာဗျ၊ ကျွန်တော်က (   ) ခရေဖီ ထွက်ထွက်ချင်း မန်းလေးကနေ ဝယ်လာတာ၊ မနေ့တစ်နေ့ကမှ အသစ်ထွက်ထားတာ၊ ဘယ်က နှစ် နှစ်ရှိရမှာလဲ၊ အခွေကာဗာလည်း ကြည့်ပါဦး"

သူ အခွေကာဗာကို ယူကြည့်လိုက်ပါသည်။ အခွေမှာ ထွက်သည့်ရက်စွဲတစ်ခု ပါသည်။ . . . ၂၀၁၀။ သူ့မျက်လုံးတွေ အဝိုင်းသားဖြစ်သွားပါ၏။ တစ်ခုခုတော့ မှားနေပြီ။


"ဒီနေ့ရက်စွဲလေး ပြောပြပါဦးဗျ . . ."

"ဖေဖော်ဝါရီ တစ်ရက်လေဗျ . . ."

"ခုနှစ် . . . ခုနှစ် သိချင်တာ"

"ရော် . . . ဘယ်လိုလုပ်လဲဗျာ၊ ခင်ဗျားကပဲ ထူးတာလား၊ ကျွန်တော်ကပဲ ထူးတာလား မသိတော့ဘူး ကိုယ့်ဆရာရေ၊ ခုနှစ်က ၂၀၁၀ ဗျ၊ ခင်ဗျားက ဘယ်သက္ကရာဇ်က ရောက်နေလို့လဲ"

www.burmeseclassic.com





သူ ခေါင်းတွေ ချာချာလည်သွားပြီး နှလုံးသားက ပရမ်းပတာ ခုန်ပေါက်ထွက်လာမတတ် ရင်ဘတ်ထဲမှာ ဒုန်းစိုင်းလာခဲ့သည်။ သူ့ရဲ့ time machine clock ကလေး ဘယ်ရောက်သွားပါလိမ့်။ သူ့ ကုတ်အင်္ကျီထဲမှာ . . .။ ဒီနာရီကလေး တကယ်ပဲ အသက်ဝင်လာခဲ့ပြီလား။ တကယ်ပဲ သူ ၂၀၁၀ ဖေဖော်ဝါရီလဆန်းဆီ ရောက်နေခဲ့တာလား။ ဒါဆိုရင် ရှီးရာမေ လက်မထပ်ရသေးဘူးပေါ့၊ ဟာ အဲဒါ တကယ်ပဲလား၊ သူ မယုံနိုင် . . .။ ကြက်သီးမွေးညင်းတွေ သူ့တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွားခဲ့သည်။

●●●



မြို့ကလေးဆီ သူ ပြန်ရောက်လာသည်။ သူ့မြင်ကွင်းထဲမှာ အရာရာသည် ဘာမှန်းမသိ တစ်ခုခုတော့ ထူးခြားနေပါသည်။ ပထမဆုံး သူ သွားခဲ့သည်မှာ 'ရှေးရှီးရာ' ဆိုင်ကလေးဆီသို့ဖြစ်သည်။ သူမက သူ့ကို မမြင်ပါ။ လူတစ်ယောက်နှင့် ရယ်ရယ်မောမော စကားပြောနေခဲ့သည်။ အဲဒီလူက လူရွယ်ချောတစ်ယောက် . . .။ သူမ၏ မျက်ဝန်းတွေထဲမှာ အရည်တဖိတ်ဖိတ်လက်နေသော ရွှန်းစိုတောက်ပမှုကို မြင်ရရုံဖြင့် အဲဒီလူဟာ သူမ လက်ထပ်မည့် ခင်ပွန်းလောင်းဆိုတာ သူ သေချာသွားခဲ့သည်။ သူမတို့နှစ်ယောက် တိုးတိုး

www.burmeseclassic.com



တိုးတိုးနှင့် ဘာတွေပြောနေမှန်း သူ မသိပါ။ သေချာထင်ရှားတာကတော့ သူမ သိပ်သိပ်ပျော်နေတာပဲဖြစ်သည်။ မျက်နှာကလေးက ကြည်လင်ရွှန်းမြလွန်းပြီး လတ်ဆတ်ချိုမြလွန်းနေခဲ့သည်။ ပါးပြင်ကလေးနှစ်ဖက်မှာ ပန်းသွေးရောင်နုနု လွှမ်းလို့ . . . သူမ သိပ်လှလွန်းလိုက်တာ . . .။

သူ ဆိုင်ထဲမှာ အချိန်ဖြုန်းရင်း ရှေးဟောင်းပစ္စည်းကလေးတွေကို လိုက်ကြည့်နေလိုက်သည်။ တော်တော်လေးကြာမှ . . .

“ဒါဖြင့် ကိုယ် ပြန်လိုက်ဦးမယ် ချစ်လေး၊ ညကျရင် အိမ်လာခဲ့မယ်လေ . . . နော်၊ လှလှလေး ပြင်ထားနော် . . . ဘိုင့်ဘိုင် ချစ်”

“ဘိုင် . . . ကို၊ နေဦး . . . အဝထိလိုက်ပို့ပေးမယ်၊ love you ကို”

“love you too ချစ်”

ချိုမြရွှန်းလဲ့သော အကြည့်နက်နက် အပြုံးလက်လက်တို့ဖြင့် ထိုသူပြန်သွားခဲ့သည်။ အဲဒီတော့မှ သူမ၏အာရုံက ဆိုင်ထဲရှိ သူ့ဆီရောက်လာဖော်ရတော့သည်။



“အေးအေးဆေးဆေး ကြည့်ပါနော်၊ စိတ်ဝင်စားတာတွေ့ရင်လည်း ကျွန်မကိုပြောပါ၊ ကျွန်မ ထုတ်ပြပေးပါ့မယ်၊ သိချင်တဲ့အချက်အလက်တွေလည်း ရှင်းပြပေးပါ့မယ်”

သူမက သူ့ကို တည့်တည့်လှမ်းကြည့်ပြီး ပါးချိုင့်အပြုံးကလေးနှင့် ကြည်လင်ချိုသာလွန်းစွာ လှမ်းပြောစဉ်မှာ သူ့ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ သူမ၏ မျက်ဝန်းအကြည့်မှာ အခုမှ ပထမဆုံးတွေ့ဖူးသော သာမန်လူတစ်ယောက်ကို ကြည့်တာထက် လုံးဝမပိုပါ။ ဆိုင်ထဲရှိ ပြက္ခဒိန်ကလေးကို သူ အမှတ်မထင်လှမ်းကြည့်မိသည်။ ၂၀၁၀ ဖေဖော်ဝါရီ . . .။ သူ့ကို သူမ လုံးဝမသိတာ မဆန်းပါ။

“ကျေးဇူးပါ ညီမ၊ ကျွန်တော် ဒီမှာ time machine clock ကလေးဘာလေးများ ရမလားလို့ လာကြည့်မိတာပါ”

“သြော် . . . ဆောရီးပါရှင်၊ ခုလောလောဆယ်တော့ ကျွန်မဆီမှာ မရှိသေးပါဘူးရှင်၊ ရွှေအစစ်နဲ့ လုပ်ထားတဲ့ ရှေးဟောင်း OMEGA နာရီကလေးတစ်လုံးတော့ရှိတယ်၊ စိတ်ဝင်စားရင် ပြပေးမယ်လေ”

“ကျွန်တော့်မှာ ဒါလေးရှိတယ်၊ ညီမ စိတ်ဝင်စား

www.burmeseclassic.com

www.burmeseclassic.com



မလား မသိဘူး . . .”

သူ ကုတ်အင်္ကျီအိတ်ထဲက time machine clock ကလေးကို ထုတ်ပြလိုက်သည်။ သူမမျက်ဝန်းတွေ တဖျတ်ဖျတ် တောက်ပရွှန်းလက်သွားကြပါသည်။

“အိုး . . . ဒီပစ္စည်းလေးက အီဂျစ်ရှေးဟောင်းပစ္စည်း ကလေးပဲ၊ ကြေးနဲ့လုပ်ထားတာ၊ ကြည့်စမ်း . . . time machine clock ကလေးပဲ၊ ဖေဖေသာတွေ့ရင် အရမ်း စိတ်ဝင်စားမှာ၊ ရှင် ရောင်းဖို့စိတ်ကူးရှိလားဟင်၊ ရောင်းမယ်ဆိုရင် ကျွန်မကို ပြောပါ၊ ကျွန်မ ဝယ်ချင်ပါတယ်”

သူမ ပုံစံကလေးက တကယ့်ကို ထက်ထက်သန်သန်ကလေး . . .။

“ဆောရီးပါဗျာ၊ ဒါလေးက ကျွန်တော့်ရင်ဘတ်ရဲ့ တခြား အခြမ်းပိုင်ရှင်ကလေးက ပေးထားတဲ့ အမှတ်တရလက်ဆောင်ကလေးမို့ပါ၊ ကျွန်တော့်အတွက် အသက်တမျှ အရမ်း အရေးပါတယ်လေ”

“သြော် . . . သြော်၊ ဒါဆိုရင်လည်း ကျွန်မ နားလည်ပါတယ်ရှင်၊ အေးအေးဆေးဆေး ဆက်ကြည့်ပါ၊ ကျွန်မ နေ့လည်စာ ထွက်စားလိုက်ပါဦးမယ်”

သူမက နာရီကလေးကို သူ့လက်ထဲသို့ ပြန်ထည့်ပေးပြီး ဆိုင်ထဲကနေ ထွက်သွားခဲ့သည်။ သူက သူမ သူ့ကို သတိ မထားနိုင်ခင်မှာ ဆိုင်ထဲကနေ လှစ်ခနဲ ထွက်လာခဲ့ပြီး ‘ဆုံစည်းရာ’ ဆိုင်ကလေးဆီသို့ မာရသွန်အပြေးသမားတစ်ယောက်၏ စံချိန်စံနှုန်းဖြင့် ပြေးလာခဲ့သည်။ သူမက အေးအေးဆေးဆေး လျှောက်လည်မည့်သူဆိုတော့ တော်တော်နှင့် ရောက် မလာသေး . . .။

သူက သူမကို အနည်းငယ်တော့ အံ့ဩစေချင်သေးသည်မို့ သူမ အမြဲထိုင်နေကျ စားပွဲကလေးမှာ ကြိုတင်ဦးထားလိုက်ကာ သူမ စားနေကျဖြစ်သည့် ငါးအကောင်လိုက် အသားလွှာကို butter အုပ်ကာ ကြော်ထားသော Fish and Chips ရယ်၊ အရွက်သုပ် salad ရယ်၊ အာလူးမွှေရယ်ကို ကြိုတင်၍ မှာထားပေးလိုက်ပါသည်။ ပြီးတော့ latte ကော်ဖီကို သကြားတစ်ဇွန်းနှင့် . . .။

ခဏအကြာမှာ ဆိုင်ထဲသို့ သူမ ဝင်လာခဲ့ပါသည်။ သူမ ထိုင်နေကျနေရာမှာ ကြို၍ ရောက်နှင့်နေသော သူ့ကို

www.burmeseclassic.com

မြင်တော့ မျက်ခုံးတွေပင့်သွားကာ အံ့သြဟန်ကလေးဖြင့် လှမ်းကြည့်သည်။

"ခုဏက ကျွန်မရဲ့ဆိုင်ထဲမှာ တွေ့ခဲ့တဲ့သူမှလားဟင်၊ ရှင့်မှာ အမြွာတွေဘာတွေတော့ မရှိပါဘူးနော်"

"မရှိပါဘူးဗျာ၊ ကျွန်တော်ပါပဲ ... ဗိုက်ဆာလာတာနဲ့ Lunch လာစားတာပါ၊ ညီမ ထိုင်ပါလား၊ ကျွန်တော် ကျွေးပါ့မယ်"

"အို ... နေပါစေ၊ ရှင်က ဧည့်သည်ပါ၊ ကျွေးချင်းကျွေးရင် ကျွန်မက ကျွေးရမှာ"

သူမက တခြားစားပွဲတစ်ခုမှာ သွားထိုင်မည့် ဟန်ပြင်ဆဲ သူမှာထားသော အစားအသောက်တွေကို ဗန်းကြီးနှင့် ထည့်ယူလာသော စားပွဲထိုးရောက်လာပါသည်။

"ဒီမှာပဲ ထိုင်လိုက်ပါလား ညီမ၊ ကျွန်တော် ညီမအတွက်ပါ မှာထားလိုက်လို့ပါ"

"ရှင် ..."

သူမ မျက်နှာပေါ်မှာ အံ့သြရိပ်တွေ တရိပ်ရိပ် ဖြတ်ပြေးသွားသည်။ စားပွဲထိုးကလေးချပေးနေသော အစား



အသောက်တွေကိုလှမ်းကြည့်နေဟန်က ပါးစပ်အဟောင်းသားကလေး ...။

"latte ကို သကြားတစ်ဇွန်းနဲ့ ကျွန်တော်မှာထားပေးပါတယ်"


"ဟင် ... ရှင်က ဘယ်လိုသိတာလဲ၊ အံ့သြဖို့ကောင်း လိုက်တာ၊ ရှင် ကျွန်မကို ကြိုသိနေခဲ့တာလား၊ ကျွန်မရဲ့ စိတ်ကို လှမ်းဖတ်နိုင်တာလား၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ ကျွန်မ စိတ်ဝင်စားသွားပြီ၊ ဒီမှာပဲ ထိုင်လိုက်ပါတော့မယ်၊ ရှင်က mind reader လားဟင်"

သူမပုံစံက အမှန်တကယ်ပင် impress ဖြစ်သွားသည့်ပုံပါ။ သူ ဣန္ဒြေရရပဲ ပြုံးနေလိုက်ပါသည်။

"တိုက်ဆိုင်မှုပဲ ဖြစ်ပါလိမ့်မယ် ညီမရယ် ... စားပါဦး"

သူမက ဓားနှင့်ခက်ရင်းကို ကျင်လည်စွာသုံးပြီး ငါးကြော်ကိုစားနေသည်။ သူ့မျက်ဝန်းတွေက သူမဆီမှ ဘယ်လိုမှ မခွာနိုင်။ နစ်ခနဲ စိုက်စိုက်ငေးမိသွားတာလို့ မကြာခဏပဲ သတိထား ချုပ်ထိန်းနေရပါသည်။

www.burmeseclassic.com



"ရှေးရိုးရာဆိုတဲ့ နာမည်ကလေးက အရမ်းလှတယ်နော်၊ သိမ်မွေ့နက်ရှိုင်းပြီး မဟာဆန်တယ် . . . ညီမနဲ့လိုက် တယ်"

သူမလက်ထဲက ခက်ရင်းပြုတ်ကျသွား၏။

"အဲဒါ ဆိုင်နာမည်လေ၊ ကျွန်မနာမည်ပါလို့ ရှင့်ကို ကျွန်မ မပြောမိပါဘူး"

"ကျွန်တော် ခန့်မှန်းကြည့်လိုက်တာပါ၊ ဆိုင်နာမည်နဲ့ ညီမနဲ့လိုက်တယ်လို့ ဆိုချင်တာပါ၊ ကျွန်တော့်နာမည် အံ့ညြ အောင်မြင်ပါ၊ ဒီမြို့ကလေးကို အလည်လာ အပန်းဖြေရင်း ပန်းချီလာဆွဲတာပါ"

"သြော် . . . တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

"ညီမကိုကြည့်ပြီး ကျွန်တော် ခန့်မှန်းကြည့်တာပါနော်၊ မတော်တဆ မှန်သွားခဲ့ရင် သိပ်မအံ့ညြလိုက်နဲ့ဦး၊ ညီမ ကို ကြည့်ရတာ မကြာခင် လက်ထပ်တော့မယ့် သတို့သမီးလောင်း တစ်ယောက်လိုပဲ စိတ်လှုပ်ရှား ပျော်ရွှင် နေသလားလို့ . . ."

"ဘုရားရေ . . . ရှင် အကြားအမြင်တွေ ဘာတွေ များ ရနေသလားဟင်"

သူမ ယောင်ယမ်း၍ပင် ဝုန်းခနဲ ထ,ရပ်လိုက်ပါသည်။

"မရပါဘူး . . . ကျွန်တော် ဒီလိုပဲ ဆက်စပ်ခန့်မှန်းကြည့်ရုံသက်သက်ပါ၊ ညီမရဲ့ မျက်လုံးကလေးတွေက သိပ်အသက်ဝင်နေတယ်လေ၊ ဒါပေမယ့် ပါးပြင်ကလေး နှစ်ဖက်ကလည်း ပန်းသွေးရိပ် ပြေးနေသေးတယ်၊ အမူအရာကလေးတွေက လန်းဆန်းတက်ကြွနေသေးတယ်၊ အဲဒါ သတို့သမီးလောင်းတွေရဲ့ လက္ခဏာပေါ့၊ မဟုတ်ဘူးလား . . ."

"အို . . . ရှင် တကယ်ထူးဆန်းတယ်၊ အဲဒါတော့ မငြင်းနဲ့၊ ကျွန်မ အံ့ညြလို့ သေတော့မယ်၊ ကျွန်မက ဗေဒင်တွေ အကြားအမြင်တွေလည်း ယုံတတ်တာ မဟုတ်ဘူး၊ မေးလေ့လည်း မရှိဘူး၊ ရှင့်ကို ပထမဆုံး တွေ့ဖူးတာပဲ၊ ရှင် ကျွန်မ အကြောင်း ဘာတွေသိသေး လဲဟင် . . . ပြောပြပါဦး"


သူမက မိန်းကလေးတို့ ထုံးစံအတိုင်း သူမအကြောင်းသူမ ပြန်သိချင်နေပြန်သေးသည်။ သူ သဘောကျစွာ ပြုံးပြမိသည်။





www.burmeseclassic.com

www.burmeseclassic.com




"ဒါလောက်ပါပဲ ညီမရယ် . . ."

သူမက သူ့ကို ဖျတ်ခနဲကြည့်ကာ အကြည့်ပြန်လွှဲသွား၏။ ဒါပေမယ့် သူ့ကိုတော့ မသိမသာ အကဲခတ်နေဟန်ရှိပါသည်။ သူ့အတွေးတွေကတော့ တစ်နေရာမှာ စူးနစ်စိုက်တန့်လို့နေပါသည်။ အချိန်နှစ်ပတ်ပဲ သူ ရတော့သည်။ အဲဒီအချိန်ကလေးအတွင်းမှာ သူမဘဝ၏ အဖြူရောင်စာမျက်နှာပေါ်မှာ စွန်းထင်လာတော့မည် အမည်းစက်တစ်ခုကို စွန်းထင်းခွင့်မရအောင် သူ ကာကွယ်ပေးရလိမ့်မည်။

●●●





●●●●●

ဖေဖော်ဝါရီ (၂) ရက် . . . ၂၀၀၀

●●●●●


ကြိုတင်မမျှော်လင့်မထားခဲ့တဲ့
သာယာနှစ်သိမ့်မှုက
စိတ်ဉီကျနပြင်ဆင်ထားခဲ့တာထက်
ပိုပြီးပျော်ရွှင်စေပါတယ် . . .



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ...၈





www.burmeseclassic.com

www.burmeseclassic.com

# အခန်း … ၈

သူငှားထားသော အိမ်ကလေးဆီ သူ ရောက်သွားတော့ အဲဒီမှာ တခြားလူတွေ နေနေခဲ့သည်။ ဆိုင်ကယ်လ်ကလည်း သူ ငှားစီးထားသော ဆိုင်ကယ်လ်မဟုတ်။ သူ့ကိုယ်ပေါ်မှာ အဖိုးတန်တာဆိုလို့ သူ့မွေးနေ့အမှတ်တရ မေမေဝယ်ပေးထားခဲ့သော Rolex နာရီကလေးတစ်လုံးသာ ရှိ၏။ ထိုနာရီကလေးကို နှမြောတသ,စွာပင် သူ ရောင်းချပစ်လိုက်ရပြီး သူမ ဆိုင်ကလေးနှင့် အနီးဆုံး တည်းခိုခန်းကလေးတစ်ခန်းကို ငှားလိုက်သည်။ သူ ဘာလုပ်ရမလဲဆိုတာကို စနစ်တကျ အစီအစဉ်ဆွဲသည် . . .။



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနေ့အတွက် သူ့ရဲ့အစီအစဉ်က အဖြူရောင်နှင်းဆီပန်းပွင့်တွေကို ကြွေပန်းအိုးလှလှကလေးမှာ ထိုးစိုက်ပြီး သူမဆိုင်သို့ ရောက်လာခဲ့သည်။ နှင်းဆီဖြူတွေမြင်တော့ သူမက အရမ်းအံ့ဩပျော်ရွှင်သွားဟန် မျက်နှာကလေးဖြင့် . . .

"အိုး . . . ကျွန်မအချစ်ဆုံး နှင်းဆီဖြူတွေ ရှင် သိနေပြန်ပြီ"

"ဟုတ်လား . . . တိုက်ဆိုင်ပြန်တာဖြစ်မှာပါ ညီမရဲ့၊ နှင်းဆီဖြူတွေမြင်တာနဲ့ ညီမကို သတိရတာနဲ့"

"ကျေးဇူးပါရှင် . . ."

ထိုအချိန်မှာ သူမ mobile ဖုန်းကလေးမြည်လာခဲ့သည်။

"ဟယ် . . . ကို၊ လာနေပြီလား . . ."

ဝမ်းသာအားရကလေးမေးပြီးမှ သူမ ဖျတ်ခနဲ ငြိမ်သွားသည်။ နှုတ်ခမ်းကလေးကိုက်ကာ ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ပြီးမှ . . .

"အိုကေလေ . . . ကို မလာနိုင်လည်း ဘာတတ်နိုင်မှာလဲ၊ ချစ်တစ်ယောက်တည်းပဲ သွားရတော့မှာပေါ့၊ ပြီးရောလေ . . . တစ်ခုခုဆို ဖုန်းဆက်လိုက်နော်၊ OK... Love You"

သူမက ဖုန်းကိုပိတ်လိုက်ပြီး သက်ပြင်းတစ်ချက်ချသည်။

"ကျွန်မရဲ့ သတို့သားလောင်းလေ၊ သူ့ ဘော့(စ်)ရောက် လာလို့ သွားကြိုပေးရမယ်တဲ့၊ ကျွန်မတို့ လက်ထပ်ဖို့ နှစ်ပတ်ပဲလိုတော့တာ၊ ဖိတ်စာတွေ ခုထိမဝေရသေးဘူး၊ မင်္ဂလာဆောင်မှာ thank you အတွက် ပြန်ကမ်းဖို့ ပစ္စည်းလေးတွေ ဒီနေ့ဝယ်မယ်ပြောထားတာ၊ ဒီပုံအတိုင်းဆို သူမပါဘဲ ကျွန်မတစ်ယောက်တည်း သွားရတော့မယ့်ပုံပဲ"

"ကျွန်တော် အားနေတယ်၊ အဖော်လိုက်ခဲ့ပေးရမလား ညီမ၊ အနည်းဆုံးတော့ ဆိုင်ကယ်လ်မောင်းပို့ပေးလို့ရတယ်လေ"

"အင်း . . . အဖော်တစ်ယောက်တော့ လိုသာ အမှန်ပဲ၊ ဖိတ်စာတွေထည့်ထားတဲ့ဗူးကို တစ်ယောက်က နောက်ကနေကိုင်ရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကိုင်ပေးပါ့မယ် . . ."

"ကျေးဇူးတင်ပါတယ်ရှင်၊ မနေ့ကမှ ခင်မင်ကြတာ ဒီနေ့ ချက်ချင်းခိုင်းသလို ဖြစ်နေပြီနော်"

"ညီမက ခိုင်းတာမဟုတ်ပါဘူး၊ ကျွန်တော်က လုပ်ပေးချင်တာပါ"

"ဒါဖြင့်လည်း သွားမယ်လေ၊ ဟောဒီမှာ ဖိတ်စာပုံး"

"ပေး . . . ကျွန်တော် သယ်သွားပေးမယ်၊ thank you အတွက် ဘာပြန်ပေးဖို့ စိတ်ကူးထားလဲ ညီမ"

"ကျွန်မ ဘာပေးရမှန်း မသိသေးဘူး၊ gift shop ကို အရင်ဝင်လိုက်ရင်ကောင်းမယ်နော်၊ idea ကလေး ရသွားရင် order မှာလိုက်ရုံပဲ၊ နှစ်ပတ်ပဲ အချိန်ရှိတော့တာလေ၊ ကျွန်မရဲ့ မင်္ဂလာပွဲက . . ."

"ဖေဖော်ဝါရီ ဆယ့်လေးမှလား"

"အို . . . ရှင်သိနေပြန်ပြီ၊ ဘယ်လိုလုပ်ပြီး သိလဲဟင်"

"ခန့်မှန်းကြည့်တာပါ . . . ဖေဖော်ဝါရီ (၁၄)ရက်နေ့ဆိုတာ ချစ်သူတွေအတွက် အမြဲတမ်း အမှတ်ရစရာ နေ့ကလေးဆိုတော့ များသောအားဖြင့် ဒီလိုနေ့မျိုးကို မင်္ဂလာနေ့အဖြစ် ရွေးချယ်လေ့ရှိတတ်တယ်လေ"

"ထားပါတော့လေ၊ ဘာပဲဖြစ်ဖြစ် ရှင့်ကိုတော့ ကျွန်မ အံ့ဩနေတာ အမှန်ပဲ ကိုအံ့ဩရဲ့၊ မနေ့ကမှတွေ့တာ ဆိုပေမယ့် ရှင်က ကျွန်မအံ့ဩအောင် အများကြီး လုပ်နိုင်ခဲ့တယ်၊ ကဲ . . . သွားစို့၊ gift shop ကို အရင်သွားလိုက်မယ်နော်၊ ကျွန်မက နယ်ခံဆိုတော့ လမ်းတွေ အကုန်သိတယ်၊ ကျွန်မပဲ မောင်းလိုက်တော့မယ်၊ ရှင်က နောက်ကနေလိုက်စီးလို့ဖြစ်တယ်မှုလားဟင်၊ ဖိတ်စာ ဗူးကလေးပဲ သေချာကိုင်ထားပေးနော် . . ."


"စိတ်ချ . . . ညီမ"

ဖိတ်စာအိတ်ကလေးတွေက လက်တစ်ဝါးစာ အရွယ်ကလေးတွေပဲဖြစ်သည်။ gift shop ရောက်တော့ သူက သူမလက်ဆောင်ပစ္စည်းကလေးတွေ လိုက်ကြည့်နေစဉ်မှာ ကဒ်ပြောင်ကလေးတွေ တစ်ရာစည်းတစ်စည်း သူမ မသိအောင် ဝယ်ထားလိုက်သည်။ gift shop ကလေးက တော်တော်စုံစုံလင်လင်ပါ။ hand made card ကလေးတွေ အရုပ်ကလေး





www.burmeseclassic.com





www.burmeseclassic.com

တွေ၊ ကီးချိန်းကလေးတွေ၊ Fridge Magnets ကလေးတွေ၊ မှတ်စုစာအုပ်နှင့် ဘောလ်ပန်ကလေးတွေ၊ ကားရေမွှေးပုလင်းသေးသေးလေးတွေ၊ ဖိုတိုစတဲန်း(ဒ်)ကလေးတွေ စသဖြင့် . . .။ သူ စိတ်ကူးတစ်ခုရသွားကာ . . .

"ကျွန်တော် အကြံတစ်ခုပေးရမလား ညီမ"

"အင်း . . . ပြောပါဦး"

"ချောကလက်တစ်ခါစားဗူးကလေးတွေ ကျွန်တော်တွေ့တယ်၊ ရွှေရောင်ဗူးကလေးတွေနဲ့ . . .၊ လူတိုင်း ချောကလက် ကြိုက်ကြမှာပဲ၊ ပြီးတော့ ချောကလက်ဆိုတာ အချစ်ရဲ့သင်္ကေတလေ"

"အိုး . . . အဲဒီစိတ်ကူး ကျွန်မ ဘာလို့မရတာပါလိမ့်၊ ဟုတ်သားပဲ . . . အဲဒီနေ့က valentine's day လည်း ဖြစ်တော့ ချောကလက်ကလေးတွေ ပြန်ဝေတာကောင်းမယ်၊ ကျေးဇူးပါရှင် . . . ကျွန်မ ချောကလက်ပဲ မှာလိုက်တော့မယ်"

"အိုကေ . . . အေးဆေးသာလုပ်၊ ကျွန်တော် အပြင်က စောင့်မယ်"


သူမ ဆိုင်ထဲမှာ အလုပ်ရှုပ်နေဆဲ သူ ခပ်သွက် သွက် လှုပ်ရှားရသည်။ ဆိုင်နှင့် မလှမ်းမကမ်း အကွယ်တစ်နေရာမှာ သူမဖိတ်စာတွေနှင့် ကဒ်ပြောင်ကလေးတွေကို အစားထိုးလဲထားလိုက်ခြင်းဖြစ်သည်။ စာအိတ်ပေါ်မှာ နာမည်တွေရေးထားပြီးသား။ သူ ပြီးလုလုလောက်ရှိချိန်မှ သူမ ဆိုင်ထဲကနေ ပြန်ထွက်လာသည်။

"သွားစို့ ကိုအံ့သြ . . .၊ ချောကလက်က ရွေးရသေးတယ်၊ အမြည်းစားတာနဲ့တင် တော်တော်မျှားသွားတယ်၊ ဖိတ်စာဝေတဲ့လုပ်ငန်း စကြစို့ . . ."

လိပ်စာတွေအတိုင်း သူမကိုယ်တိုင်ပဲ မောင်းကာ သူမကိုယ်တိုင်ပဲ သွားဖိတ်ပါသည်။ တစ်အိမ်တစ်အိမ်ကို သိပ်အကြာကြီး မနေ။ ဖိတ်စာပေး စကားစမြည် နည်းနည်းပြောပြီးတာနှင့် သူမ ချက်ချင်းပြန်ရောက်လာတတ်သည်။ သူ့တာဝန်က သူမ မရှိခိုက်မှာ လုံ့လကြီးစွာဖြင့် စာအိတ်ထဲက ကဒ်ချင်း လဲထည့်နေရခြင်းသာဖြစ်၏။

"ရှင် ပင်ပန်းနေပြီလားဟင်၊ ဒီမြို့မှာက ဖေဖေရော ကျွန်မရော သူပါ လူချစ်လူခင် အရမ်းပေါ၊ မိတ်ဆွေ အရမ်းပေါတယ်လေ၊ ဒါတောင် သူ့ဘက်တစ်ရာ ကျွန်မဘက်တစ်ရာ

www.burmeseclassic.com



လူနှစ်ရာပဲ ဖိတ်နိုင်တာ၊ ဖေဖေ့မိတ်ဆွေတွေက ငါးဆယ်၊ ကျွန်မ သူငယ်ချင်းတွေက ငါးဆယ်ပေါ့၊ ဒီနေ့တော့ ကျွန်မဘက် ငါးဆယ်ကို ပြီးအောင် ဝေထားလိုက်မယ် . . . ရှင်ဖြစ်ပါတယ်နော်"

"သိပ်ဖြစ်တာပေါ့ ညီမရယ် . . ."

သူမက တစ်ချက်ကလေးမှ ပင်ပန်းနွမ်းလျှဟန်မပြဘဲ လန်းဆန်းတက်ကြွနေပါသည်။ နေ့လည်စာကို ဆိုင်တစ်ဆိုင်မှာပဲ အလွယ်တကူ ဖြေရှင်းလိုက်ကြတာ . . . ဖိတ်စာ ဆက်ဝေကြသည်မှာ ညနေစောင်းတဲ့အထိပင်။

"ကျွန်မ ရှင့်ကိုလည်း ဖိတ်ပါရစေနော် . . ."

သူမက ဖိတ်စာအိတ်အလွတ်ကလေးမှာ သူ့နာမည်ရေးပြီး လှမ်းပေးသည်။

"စိတ်ချပါ . . . ကျွန်တော် ဆက်ဆက်လာခဲ့ပါ့မယ်၊ မနက်ဖြန့်လည်း ကျွန်တော် ညီမဆီ လာခဲ့ဦးမှာပါ။ လိုအပ်တဲ့ အကူအညီရှိရင် အားမနာပါနဲ့၊ ကျွန်တော် ကူညီချင်လို့ပါ . . .၊ ဘာရည်ရွယ်ချက် ဘာမျှော်လင့်ချက်မှ မပါဘူးဆိုတာ ယုံပေးရင် ကျေနပ်ပါတယ်"




"ယုံပါတယ်ရှင် . . . ကျွန်မက လူတွေကို အလွယ်တကူ ခင်မင်တတ်တဲ့သူပါ။ ဟိတ်ဟန်တွေ ဟန်ဆောင်ကာမှုပိုတွေ ကျွန်မ မလုပ်တတ်ဘူး၊ ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးသားသားပဲ ကျွန်မ ဆက်ဆံတတ်တယ်၊ တစ်ခါ ခင်မိရင်လည်း တစ်သက်မမေ့တော့ဘူး၊ ယောကျ်ား မိန်းမရယ်လို့လည်း မခွဲခြားတတ်ဘူး၊ တကယ်ပြောတာပါ . . . ကိုအံ့ဩကို ကျွန်မ ခင်ပါတယ်၊ ဒီနေ့မှ ပိုခင်မိသွားတယ်ဆိုရင် ပိုမှန်လိမ့်မယ်၊ မနက်ဖြန် လာခဲ့လေ၊ ကျွန်မရဲ့ 'ကို'နဲ့ မိတ်ဆက်ပေးမယ်၊ ကျွန်မရဲ့ သူငယ်ချင်း အသစ်ကလေးပေါ့"

●●●



www.burmeseclassic.com

www.burmeseclassic.com



ညက တိတ်ဆိတ်နေပါပြီ။ သန်းခေါင်ကျော်ပြီဆိုတော့ လူတိုင်း အိပ်မက်လှလှတွေ မက်နေလောက်ရောပေါ့။ သူသာလျှင် သူခိုးတစ်ယောက်လို မအိပ်နိုင်သေးဘဲ နိုးကြားဖျတ်လတ်နေခဲ့ခြင်းဖြစ်သည်။ ခြံစည်းရိုးတံခါးကို အလွယ်တကူ မဟုတ်လှပေမယ့် သိပ်မခက်ခဲဘဲ သူ ကျော်တက်လာနိုင်ခဲ့သည်။ ဒီခြံနှင့် ဒီအိမ်ကို သူ တံခါးမရှိ ဓားမရှိ ဝင်ထွက်ခဲ့ဖူးသည်မို့ သူ့အတွက် အရာအားလုံးက ရင်းနှီးနေပါ၏။ ခြံနောက်ဘက်မှာ ကြောင်အိမ်လှေကားတစ်ခုရှိပြီး အဲဒီကနေတက်လျှင် အပေါ်ထပ်သို့ ရောက်သည်။ တံခါးက မှန်တံခါး




ပဲမို့ မှန်ကို မှန်ဖြတ်လွှကလေးနှင့် အရာပေးပြီး အချပ်လိုက်ကလေး လှီးထုတ်လိုက်လျှင် သူ့လက်သွင်းလို့ရသွားပြီး တံခါးကို အသာပဲ ဖွင့်နိုင်ခဲ့သည်။ တန်းတန်းမတ်မတ် သူ ရောက်လာသည်က အပေါ်ထပ်ရေချိုးခန်း . . .။ အပေါ်ထပ်မှာ ဘုရားခန်းရယ်၊ စာကြည့်ခန်းရယ်၊ သူမ၏အခန်း သူမဖေဖေ၏ အခန်းရှိသည်။ တစ်အိမ်လုံးမှာ ရှေးဟောင်းပစ္စည်းလက်ရာများဖြင့် လွှမ်းမိုးထားပါ၏။ သူ့လက်ထဲမှာ ဘောလ်ပန်သာသာ ဓာတ်မီးကလေးပါသည်။ စာကြည့်ခန်းသို့သာ သူ တန်းတန်းမတ်မတ် လာခဲ့သည်။ သူတွက်တာ မမှားဘူးဆိုလျှင် သူမဖေဖေဟာ ဖိတ်စာထုပ်ကို စာကြည့်ခန်းထဲမှာပဲ အလွယ်တကူထားမှာပါ။ စာကြည့်ခန်းစားပွဲပေါ်မှာ သူ အနည်းငယ်ရှာဖွေလိုက်ရသည်။ သိပ်မကြာပါ . . .။ သူ့မျက်လုံးများက မှတ်မိနေခဲ့ပြီးသော ဖိတ်စာထုပ်ကလေးကို တစ်နေရာမှာ တွေ့လိုက်ရသည်။ သူ ရင်ခုန်ကျေနပ်စွာဖြင့် အထုပ်ကလေးကို ခပ်သွက်သွက်ယူကာ အိမ်ထဲမှ ပြန်ထွက်ဖို့ ကြိုးစားရပါသည်။ ဘယ်လောက်ကြာအောင် သူ အသက်ရှူအောင့်ထားခဲ့မိသည်မသိ။ ခြံအပြင်ဘက်ပြန်ရောက်မှပဲ သူ



www.burmeseclassic.com

www.burmeseclassic.com





အားပါးတရ အသက်ရှူနိုင်တော့သည် . . .။

ပြီးတော့ သူ အမှောင်ထဲသို့ တဟုန်ထိုး ပြေးထွက်ခဲ့ပါသည်။

●●●



●●●●●

ဖေဖော်ဝါရီ (၃)ရက် ... ၂၀၁၀

●●●●●



www.burmeseclassic.com

www.burmeseclassic.com

'ရှေးရိုးရာ'ဆိုင်ကလေးထဲသို့ သူ ရောက်သွားချိန်မှာ သူမကို တန်းတန်းမတ်မတ် တွေ့ပါသည်။ သူမမျက်နှာမှာ သောကရိပ်တချို့ စွန်းထင်းလျက်သား။

"ညီမ နေကောင်းရဲ့လား . . . တစ်ခုခု အဆင်မပြေ တာများ ဖြစ်နေသလားလို့"

သူမ၏ မျက်ခုံးကလေးတွေက စိတ်ရှုပ်ထွေးစွာ အတွန့်ချိုးလျက်ရှိသည်။

"ဟုတ်တယ် ကိုအံ့ဩ၊ အဆင်မပြေဘူး . . . မနေ့ညက အိမ်ကို သူခိုးဝင်တယ်၊ ထူးထူးဆန်းဆန်း ဘာ အဖိုးတန်ပစ္စည်းမှ မပါသွားဘူး၊ ဖေဖေ့စာကြည့်ခန်းထဲက



ဖိတ်စာထုပ်ပဲ ပျောက်ချင်းမလှ ပျောက်သွားခဲ့တယ်၊ ဖေဖေက သူထားတဲ့နေရာကို သေချာသိတယ်၊ နေရာ အထား မမှားဘူး၊ ပျောက်ကို ပျောက်သွားတာ၊ ပိုပြီး အံ့ဩဖို့ကောင်းတာက မနေ့က ကျွန်မ ဖိတ်စာဝေခဲ့တဲ့ သူငယ်ချင်းတွေဆီက ဖုန်းတွေချည်း လှိမ့်ဝင်လာနေတယ်၊ ဖိတ်စာကဒ်က ဘာမှရေး မထားဘဲ ပြောင်အလွတ်ကြီး ဖြစ်နေလို့တဲ့၊ ကျွန်မလည်း အံ့ဩမဆုံးဘူး၊ ဒီဖိတ်စာတွေကို ဖေဖေကိုယ်တိုင် စင်္ကာပူ ကနေ ရိုက်လာပေးတာ၊ စင်္ကာပူကိုလည်း ဖေဖေ ဖုန်းဆက် မေးပြီးပြီ၊ သူတို့ လုံးဝမမှားဘူးတဲ့၊ ဖေဖေ လက်ခံယူတုန်းက လည်း သေချာဖွင့်ကြည့်လာတာပါ၊ အခု ကျန်တဲ့ ဖိတ်စာ ၁၀၀ ကို သူ့ဆီ လှမ်းဆက်ပြီး စစ်ခိုင်းမလို့ဟာ ဖုန်းက လုံးဝ ခေါ်လို့မရဘူး၊ စက်ပိတ်ထားတယ်၊ သူ ဘာဖြစ်လို့ ကျွန်မဆီ မဆက်မှန်းလည်း ကျွန်မ မစဉ်းစားတတ်တော့ဘူး"

"သူ့ဆီ ကျွန်တော် သွားပေးမယ်လေ ညီမ၊ လိပ်စာ လေးသာ ရေးပေးလိုက်၊ ကျွန်တော် ဖိတ်စာတွေ သွားယူလာ ခဲ့ပေးမယ်"

"ကျွန်မက ဒီနေ့ ဟိုတယ်လ်မှာ ပိုးအလှပြင်ဖို့

www.burmeseclassic.com

Florist' နဲ့ ချိန်းထားတယ်၊ ခဏနေ သွားရတော့မှာ၊ ဒီလို လုပ်လေ၊ သူ့လိပ်စာ ကျွန်မပေးလိုက်မယ်၊ သူ့ဆီရောက်တာနဲ့ ကျွန်မဖုန်းကို ချက်ချင်းလှမ်းခေါ်ခိုင်းပါနော်၊ ရှင်ရောက်လာတာ ကျေးဇူးပါပဲ ကိုအံ့ဩရယ်၊ ရှင့်ကို ဗီးနပ်(စ်) နတ်သမီးကများ ကျွန်မကို ကူညီဖို့ လွှတ်လိုက်သလား မသိဘူးနော်"

သူမက သူမချစ်သူ၏လိပ်စာကို ချရေးပေးသည်။ ထိုအချိန်မှာ ဆိုင်ထဲသို့ customer တစ်ယောက် ဝင်လာကာ သူမကို တစ်ခုခုမေးနေသည်။ သူမ၏ mobile ဖုန်းကလေးက စားပွဲပေါ်မှာ တင်ထားလျက်သားကလေး . . .။ သူ လျှစ်ခနဲ မြန်ဆန်စွာ ဖုန်းကလေးကို ခိုးယူလိုက်ပါသည် . . .။

"ကဲ . . . ညီမ၊ ဒါဖြင့် ကျွန်တော် လစ်လိုက်တော့မယ်၊ ညီမဆီ ဖုန်းဆက်လိုက်မယ်နော်"

"OK OK . . . ဆိုင်ကိုပဲ ပြန်လာလိုက် ကိုအံ့ဩ"

သူ ဆိုင်ထဲက ထွက်လာချိန်မှာ ဖုန်းမြည်လာသည်။ ကြည့်လိုက်တော့ သူမချစ်သူဆီက။ ခေါ်သူ၏ ဓာတ်ပုံကလေးပါ ပေါ်နေသည်။



"မင်း အဲဒီမှာ ကြိုက်သလောက်သာ ခေါ်စမ်း သူငယ်ချင်း၊ မင်းဆီ ငါ လာနေပြီ"

သူ ဖုန်း လုံးဝမကိုင်။ အကြာကြီးခေါ်နေပြီးမှ ပြန်ချသွားလိုက် . . . ပြန်ခေါ်လိုက်နှင့် ထိုသူက အခုမှ ဇွဲကောင်းနေပြန်သည်။ ဖုန်းကို သူ လုံးဝပိတ်ပစ်လိုက်ကာ ဘောင်းဘီအိတ်ထဲ ထည့်ထားလိုက်သည်။ Taxi ကို သူမ ရေးပေးလိုက်သော လိပ်စာရှာတ်ပြလိုက်သည်။

●●●



www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့မှာ သူ မမျှော်လင့်ဘဲ တွေ့လိုက်ရသည်က မိန်းကလေးတစ်ယောက် ဖြစ်သည်။ သူမက ပေါ်ပေါ်ထင်ထင်ကြီး ရပ်နေခြင်းမဟုတ်ဘဲ ခြံဝရှိ အုတ်တိုင်အကွယ်ကလေးကနေ ခြံထဲကို ချောင်းနေခြင်းဖြစ်၏။

"ညီမ ဘယ်သူနဲ့တွေ့ချင်လို့လဲ . . ."

သူ လှမ်းမေးလိုက်တော့ သူမက ကိုယ်ခန္ဓာက လေးဆတ်ခနဲတုန်အောင်ပင် လန့်ဖျပ်သွားခဲ့သည်။

"ရှင်ကရော ဘယ်သူနဲ့တွေ့ချင်လို့လဲ . . ."

"ကျွန်တော်က ကိုမြတ်နိုးဆီ လာတာပါ"





"ကျွန်မလည်း သူ့ဆီလာတာ၊ ဒါပေမယ့် သူက အတွေ့မခံဘူး ရှောင်ပုန်းနေတယ်၊ ကျွန်မမှာ သူ့မျက်နှာ တစ်ချက်မြင်ဖို့ အားကိုးတကြီးနဲ့ ရန်ကုန်ကနေတောင် တကူးတက လိုက်လာခဲ့ရတာ၊ သူက သူ့မြို့မှာ ဘာတွေလာပြီး တိတ်တိတ်ကလေး ခြေပုန်းခုတ်နေသလဲ မသိဘူး၊ တစ်ခုခုဆိုရင်တော့ ကျွန်မအကြောင်း သူသိစေရမယ်မှတ်၊ အားလုံးကို အရှက်ခွဲပစ်မယ်၊ သတ္တိရှိလို့ကို ရန်ကုန်ကနေ ဒီအထိ လိုက်လာခဲ့တာ သိလား"

"ညီမ စိတ်ကလေး နည်းနည်းလျှော့လိုက်ပါနော်၊ ကျွန်တော် ခန့်မှန်းကြည့်ပါရစေ၊ ညီမက ကိုမြတ်နိုးရဲ့ ဇနီးလား"

"အိုး . . . ရှင် ဘယ်လိုလုပ် သိတာလဲ၊ ဟုတ်တယ် ကျွန်မ သူ့ဇနီးပါ . . . သူနဲ့ တရားဝင်လက်ထပ်ထားတဲ့ စာချုပ်စာတမ်းတွေ ကျွန်မမှာ အပြည့်အစုံပါလာတယ်၊ သူက သူ့အမေ နေမကောင်းလို့ဆိုပြီး သူ့မြို့ကို ပြန်လာတာ၊ ကျွန်မပါ လိုက်ခဲ့မယ်ဆိုတာကို လိုက်ခွင့် လုံးဝမပေးဘူး၊ အမျိုးမျိုး လှည့်ပတ်လိမ်ညာပြီး ချန်ထားရစ်ခဲ့တာ၊ ကျွန်မ သတင်းတစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ပြန်ရထားလို့ ချက်ချင်း လိုက်ခဲ့တာပါ၊ ဒီမြို့မှာ သူ တခြား မိန်းကလေးတစ်ယောက်နဲ့ တခမ်းတနား လက်ထပ်ပွဲလုပ်မလို့ ဆိုတာ ဟုတ်တယ်မှုလားဟင်၊ ရှင် သိတယ်မှုလား၊ မလိမ်ပါနဲ့. . . ပြောပြစမ်းပါ၊ ကျွန်မမှာလည်း နားတွေရှိပါတယ်ရှင့်"

သူ မိန်းကလေးကိုယ်စား နာကျင်စွာပင် ခံစားမိပါသည်။ ကိုယ်အယုံကြည်ရဆုံး လူတစ်ယောက်ရဲ့ လိမ်ညာလှည့်စားခြင်း ခံရတာလောက် နာကျင်ကြေကွဲဖွယ်ကောင်းတာ ရှိပါဦးမလား။

"ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောရအောင်၊ ညီမ ကျွန်တော့်ကို အချိန်နည်းနည်းပေးပါလားဟင်"

"ဘာအတွက်လဲ . . . ရှင်က ဘယ်သူ့ဘက်ကလည်း ပျားရည်နဲ့ ဝမ်းချဖို့တော့ မကြိုးစားနဲ့တော့နော်၊ ကျွန်မက သိပ်ခါးသက်နေပြီ၊ သားကောင်တစ်ကောင် နာသွားတာဟာ သူ့အပြစ်မဟုတ်ဘူး၊ သူ့ကို ဒဏ်ရာပေးတဲ့ မုဆိုးရဲ့အပြစ်နော်၊ ကျွန်မကို သစ္စာဖောက်တဲ့အတွက် ယုံကြည်မှုကို အလွဲသုံးစားလုပ်တဲ့အတွက် သူ့မင်္ဂလာပွဲကို ကျွန်မ ရအောင်ဖျက်ပြမယ်၊ ရိုးရိုးသားသား အေးအေးဆေးဆေးကလေးပဲ ကျွန်မ



ဖျက်ပြမှာပါ၊ ရှင် စောင့်ကြည့်နေ၊ ကျွန်မက မှန်တဲ့သူ၊ သူက မှားတဲ့သူ၊ ကျွန်မလက်ထဲက အမှန်တရား သက်သေခံတွေနဲ့ပဲ သူတို့နှစ်ယောက်စလုံးကို ကျွန်မ အရှက်ခွဲမှာ၊ ဒီမြို့ကလေးက သေးသေးလေး၊ စုံစမ်းလိုက်ရင် ကျွန်မ သိချင်တာတွေ အကုန်ထွက်လာမှာပဲ၊ မင်္ဂလာပွဲအချိန်အထိ ကြိုးရှည်ရှည်နဲ့ လှန်ထားပေးလိုက်ရုံပဲ"

သူမ၏မျက်နှာကလေးက ဒေါသတွေ နာကျင်ကြေကွဲမှုတွေဖြင့် လှုပ်လှုပ်ခတ်ခတ် ရှိလွန်းလှ၏။ သူမ၏ ခံစားချက်ကို သူ တကယ်မျှဝေခံစားလို့ရပါသည်။

"ကျွန်တော့်ဆီမှာ ညီမထက်လှပတဲ့ အသံတိတ်လက်နက်တစ်ခု ရှိထားပါတယ်၊ သစ္စာဖောက်တာ လိမ်ညာလှည့်စားတာက သူ့အလုပ်ပါ၊ နာကျင်ထိခိုက်မှု နည်းနိုင်သမျှနည်းအောင် အဲဒီပွဲဖြစ်မလာအောင် တားရမှာက ကျွန်တော်တို့ရဲ့အလုပ်ပါ၊ ကျွန်တော်ပြောတာ ညီမ နားလည်ရဲ့လား မသိဘူး . . ."

"ရှင်က ဘယ်သူမို့လို့လဲ . . ."

"ကျွန်တော်က သတို့သမီးရဲ့ချစ်သူဖြစ်လာမယ့်သူပါ"

www.burmeseclassic.com



"ဘာရယ် . . ."

သူမ နားမလည်နိုင်သလို ချာချာလည်သွားပါ သည်။

"ဒါကြောင့် ကျွန်တော်တို့နှစ်ယောက်က တစ်ဖက်တည်းမှာ ရှိနေတဲ့သူတွေပါ။ ကျွန်တော်တို့ စကားပြောမှုကိုဖြစ်မှာပါ။ အချိန်မကျသေးခင်မှာ ညီမရဲ့ ဒေါသနဲ့ နာကြည်းမှုကို ခဏလေး ထိန်းချုပ်ထားပြီး အဲဒီအကွယ်ကလေးမှာပဲ ခဏရပ်နေပေးပါ။ ကျွန်တော် သူနဲ့တွေ့ပြီး သူ့ဆီက ဖိတ်စာတွေ လာယူတာပါ"

"ဘာအတွက်လဲ . . ."

"ကျွန်တော် ရှင်းပြမယ်"

သူ ခြံတံခါးဘဲလ်ကို တီးလိုက်သည်။ တံခါးလာဖွင့်ပေးသူမှာ ကိုမြတ်နိုးကိုယ်တိုင်ဖြစ်သည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲဗျ . . ."

"ကျွန်တော် ရွှေရိုးရာရဲ့ သူငယ်ချင်းပါဗျ၊ အံ့သြအောင်မြင်ပါ။ ရိုးရာက ဖိတ်စာ ၁၀၀ စည်းလုံး သူ့ဆီ ပြန်ပို့ပေးဖို့ ကျွန်တော့်ကို လွှတ်လိုက်ပါတယ်၊ ဒီမှာ သူ စာတိုကလေး ရေးပေးလိုက်တယ်ဗျ၊ သူ ခင်ဗျားကို ဖုန်းခေါ်



နေတာ ခေါ်လို့မရဘူးတဲ့"

"ဟာ . . . ကျွန်တော်လည်း သူ့ဆီဆက်နေတာဆက်လို့ကို မရဘူး . . . သူ မကိုင်တာဗျ၊ ကျွန်တော့်ဘော့(စ်) က ကျွန်တော့်အိမ်မှာပဲ တည်းတာဆိုတော့ သူ့ကိစ္စလေးတွေလည်း လုပ်ပေးနေရသေးတယ်၊ အလုပ်ကိစ္စတွေ ပါလာလို့ပါ၊ သူ အခု ဘယ်မှာလဲ . . ."

"ဟိုတယ်မှာ ပန်းအလှပြင်ဖို့ Florist နဲ့ သွားတွေ့တယ် ဗျ၊ ဖိတ်စာထဲမှာ ပြန်စစ်စရာလေးတွေရှိလို့တဲ့၊ အကုန်ပြန်ယူခိုင်းလိုက်တယ်၊ သူ့ဆီ ဖုန်းဆက်ပါတဲ့"

"ဆက်နေတာပဲဗျ . . . သူမှ မကိုင်တာ၊ ဖိတ်စာတွေက ဘာလို့ ပြန်လိုချင်ရတာလဲ၊ ကျွန်တော် နားမလည်ဘူး"

"သူ ပြန်စစ်စရာရှိလို့တဲ့ . . ."

"ခင်ဗျားကို ကျွန်တော် ဘယ်လိုယုံရမှာလဲ၊ ရိုးရာသူငယ်ချင်းဆိုပေမယ့် ရိုးရာ တစ်ခါမှ ကျွန်တော့်ကို ခင်ဗျားနဲ့ မိတ်ဆက်မပေးခဲ့ပါလား"

"ဩော် . . . ကျွန်တော် မနေ့ကမှ စင်ကာပူက ပြန်ရောက်လာတာပါ၊ သူ့မင်္ဂလာပွဲကို လာတက်သေးလဲ၊ ခင်ဗျား

www.burmeseclassic.com



ကျွန်တော့်ကိုမယုံရင် ခင်ဗျားပါ လိုက်ခဲ့လိုက်လေ . . .”

“ကျွန်တော် တကယ် မအားလို့ဗျ၊ ညနေလောက်မှ အားမယ်၊ ကောင်းပြီလေ . . . ခင်ဗျားကို စိတ်ချယုံကြည်စွာနဲ့ပဲ ဖိတ်စာထုပ် အပ်လိုက်မယ်၊ တစ်ခုခုဆိုရင် ခင်ဗျား ပြေးမလွတ်နိုင်ပါဘူး၊ အဲဒါလေး ကြိုပြောထားတာ၊ ခဏလေး စောင့်ဗျာ . . . ကျွန်တော် သွားယူလိုက်မယ်”

ကိုမြတ်နိုးဆီက ဖိတ်စာ ၁၀၀ ထုပ် ရခဲ့ပြီဆိုလျှင် သူနှင့် ကိုမြတ်နိုး၏ ဇနီးကလေး ဆိုင်တစ်ဆိုင်မှာ ထိုင်မိကြသည်။

“ကျွန်တော်တို့လုပ်ရမှာက အဲဒီဖိတ်စာတွေရဲ့ နေရာမှာ ကဒ်ပြောင်အလွတ်ကလေးတွေနဲ့ အစားထိုးပြီး ရှေးရိုးရာလက်ထဲ ပြန်ထည့်ပေးလိုက်ဖို့ပါပဲ”

“အဲဒါ ဘာသဘောလဲ ကိုအံ့သြ . . .”

“ညီမကို ကျွန်တော် ရိုးရိုးကလေးပဲမေးမယ်၊ ဒီမင်္ဂလာပွဲ လုံးဝ မကျင်းပ,ဖြစ်တာနဲ့ ကျင်းပဖြစ်သွားပြီး လူသိရှင်ကြား အရှက်တကွဲတွေ ဖြစ်သွားရတာ ဘယ်ဟာကို ညီမ ရွေးချယ်မလဲ၊ မင်္ဂလာပွဲ လုံးဝမဖြစ်ဘဲ တိတ်တိတ် ဆိတ်ဆိတ်နဲ့



ညီမဆီပြန်လာမယ့် ညီမရဲ့ခင်ပွန်းကို ဘာမှမဖြစ်ခဲ့တဲ့အတိုင်း ကြိုဆိုရတာက ပိုမကောင်းဘူးလား”

သူမက နားလည်သလိုလိုနှင့် ခေါင်းတစ်ချက် ညိတ်ပါသည်။

“ဟုတ်တယ် . . . ကျွန်မ သူ့ကို မစွန့်လွှတ်နိုင်ဘူး၊ အဆုံးရှုံးလည်း မခံနိုင်ဘူး၊ ကျွန်မအပေါ် သစ္စာဖောက်ရက်တယ် . . . ဆိုတဲ့ အပြစ်အနာအဆာကြီး တွေ့လိုက်ရသည့်တိုင်အောင် ကျွန်မ သူ့ကို ပိုင်ဆိုင်ချင်သေးတယ်၊ တစ်ယောက်ယောက်နဲ့သာ မမျှဝေနိုင်တာပါ”

“အိုကေ . . . ဒါဖြင့်ရင် ကျွန်တော့်ကို ညီမ ကူညီပေး ပါဦး”

“ပြော . . . ကျွန်မ ဘာလုပ်ပေးရမလဲ”

“စာအိတ်ထဲက ဖိတ်စာတွေနဲ့ ကဒ်ပြောင်ကလေးတွေ လဲပေးရုံပါ”

“ရှင်က ဘာဖြစ်လို့ အနုနည်းကို ရွေးချင်ရတာတုံး၊ ကျွန်မကတော့ သူတို့နှစ်ယောက်စလုံး တစ်သက်စာ နောင်ကြဉ်သွားအောင် မှတ်သွားအောင် သွေးအေးအေးဆုံးနည်းနဲ့

www.burmeseclassic.com

ရက်စက်ပစ်လိုက်ချင်တာ"

"ညီမနာမည် ဘယ်သူ . . ."

"နန်းနရီ . . ."

"လှလိုက်တဲ့ နာမည်လေး . . . ကျွန်တော် တစ်ခုပြောချင်တယ်၊ ပြဿနာတိုင်းမှာ အဖြေရှိပြီးသားပဲ ညီမရဲ့၊ ကြမ်းကြမ်းရမ်းရမ်း ပေါက်ကွဲစေတဲ့နည်းကို သုံးပြီး ကိုယ်ချစ်တဲ့သူတွေကိုရော မဆိုင်တဲ့ တခြားလူတွေကိုပါ တစ်သက်စာ ထိခိုက်နာကျင်စေမယ့်နည်းကို သုံးမလား၊ လိမ်မာပါးနပ်ပြီး ညင်သာသိမ်မွေ့တဲ့နည်းကိုသုံးပြီး ဒီ အဖြစ်အပျက်ကို ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးသလို တိတ်တဆိတ် ပျောက်ကွယ်သွားစေတဲ့နည်းကို သုံးမလား၊ အဓိက က ကိုယ်မဖြစ်စေချင်တာကို ဖြစ်မလာအောင် တားမြစ်နိုင်ဖို့ပဲ မဟုတ်ဘူးလား၊ မုန်တိုင်းနဲ့ လေပြေ ဘယ်ဟာကို ညီမ ပိုနှစ်သက်သလဲ၊ သူများကို ထိခိုက်နစ်နာဖို့အတွက် မုန်တိုင်း ကျရမယ်ဆိုရင် အဲဒီ မုန်တိုင်းက ကိုယ့်ဆီမှာ ဗဟိုပြုပြီး တိုက်ခတ်မှာပဲ၊ အထိအနာဆုံးက ကိုယ်ကိုယ်တိုင်ပဲ ဖြစ်လိမ့်မယ်၊ ညီမ တစ်စက်ကလေးမှ မထိခိုက်မခံစားရဘူးလို့



မညာချင်ပါနဲ့"

"ရှင်က တရားဟောဆရာလားဟင်၊ ထားလိုက်ပါ တော့လေ . . . ရှင်နဲ့တွေ့လိုက်ရတာ ကျွန်မရဲ့ဒေါသနဲ့ နာကြည်းမှုတွေ နည်းနည်းတော့ အရှိန်အဟုန်လျော့ သွားသလိုပဲ၊ ကျွန်မလည်း မထူးတော့တဲ့အတူတူ ဖြစ်ချင်ရာ ဖြစ်တော့ဆိုပြီး အနိုင်ပိုင်းဖို့ စိတ်ကူးမိတာပါ၊ ဒါပေမယ့် ကျွန်မ သူ့ရဲ့အမုန်းကို မလိုချင်ဘူး၊ သူက လူနှစ်ယောက်ကို မျှဝေပြီး ချစ်နိုင်ပေမယ့် ကျွန်မရဲ့ အချစ်တွေအားလုံးကတော့ သူတစ်ယောက်တည်းအတွက်ပဲ . . ."

သူတို့ စာအိတ်တစ်ရာထဲ ကဒ်အလွတ်တွေလဲ ထည့်ရင်း ရင်ဖွင့်စကားများစွာ မရည်ရွယ်ဘဲ ပြောမိခဲ့ကြလေ သည်။

"ကျွန်တော် သူ့ကို အရမ်းချစ်တယ်၊ သူ့ကို နာကျင်ထိ ခိုက်စေမယ့် အန္တရာယ်မှန်သမျှကို ကျွန်တော် ကာကွယ်ရ လိမ့်မယ်၊ အဲဒါ ကျွန်တော့်ရဲ့အချစ်ပဲ . . ."

●●●

www.burmeseclassic.com

ဆိုင်ထဲသို့ သူ ရောက်သွားချိန်တွင် သူမ မရောက်သေး။ ပြန်ဖွင့်ထားလိုက်ပြီဖြစ်သော သူမ၏ mobile ဖုန်းကလေးကို စားပွဲအောက်မှာ အသာလွှတ်ချထားလိုက်သည်။ စာအိတ်တွေကို စားပွဲပေါ်တင်ထားလိုက်သည်။ သူမကို စိတ်ရှည်လက်ရှည်ပဲ စောင့်နေလိုက်ပါသည်။ မကြာပါ . . .။ သူမ ရေးကြီးသုတ်ပျာဟန်ကလေးနှင့် ပြန်ရောက်လာသည်။

"ကျွန်မ mobile မေ့ကျန်ခဲ့တယ်၊ ဘယ်မှာချခဲ့မိမှန်း မသိဘူး၊ သူနဲ့ တွေ့ခဲ့လားဟင်၊ ဘာတဲ့လဲ . . . သူ ဘာဖြစ်လို့



လိုက်မလာရတာတုံး နေပါဦး . . . ဖုန်း ဖုန်း ဖုန်း . . . ဘယ်မှာပါလိမ့်"

သူမ ဟိုဟိုဒီဒီ အသည်းအသန် လိုက်ရှာပြီး စားပွဲအောက်က ဖုန်းကို ပြန်တွေ့သွားခဲ့သည်။

"အင်း . . . ထင်တဲ့အတိုင်းပဲ၊ သူ ခေါ်ထားတာ မနည်း ဘူး 15 missed calls တောင် . . . ဖိတ်စာအိတ်တွေ ရော"

"ညီမ ရေအေးအေးလေး တစ်ခွက်လောက် အရင် သောက်လိုက်ပါဦး၊ ဖိတ်စာတွေ အစည်းလိုက်ပဲ . . . သူ ပြန်ပေးလိုက်တဲ့အတိုင်းပဲ . . . ဟောဒီမှာ"

သူမက ရေမသောက်အားသေးဘဲ ဖိတ်စာ တစ်စောင်ကို ကမန်းကတန်း ဖောက်ကြည့်လိုက်သည်။ ထို့နောက် မျက်နှာကလေး မဲ့ကျသွားကာ နွမ်းလျသွားခဲ့၏။

"ဒါ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မဖြစ်သင့်တဲ့ ကိစ္စ တစ်ခုခုတော့ မှားနေပြီ၊ စက်ပုံနှိပ်တိုက်ကနေ တကူးတက ရိုက်ခဲ့တဲ့ ဖိတ်စာတွေအားလုံးဟာ ပြောင်ဗလာတွေချည်း ဖြစ်နေတာ ဘယ်လောက် အံ့သြစရာကောင်းလိုက်သလဲ၊ မရှိုးသားမှု



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုတော့ ရှိနေတာ အမှန်ပဲ၊ ဘာလဲသာ ကျွန်မ မပြော တတ်တာ"

သူမက ချက်ချင်းပဲ ဖုန်းလှမ်းဆက်ပါသည်။ ချက်ချင်း ဆက်လို့မရ။ သူမ ဖုန်းကို ဒေါသတကြီး လွှင့်ပစ်လိုက်ပြီး ဆိုင်ထဲကနေ တဟုန်ထိုး ပြေးထွက်သွားခဲ့သည်။ သူ သူမနောက်သို့ ကမန်းကတန်း ပြေးလိုက်ခဲ့ပါသည်။ ဆိုင်ကယ်လ်ပေါ်တက် စက်နှိုးပြီး သူမ တရှိန်ထိုး မောင်းထွက်သွားခဲ့ပြီ။ သူ Taxi တစ်စင်းတားကာ သူမဆိုင်ကယ်လ်နောက်မှ လိုက်ခိုင်းခဲ့သည်။ သူမ ဦးတည်ရာနေရာကလေးကို သူ ရိပ်မိနှင့်ခဲ့ပြီ။ sunset ကြည့်သော နေရာကလေးဆီ။

●●●



တောင်ကမူကလေးပေါ်တက်ပြီး သူမ ငြိမ်ငြိမ်ကလေးထိုင်ပြီး ဝမ်းနည်းကြေကွဲနေတာကလေးကို သူ အနှောင့်အယှက်မပေးဘဲ တိတ်တိတ်ဆိတ်ဆိတ် စောင့်ကြည့်နေခဲ့မိသည်။ သူမတစ်ယောက်တည်းဟု သူမဘာသာ ခံယူပါစေ . . .။ သူမမျက်ဝန်းထဲမှာ မျက်ရည်တွေ ပြည့်အိုင်လာခဲ့ပြီး ခပ်တိုးတိုး တသိမ့်သိမ့် ရှိုက်ငိုနေတာကိုလည်း သူ နားကျင်ထိခိုက်စွာဖြင့် အသံတိတ် ငေးကြည့်နေရသည်။ စိတ်တိုင်းကျ ငိုကြွေးပြီးသွားချိန်မှာ သူမ မျက်ရည်တွေသုတ်သည်။ ပြီးတော့ သူ့ကို လှမ်းကြည့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာဖြစ်လို့ ဒီလောက် အလိုက်တသိ ဖြစ်နေရတာလဲ ကိုအုံသြ၊ ရှင်ဘယ်သူလဲဟင်၊ မနေ့တစ်နေ့ကမှ တွေ့ရတဲ့ သူစိမ်းတစ်ယောက်နဲ့မတူဘူး၊ ကျွန်မရဲ့ ရင်းနှီးတွမ်းဝင်ပြီးသား မိတ်ဆွေအရင်းအချာဟောင်း တစ်ယောက်လို ရှင် ဘာဖြစ်လို့ ကျွန်မနားမှာ ရှိနေရတာလဲ၊ ခုချိန်မှာ ကျွန်မ လိုအပ်တာက ရှင် မဟုတ်ဘူး၊ ကျွန်မရဲ့ချစ်သူ . . . နောက်ဆယ်ရက်ဆို လက်ထပ်ရတော့မယ် ကျွန်မရဲ့ သတို့သားလောင်းရှင့်"


သူမက ခပ်ဆတ်ဆတ်ကလေး လှမ်းအော်ပါသည်။ သူ သူမကို အလိုက်သိ နားလည်သောအပြုံးဖြင့်သာ တုန့်ပြန်လိုက်၏။

"ခုချိန်မှာ ညီမရင်ထဲမှာ ဘာတွေ နာကျင်ခံစားနေရမလဲ၊ စိုးရိမ်ပူပန်နေမလဲ၊ စိတ်အနှောင့်အယှက်ဖြစ်နေမလဲဆိုတာ ကျွန်တော့် ကိုယ်ချင်းစာပါတယ် ရိုးရာ၊ အဲဒီလို စိတ်တွေ သိပ်ရှုပ်ထွေး ပင်ပန်းလာတဲ့အခါမှာ စိတ်ကို အနားပေးလိုက်တဲ့နည်းဟာ အကောင်းဆုံးပဲ၊ ညီမ ခဏလောက် ဘာကိုမှမတွေးဘဲ စိတ်ကို ဗလာကျင်းထားကြည့်လိုက်၊ စိတ်ထဲမှာ ဘာဆိုဘာမှ မရှိစေနဲ့၊ အတွေးဝင်လာတာနဲ့ ချက်ချင်းသိပြီး ဖယ်ပစ်လိုက်၊ ဘာမှမတွေးဘဲ စိတ်ကို ရှင်းထားလိုက်၊ ဘယ်နှမိနစ်လောက်ရမလဲ၊ ငါးမိနစ်လောက် ရနိုင်မလား . . . ခဏလေး နေကြည့်လိုက်ပါ၊ ဝမ်းလည်း မနည်းနဲ့၊ စိတ်လည်း မပူပန်နဲ့၊ ဒေါသလည်း မထွက်နဲ့၊ စိုးလည်း မစိုးရိမ်နဲ့၊ ဘာဆိုဘာမှ မတွေးနဲ့၊ ရင်ထဲမှာ ဘာမှမရှိသလို ဟာလာဟင်းလင်း ဗလာကျင်းထားလိုက်"

သူက သူမကို အိပ်မွေ့ချနေသလို အသံမျိုးဖြင့် အေးအေးဆေးဆေး ပြောလိုက်သည်။ သူ့စကားကို သူမက နားထောင်ရှာပါသည်။ မျက်လုံးကလေးတွေ ဖျတ်ခနဲ မှိတ်သွားကာ ခဏငြိမ်သက်သွား၏။ အနည်းဆုံးတော့ သူမစိတ်ကို ဗလာကျင်းဖို့ ကြိုးစားနေခဲ့ပြီ။ ဒီအတိုင်း သူ ငြိမ်သက်စွာ စောင့်ကြည့်နေလိုက်သည်။ သူမက ခေါင်းကို ဆန့်ဆန့်မတ်လိုက်ပြီး တရားထိုင်သလို တင်ပလ္လင်ခွေကလေး ပြောင်းထိုင်လိုက်သည်။ ခဏကလေးပါပဲ . . . သူမ မျက်လုံးတွေ ပြန်ပွင့် လာသည်။

"ဟင့်အင်း . . . ကျွန်မ ဘယ်လိုမှ စိတ်ထဲမှာ ဒီ

www.burmeseclassic.com





လောက် ယောက်ယက်ခတ် ရှုပ်ထွေးနေတာကို ဗလာ မကျင်းနိုင်ပါဘူး၊ ကျွန်မ အရမ်းစိတ်ညစ်တယ်၊ ဆယ်ရက်ပဲ လိုတော့တယ်၊ ဖိတ်စာတွေ ဘယ်လိုပြန်မှာရမှာလဲ၊ ကျွန်မ စိတ်တိုင်းကျ ဒီဇိုင်းဆွဲပြီး အော်ဒါမှာထားတဲ့ ဖိတ်စာကလေးကိုပဲ ကျွန်မ လိုချင်တယ်၊ စက်ဘူက ဖိတ်စာတိုက်ကို လှမ်းပြီး ရန်တွေ့ရမှာလား၊ ရန်ဖြစ်ရမှာလား၊ သူတို့ဘက်က မှားစရာအကြောင်း မရှိဘူး၊ ဒီရောက်မှ မှားတာ . . . တစ်ခုခုတော့ မှားနေတာ"

"အဲဒါကို ခဏမေ့လိုက်၊ ဖိတ်စာ အစောင် ၂၀၀ ကို ကျွန်တော် ပန်းချီဆွဲပေးလို့ရတယ်၊ ကျွန်တော် ပန်းချီ ဆွဲတတ်တယ်၊ ညီမ ဘယ်လိုဒီဇိုင်းမျိုး လိုချင်သလဲ၊ ကဒ် အဖြူကလေးမှာ ကိန္နရီကိန္နရာမောင်နှံ ပန်းချီကလေး ဆွဲပေးရမလား၊ ကဒ် ၂၀၀ မှာ ကျွန်တော် ပြန်ဆွဲပေးမယ်၊ ညီမ မယုံဘူးမှလား၊ လာခဲ့ . . . ကျွန်တော် သက်သေပြမယ်"

သူက သဲသောင်မြေစိုစိုတစ်နေရာဆီ သူမကို ခေါ်သွားခဲ့ပြီး သစ်ကိုင်းခြောက်ကလေးတစ်ခုဖြင့် ကိန္နရီကိန္နရာ မောင်နှံရုပ်ကလေး ခပ်သွက်သွက် ကျင်လည်စွာ ဆွဲပြပေးလိုက်သည်။



"အို . . . တကယ်ပဲ ရှင် တော်လိုက်တာ၊ ရှင် တကယ်ပဲ ကျွန်မအတွက် ဖိတ်စာကဒ်တွေကို hand made ပန်းချီကားချပ်ကလေးဖြစ်အောင်လုပ်ပေးမှာလားဟင်၊ အချိန်မှ မရှိတော့တာ၊ ဆယ်ရက်အတွင်း အစောင် ၂၀၀ ရှင် ဘယ်လိုဆွဲမလဲ၊ ဖိတ်စာဝေချိန်ရှိသေးတယ်လေ"

"တစ်ပတ်အတွင်း ပြီးအောင် ကျွန်တော် ဆွဲပေးမယ် ဆိုရင်ကော . . ."

"ရှင် တကယ် ကတိပေးမှာလား ကိုအံ့သြ၊ အိုး . . . ရှင် အရမ်းအံ့သြဖို့ကောင်းလှပြီ"


"ကျွန်တော် ကတိပေးတယ် ညီမ"

"ကျွန်မစိတ်ဓာတ်တွေ ဟိုးအောက်ထိ ထိုးဆင်းသွားရာကနေ အခု ချက်ချင်း ပြန်တက်လာအောင် ရှင်မို့ လုပ်နိုင်တယ် ကိုအံ့သြရယ်၊ သေချာတယ် . . . ရှင့်ကို ဗီးနပ်(စ်)နတ်သမီးက ကျွန်မအတွက် တကယ်ပို့ပေး လိုက်တာပဲဖြစ်မှာ"

"ညီမကို တကယ်ပျော်စေချင်ပါတယ် . . ."

သူမက သူမျက်လုံးတွေထဲသို့ တည့်တည့် စူးနစ်စွာ စိုက်ကြည့်လာခဲ့ပြီး တစ်ခွန်းပြောလိုက်သည်။

www.burmeseclassic.com






"ကျေးဇူးပါ . . . ကိုအံ့ညြ ရှင့်ကို ကျွန်မ ဘယ်တော့မှ မေ့တော့မှာ မဟုတ်ဘူး . . ."

●●●





●●●●●

ဖေဖော်ဝါရီ (၃)ရက် ၂၀၀၀

●●●●●

ပျော်ရွှင်မှုတို့ သတိရပါ . . .
နာကျင်မှုတို့ မေ့ပစ်ပါ . . .
ဒါမှ
ချိုမြိန်တဲ့ အမှတ်တရတွေ
ကျန်ခဲ့မှာ . . .






www.burmeseclassic.com

www.burmeseclassic.com

# အခန်း ...၉



www.burmeseclassic.com


# အခန်း ... ၉

ထိုနေ့တစ်နေ့လုံးလုံး သူ မအားလပ်နိုင်ပါ။ မြို့ထဲ ရှိ စတိုးဆိုင်တွေအနှံ့ စုံအောင် လျှောက်မွှေရင်း သူလိုချင်သော ပစ္စည်းကလေးတွေ ရှာဖွေနေရသောကြောင့်ဖြစ်သည်။ အားလုံး စုံလင်ပြီဆိုမှ ဗူးတစ်ဗူးထဲမှာ အားလုံး စီရရီထည့်ပြီး ပါကင်ပေပါလှလှနှင့် စည်းကာ ဖဲပွင့်ကလေးတပ်ခဲ့ပြီး သူမ နေ့လည်စာလာစားမည့်အချိန် 'ဆုံစည်းရာ'ထဲရှိ သူမ ထိုင်နေကျ စားပွဲကလေးပေါ်မှာ အသင့်တင်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရွှေးရိုးရာ သို့' 'OPEN ME!' ဟု စာတမ်းကလေး ကပ်ထားရုံဖြင့် သူမ ဖွင့်ကြည့်ဖို့ လုံလောက်ပါပြီ။ သူကတော့ ဆိုင်၏ ချောင်အကျဆုံးတစ်နေရာရှိ စားပွဲမှာထိုင်နေခဲ့ကာ သူမကို ကျောခိုင်းထားခဲ့ပြီးမှ လက်ထဲမှာ မှန်ဝိုင်းကလေးတစ်ချပ် ပြန်ထောင်ထားလျက် သူမကိုမြင်အောင် ပြန်ချိန်ထားခဲ့သည်။ မကြာပါ . . .။ သူ မျှော်လင့်ထားသည့်အတိုင်း သူမ ရောက်လာခဲ့ပါသည်။ သူမတစ်ယောက်တည်း မဟုတ်ပါ။ ကို မြတ်နိုးနှင့် တွဲလျက်ဖြစ်သည်။ ကိစ္စမရှိပါ။

သူမက ထိုင်နေကျစားပွဲမှာ ဝင်ထိုင်လိုက်ပြီးမှ စားပွဲပေါ်ရှိ ပါကင်ထုပ်ကလေးကို မြင်ကာ ပါးချိုင့်ကလေးတွေ စုံညီအောင် ပြုံးသွားခဲ့၏။

"ကြည့်စမ်း . . . ဒါ ကိုရဲ့ လက်ဆောင်ပေါ့လေ၊ ဟုတ်လား"

သူမ၏ အသံကလေးကို သူ ကြားခွင့်ရသဖြင့် သူ ကံကောင်းပါသည်။

"ဟာ . . . ကိုယ့်လက်ဆောင် မဟုတ်ပါဘူး၊ ချစ်နဲ့ကိုယ် အခုမှ အတူတူရောက်လာတဲ့ဥစ္စာ၊ မဖွင့်ရင် ကောင်းမယ်ချစ်လေး၊ တစ်ယောက်ယောက်က လုပ်ကြံထားတာ ဖြစ်နိုင်တယ်၊ မင်္ဂလာပွဲနီးမှ ဖိတ်စာတွေလည်း ပြဿနာတက်နဲ့၊ တစ်ယောက်ယောက်လုပ်နေတာ သေချာတယ်၊ မဖွင့်နဲ့ချစ်၊ စားစရာရှိတာ စားပြီးရင် ကိုယ်တို့ လုပ်စရာကိစ္စတွေ ရှိသေးတယ်"

ကိုမြတ်နိုးက ခါးခါးသီးသီး တားမြစ်သည်။

"အို . . . ချစ်နာမည်ကြီး တပ်ထားတဲ့ဥစ္စာ၊ ဖွင့်ချင်တယ်ကွာ၊ အထဲမှာ ဘာတွေရှိမလဲ သိချင်တယ်"

"ဟာ . . . ကျစ်"

ရိုးရာက ပါကင်ထုပ်ကို ခပ်သွက်သွက်ကလေး ဖောက်ဖြည်နေပါပြီ။ သူ ရင်တလှပ်လှပ်ဖြင့် အသက်ရှူဖို့ပင် မေ့လျော့စွာ သူမ၏မျက်နှာကလေးကိုပဲ တစိမ့်စိမ့် စိုက်ကြည့်နေခဲ့မိသည်။ ပါကင်စက္ကူ ပြေသွားပြီး ဗူးကလေးပေါ်လာချိန်မှာ သူမက ဗူးကလေးကို ဆက်ဖွင့်လိုက်၏။ အထဲက အရာတွေကို လျှပ်တပြက် မြင်လိုက်ရချိန်မှာ သူမမျက်လုံးတွေ ဝိုင်းစက်ချာလည်သွားခဲ့တော့သည်။

ပထမဆုံး သူမ ထုတ်ယူလိုက်တာက နက်ပြာ စိုစို





www.burmeseclassic.com

www.burmeseclassic.com

ဦးထုပ်ကလေးတစ်လုံး။ ဖဲကြိုးနက်ပြာကလေး စည်းထားသော သူမအကြိုက် အပြားခပ်သေးသေး ဦးထုပ်ကလေး။ ဒုတိယ ထုတ်လိုက်သည်က ကတ္တီပါဗူး ပြာပြာကလေး။ အထဲမှာ fresh water pearl ဟုခေါ်သော ပုလဲပုတီးကလေး။ သူမ မျက်နှာကလေးတစ်ခုလုံး အံ့ဩမှုတွေ နင့်သီးနေခဲ့ပါပြီ။ တတိယထွက်လာသည်က P.S. I Love You DVD အခွေကလေး၊ ပြီးတော့ Nora Jones ရဲ့ CD သီချင်းအခွေချပ်ကလေး၊ ပြီးတော့ Versace ရဲ့ Crystal Noir ရေမွှေးပုလင်းကလေး။ ပြီးတော့ Bobby Brown နှုတ်ခမ်းနီပန်းရောင်ဗူးကလေး။ size ၆ ဒေါက်မြင့်ဖိနပ်ကလေးတစ်ရံ . . . နောက်ဆုံးက နှင်းဆီအဖြူကလေးတစ်ပွင့်။

သူမ ဝုန်းခနဲ ထ,ရပ်လိုက်သည်။

"ဒါတွေ ဘယ်သူလာပေးသွားတာလဲဟင်၊ သူ ဘယ်သူလဲ၊ ဒီဆိုင်ထဲမှာ ရှိနေသလားဟင် . . . ရှင် ဘယ်သူလဲ"

သူမအသံက လိုအပ်တာထက် ပိုကျယ်နေခဲ့သည်။

"ချစ် မအော်နဲ့လေ . . . တိုးတိုး"



ကိုမြတ်နိုးရဲ့စကားကို သူမ ဂရုမစိုက်။ ဆိုင်ထဲကို လှည့်ပတ်ဝေ့ဝိုက်ရှာရင်း မှန်ဝိုင်းကလေးထောင်ပြီး ကြည့်နေခဲ့သော သူ့ကို သူမ တွေ့သွားခဲ့ပါသည်။ သူမ တစ်ကိုယ်လုံး တုန်ရင်နေခဲ့သလိုပင်။ သူရှိရာဆီသို့ သူမ ခပ်သွက်သွက် လျှောက်လာနေတာကို မှန်ထဲကနေပဲ သူ ဆက်ကြည့်နေခဲ့မိသည်။

"ရှင် ဘယ်သူလဲ ကိုအံ့ဩ ဟင်၊ ရှင် ဘယ်အထိ ကျွန်မကို အံ့ဩအောင် လုပ်နေဦးမှာလဲ ပြောလေ . . . ပြော"

သူမအသံက စိတ်လှုပ်ရှားမှုဖြင့် လှိုင်းထန်နေသည်။ သူ သူမကို ပြုံးပြလိုက်ပါသည်။ သူမက မပြုံးပါ။ မပြုံးနိုင်လောက်အောင်ကို အံ့ဩမင်သက်မှုထဲမှာ နစ်မြုပ်နေခဲ့သည်။


"ကျွန်တော် အသက်ပုံမှန်ရှုတတ်တဲ့ သာမန်လူတစ်ယောက်ပါ ရိုးရာ"

"ဒါတွေဟာ သွေးရိုးသားရိုး သာမန်တိုက်ဆိုင်မှုမျိုး မဟုတ်ဘူး ကိုအံ့ဩ၊ စနစ်တကျ အကွက်ချထားတဲ့ စီစဉ်မှုနဲ့ တူနေတယ်၊ ရှင် ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ ကျွန်မနား



www.burmeseclassic.com

www.burmeseclassic.com





ရောက်လာခဲ့တာလဲ"

"ညီမကို ကာကွယ်ဖို့ပါဆိုရင် လုံလောက်မလား ရိုးရာ"

"ကာကွယ်ဖို့ ! ဘယ်အရာဆီကနေလဲ . . ."

သူမ အံ့သြနေဆဲ ကိုမြတ်နိုးအနားသို့ ရောက်လာခဲ့သည်။

"မလိုအပ်ဘူး သူငယ်ချင်း၊ မင်းရဲ့အကြည့်တွေကို မင်း ပြန်ရုတ်သိမ်းပြီး လာရာလမ်းအတိုင်းသာ မင်း လှည့်ပြန်သွားလိုက်ပါ။ မင်းပြောတော့ ရိုးရာရဲ့သူငယ်ချင်းဆို၊ သူငယ်ချင်းက မကြာခင်မှာ လက်ထပ်တော့မယ့် သတို့သမီးလောင်းကို ဒီလိုလက်ဆောင်မျိုးတွေနဲ့ surprise လုပ်ဖို့ လိုအပ်သလား၊ သူ့ရှေ့မှာ ငါတစ်ယောက်လုံး ရှိနေတဲ့ကိစ္စမှာ မင်းက ဘာကို ကာကွယ်ချင်တာလဲ၊ မင်း လုံးဝ မရိုးသားဘူး သူငယ်ချင်း၊ မင်း ဘာဖြစ်ချင်တာလဲ"

ကိုမြတ်နိုးက သူ့ရင်ဘတ်ဆီ ခပ်ဆတ်ဆတ် ဆောင့်တွန်းပစ်လိုက်သဖြင့် သူ့စိတ်ထဲ ထောင်းခနဲဖြစ်သွားသည်။ သို့သော် သူ ခဏသည်းခံလိုက်ပါသည်။



"အဲဒါဆို မင်းကိုလည်း ငါ ပြန်မေးမယ်၊ မင်းကရော ရိုးသားတာ သေချာရဲ့လား မြတ်နိုး"

"မင်း ဘာတွေလာဖွနေတာလဲ၊ သတ္တိရှိရင် မင်း ဆိုင်ရှေ့ထွက်လိုက် ဟေ့ကောင်၊ ယောကျ်ားချင်းပဲရှင်းမယ်၊ မင်း ထွက်ခဲ့ . . ."

မြတ်နိုးက ဆိုင်ထဲမှ ဦးအောင်ထွက်သွားခဲ့သည်။ လိုက်မသွားလျှင် သူ သတ္တိနည်းရာကျမှာမို့ သူ ချက်ချင်း ထွက်လိုက်ခဲ့သည်။

"ကဲ . . . ပြော၊ ငါသိတယ်၊ ဖိတ်စာတွေကိစ္စမှာ မင်းကို ငါ လုံးဝ သံသယရှိပြီးသား"


မြတ်နိုးက ဘာမပြောညာမပြောနှင့် သူ့နှာခေါင်း တည့်တည့်ဆီ အရင်ဆုံး စ,ထိုးလိုက်သည်။ သူ့မျက်လုံးထဲ ပြိုးပြက်ဝင်းလက်သွားပြီး မြတ်နိုးကို ပြန်ထိုးဖို့ ပြင်စဉ်မှာ . . .

"မလုပ်နဲ့ ကိုအံ့သြ . . ."

ဟူသော အသံကလေးနှင့်အတူ သူမက မြတ်နိုးရှေ့တည့်တည့်မှ ဝင်ရပ်ကာကွယ်ထားလိုက်သောအခါ သူ့လက်သီးက လေထဲတွင် တန်းလန်းရပ်တန့်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





"ရှင် ထွက်သွားလိုက်ပါ ကိုအံ့ညြ"

ထိုစကားလေးကြောင့် သူ ဘယ်လောက် နာကျင်သွားရမှန်း သူမ မသိနိုင်ပါ။ ထိုလက်သီးကို လေထဲဆီသာ ပစ်ခွင်းလိုက်ပြီး သူ ချာခနဲ လှည့်ထွက်လာခဲ့ပါသည်။ သူ ဘာကြောင့်များ ဆွံ့အခဲ့သလဲ . . .။ လူတစ်ယောက်ရဲ့ မရိုးသားမှုကို ဖွင့်ဟပစ်လိုက်ဖို့ သူ ဘာဖြစ်လို့ ဝန်လေးနှုတ်ဆွံ့နေရသလဲ . . .။ တကယ်ဆို သူ့မှာ အချိန်သိပ်မရှိတော့ဘူးလေ . . .။

●●●



●●●●●

ဖေဖော်ဝါရီ (၄)ရက် . . . ၂၀၁၀


●●●●●

(၂၀၀)ချစ်ပြည့် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com







သူ့ကို မြင်လိုက်ချိန်မှာ သူမမျက်ဝန်းများ စူးခနဲ လက်သွားတာကို သူ သတိထားလိုက်မိပါသည်။

"ဖြစ်နိုင်ရင် ဒီရက်ပိုင်းကလေးမှာ ကျွန်မကို အံ့အားသင့်စရာတွေ ထပ်မလုပ်ပါနဲ့တော့ ကိုအံ့ဩ"

သူမက သတိထား၍ ပြောသောအသံမျိုးဖြင့် ပြောပါသည်။

"ကျွန်တော် ဖိတ်စာအကြမ်းကလေး လာပြတာပါ"

သူက ကဒ်ဖြူဖြူကလေးပေါ်မှာ ငွေမင်ရောင် လုံ့လုံ့ဖြင့် ရေးဆွဲခဲ့သော ကိန္နရီကိန္နရာ ပန်းချီကလေးကို သူမ



ရှေ့သို့ လှမ်းချပေးလိုက်စဉ်မှာ သူမ ငြိမ်သက်သွားခဲ့ပါသည်။

"ကျွန်မ အရမ်းကြိုက်တယ် ကိုအံ့ဩ၊ ရှင် တကယ်ပဲ ဖိတ်စာတွေ ရေးပေးမှာလားဟင်"

"ကျွန်တော် ညီမကို ကတိပေးထားတယ်လေ . . . ပြီးအောင် ဆွဲပေးမှာပါ"

"ဒီမှာ ကျွန်မရေးချင်တဲ့စာ၊ သတို့သားနာမည်ရယ်၊ သတို့သမီးနာမည်ရယ် . . . ပြီးတော့ ရက်စွဲရယ်၊ အချိန်နဲ့ နေရာရယ်၊ အဲဒီစာတမ်းကို ရှင်ဆွဲပြီးတဲ့ ပန်းချီကားပေါ်မှာ ငွေမှင်ရောင်စာလုံးလေးတွေနဲ့ ပုံနှိပ်လိုက်ချင်တယ်၊ ရှင်က ပန်းချီတွေပဲ ပြီးအောင်ဆွဲပေးပါ"

"စိတ်ချပါ ရိုးရာ၊ မနေ့ကကိစ္စအတွက် ကိုယ် တောင်းပန်ပါတယ်"

"ဟင့်အင်း . . . တောင်းပန်ဖို့မလိုပါဘူး၊ ကျွန်မရဲ့ အနှစ်သက်ဆုံးတွေကို ရှင် ဘယ်လိုလုပ်ပြီး သိနေခဲ့တာလဲ ဆိုတာ ကျွန်မကို ပြောပြမလားဟင် . . ."

သူမနှင့် သူ မျက်လုံးချင်း ဆုံမိသွားခဲ့သည်။ သူမ က အရင်ဆုံးဦးအောင် လွှဲသွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် အခုဖြေလိုက်ရင် ညီမ ယုံမှာမဟုတ်ဘူး၊ နောက်နှစ်နှစ်ကြာရင် ညီမ အလိုလို နားလည်ပါလိမ့်မယ်"

"နှစ်နှစ်! . . . ၂၀၁၂ ပေါ့ . . . အင်း"

သူမက ခနိုးခနဲ့ဟန်ကလေးဖြင့် ပြုံးရယ်ပါသည်။

"ကျွန်မ ဒီနေ့ သတို့သမီးဝတ်စုံကလေး သွားရွေးရမယ်။ သူ မနေ့က sea food allergy ဖြစ်ပြီး ဝမ်းပျက်နေလို့ မလိုက်နိုင်ဘူး၊ ကျွန်မ တစ်ယောက်တည်းသွားရမယ်"

"ကျွန်တော် လိုက်ခဲ့ပေးရမလား . . ."

"ရှင့်သဘောလေ . . ."

"လိုက်ချင်တယ် . . ."

"အိုကေပေါ့ . . ."

မမျှော်လင့်ဘဲ သတို့သမီးဝတ်စုံ ဒီဇိုင်နာဆီ သူမနှင့်အတူ သူ လိုက်ခွင့်ရခဲ့သည်မှာ သူ့အတွက်တော့ စိတ်လှုပ်ရှားရင်ခုန်ဖွယ်ရာအတိပင်။ ဇာပါးပါးကလေးပေါ်မှာ ဇာအပွင့်အခက်ကလေးတွေ ပြန်ကပ်သီချုပ်ထားပြီး ပုလဲလုံးသေးသေးကလေးတွေနှင့် ဇာအပွင့်ကို ပြန်ထိုးသီကွပ်ထားသော ရိုးရိုးရှင်းရှင်း သတို့သမီးဝတ်စုံကလေးမှာ သူမ၏ ကိုယ်ခန္ဓာသွယ်



လျလျကလေးပေါ်တွင် ချပ်ချပ်ရပ်ရပ် လှပတင့်တယ်စွာ တော်ဝင်ဆန်နေခဲ့ပါသည်။ သူ မျက်တောင်မခတ်မိ။ မျက်တောင် ခတ်ပစ်လိုက်ရမှာကို နှမြောတသလိုက်မိတဲ့အထိ သူမ၏ ခမ်းနားသောအလှထဲမှာ ပျော်ဝင်နေခဲ့မိသည်။

"ကျွန်တော့်မှာ စကားလုံးမရှိတော့ဘူး ညီမရယ်၊ တော်ဝင်အလှဆန်လွန်းတယ်၊ ညီမရဲ့အလှမှာ ကျွန်တော် ရှော့(ခ်)တောင်ရသွားသလိုပဲ"

"ဟယ် . . . အပိုတွေ"

သူမက မျက်စောင်းလှလှကလေး တစ်ချက်ချီကာ တစ်ကိုယ်လုံး ပေါ်လွင်နေသော မှန်ကြီးရှေ့ဝယ် လှည့်ပတ်ကြည့်လို့မဆုံးနိုင်။

"ညီမလေးရယ် လှလိုက်တာ . . . သတို့သမီးတွေ အများကြီးပဲ မမ ဝတ်စုံချုပ်ခဲ့ပေးဖူးပါတယ်၊ ဒီလောက် လိုက်ဖက်တင့်တယ်ပြီး ပြီးပြည့်စုံတဲ့အလှမျိုး တကယ် မရှိသေးဘူး၊ အရမ်းလှတယ်၊ ညီမလေးကို လက်ထပ်ခွင့်ရတဲ့သူတော့ တကယ်ကံကောင်းပါတယ်"

ဒီဇိုင်နာမ,ကလေးက သူ့ကို တစ်ချက်လှမ်းကြည့်

www.burmeseclassic.com

ရင်း ပြောတာမို့ သူမက သဘောပေါက်စွာ . . .

“မမ သူ့မဟုတ်ဘူးနော်၊ သတို့သားက နေမကောင်းလို့ အိမ်မှာ ကျန်ခဲ့တာ၊ သူက သူငယ်ချင်း၊ အဖော်လိုက်ခဲ့ ပေးတာပါ”

“အို . . . ဆောရီး ဆောရီး၊ မမက သူ့ပဲထင်ပြီး နှစ်ယောက်စလုံး လိုက်ဖက်လိုက်တာလို့ တွေးနေတာ၊ မမ ဖိတ်စာလည်း မရသေးဘူးနော်”

“ဟုတ်တယ် မမ၊ လာဖို့မှာ စိတ်ချ၊ ဖိတ်စာတွေ သူ ပန်းချီအရင်ဆွဲပေးနေတယ်”

“အမလေး . . . တော်လိုက်တာ၊ ဒီလောက်တော်တဲ့ သူငယ်ချင်းမျိုး မမမှာလည်း ရှိချင်သား၊ ငါ့ညီမများ ကံကောင်းလိုက်တာ”

ဒီဇိုင်နာမမက သတို့သမီးဝတ်စုံကလေးကို စနစ်တကျ သေချာထုပ်ပိုးပေးနေရင်း ဗီယဝါစာကလေးတွေ ပြောဖို့လည်း မမေ့။ သတို့သမီးဝတ်စုံထုပ်ကြီးကို သူ လှမ်းယူပွေ့ပိုက်လာခဲ့သည်။

“ကိုအံ့ဩ . . . ရရဲ့လား၊ သေချာကိုင်ခဲ့ပေးနော်၊



ကျွန်မက ဆိုင်ကယ်လ်မောင်းရမှာ”

“စိတ်ချပါ ညီမရဲ့ . . . ကိုယ် ကလေးမှ မဟုတ်တာ”

“ကားနဲ့ လာလိုက်ရ တော်လေသားနော်၊ ကျွန်မ မေ့သွားတယ်”

“ရပါတယ် ညီမ . . . စိတ်မပူပါနဲ့”

သူမက ဆိုင်ကယ်လ်မောင်းနေရင်း စိတ်မချစွာ နှင့် နောက်လှည့်လှည့်ကြည့်ရတာ အမော . . .။ မြို့ထဲကို ပြန်သွားဖို့အတွက် ကုန်းတံတားတစ်ခုကို ဖြတ်ရပါသည်။ အောက်မှာ မြစ်ကြီးတစ်ခုရှိနေသော တံတားတစ်ခုဖြစ်သည်။ ကားတွေက တံတားလမ်းမပေါ်ကဖြတ်ပြီး ဆိုင်ကယ်တွေ စက်ဘီးတွေအတွက် ဘေးလမ်းကလေးတစ်ခု ဖန်တီးပေးထားသည်။ မြစ်လယ်မို့ လေက တသုန်သုန် ဖြူးတိုက်နေသည်။ တံတားပေါ်ကအဖြတ်မှာ သူ စိတ်ကူးတစ်ခု ရသွားခဲ့ပါသည်။ သတို့သမီးဝတ်စုံ ထည့်ထားသော ပလပ်စတစ်အိတ်က လေတိုးသဖြင့် တကျွတ်ကျွတ်အသံတွေ မြည်နေသည်။ သူ မျက်လုံး စုံမှိတ်ကာ လက်နှစ်ဖက်ကို ဆန့်တန်းပစ်လိုက်ချိန်မှာ လေအဟုန်က အိတ်ကြီးကို သုတ်ခနဲ သယ်ယူသွားခဲ့တော့

www.burmeseclassic.com



သည်။

"ဟာ . . . သွားပြီ . . . ညီမ"

"ဘာရယ် . . ."

"အထုပ် အထုပ်ကြီး လေနဲ့လွင့်သွားပြီ"

"ဟာ . . ."

သူမက ဆိုင်ကယ်လ်ကို ကမန်းကတန်း ဘေး ထိုးရပ်ပစ်လိုက်သည့်တိုင် မမီတော့ချေ။ အထုပ်ကြီးက မြစ်ထဲသို့ တအိအိ လွင့်ဝဲကျသွားခဲ့ပြီ . . .။

"အမလေး . . . သွားပြီ သွားပြီ၊ ကျွန်မရဲ့ သတို့သမီး ဝတ်စုံကလေး၊ ဘယ်လိုလုပ်ကြမလဲဟင် . . . ရှင့် ပေါ့ဆတာ ကိုအံ့ဩရဲ့၊ ဒီလောက် အတန်တန် သတိပေးနေတဲ့ကြားကနေ ရှင့်ကို ယုံကြည်လိုက်မိတာ ကျွန်မ အမှားပဲ"

သူမ ဆွေ့ဆွေ့ခုန်နေကာ သွေးရူးသွေးတန်း ဖြစ်နေတာကို ကရုဏာသက်လွန်းစွာ ငေးကြည့်နေရုံမှအပ သူ ဘာမှ လုပ်မပေးနိုင်ပါ . . .။


"ရှင် ရှင် . . . တမင်တကာများ လုပ်ပစ်လိုက်တာလားဟင် ကိုအံ့ဩ၊ ကျွန်မ ရှင့်ကို မသက်သာတော့ဘူး၊ ကျွန်မအတွက် အရမ်းအရေးကြီးတဲ့ သတို့သမီးဝတ်စုံကို ရှင် တမင်သက်သက် မြစ်ထဲပစ်ချလိုက်တာ ဟုတ်တယ်မှုလား၊ ဖိတ်စာတွေ ဖိတ်စာတွေလည်း ရှင်ပဲ ရှင်ပဲ၊ ရှင် ဘာအငြိုးနဲ့ ဒီလောက်ရက်စက်ရတာလဲ ဟင် ကိုအံ့ဩ၊ ရှင် ကျွန်မဆီက ဘာလိုချင်တာလဲ"

သူမစိတ်တွေ လွတ်ထွက်ပေါက်ကွဲသွားကာ သူ့ ရင်ဘတ်ကို စိတ်ရှိလက်ရှိ ထုနှက်နေခဲ့သမျှကို သူ စိတ်ရှည်သည်းခံစွာ ကြံ့ကြံ့ခံနေခဲ့ရသည်။ ခုအချိန်မှာ သူ ဘာပြောရမလဲ။ သူမရင်ထဲကို ဆူးချွန်တစ်ချောင်းလို ထိုးစိုက်ဝင်ရောက်သွားစေမည့် ဘယ်လိုစကားချွန်ချွန်မျိုးမှ သူ မပြောနိုင်သေးပါ။

"သွားတော့ ရှင် ထွက်သွားတော့၊ ကျွန်မနဲ့ အဝေးဆုံးကို ထွက်သွားပေးပါတော့၊ ရှင့်မျက်နှာကို ကျွန်မ မမြင်ချင်တော့ဘူး၊ ရှင် လုံးဝ မရိုးသားဘူးဆိုတာ သေချာနေပြီ၊ ရှင်နဲ့ ကျွန်မကြားမှာ ဘာရန်ငြိုးမှ မရှိခဲ့ပါဘူး၊ ရှင် ဘာဖြစ်လို့ ဒီလောက်ရက်စက်ရတာလဲ"

သူမကိုကြည့်ရသည်မှာ ရူးမလေးတကယ့်ကို စိတ်

www.burmeseclassic.com





လှုပ်ရှားသောကရောက်နေဟန်မျိုးမို့ သူ တကယ် မကြည့်ရက်ပါ။

"ကျွန်တော် ညီမကို မနာကျင်စေချင်တာပါ၊ ဒီ မင်္ဂလာ ပွဲရဲ့နောက်ကွယ်မှာ အလိမ်အညာ မုသားတစ်ခု ရှိနေခဲ့တယ်ဆိုတာကို ညီမ လက်ခံနိုင်ပါ့မလား၊ ကျွန်တော့် ဘက်မှာ သက်သေတစ်ခုရှိနေခဲ့ပါတယ်"

"ဘာ အလိမ်အညာလဲ၊ ဘာသက်သေလဲ၊ လာပြန်ပြီ နောက်တစ်ခု . . . ရှင် သွားတော့လို့ဆိုနေ၊ ရှင့်ဆီက ဘာ သက်သေမှကို မလိုချင်တာ"

သူမက ဆိုင်ကယ်လ်ပေါ် ခုန်တက်သွားကာ တရှိန်ထိုးမောင်းထွက်သွားခဲ့သည်။ သူ ဘာလုပ်ရမှန်းမသိစွာ ကျန်ရစ်ခဲ့သည်။

●●●



●●●●●

ဖေဖော်ဝါရီ (၅)ရက် ၂၀၁၀ . . .

●●●●●



www.burmeseclassic.com

www.burmeseclassic.com

ဒီစွန့်စားမှုက နည်းနည်းတော့ အန္တရာယ်များပေမယ့် ထိုက်တန်သည်ဆိုပါစို့။ သူနှင့် နန်းနရီ မျက်နှာချင်းဆိုင်ထိုင်လျက်ရှိစဉ် သူက မင်္ဂလာပွဲလုပ်မည့် ဟိုတယ်လ်ဆီ ဖုန်းခေါ်လိုက်သည်။ နန်းနရီနှင့် စနစ်တကျ ဇာတ်တိုက်ညှိနှိုင်းထားခဲ့ပြီးသား . . .။

"မင်္ဂလာညနေခင်းပါရှင် . . . (     ) Hotel ကပါရှင်"

"ကျွန်တော် ဟိုတယ်လ်မန်နေဂျာနဲ့ စကားပြောချင်ပါတယ်"

"အကြောင်းကိစ္စလေး ပြောပြပေးပါရှင်"



"မင်္ဂလာပွဲ cancel လုပ်ချင်လို့ပါ၊ မြတ်နိုးနဲ့ ရွှေရိုးရာ ဖေဖော်ဝါရီ (၁၄)ရက် ညနေခင်း pool side မှာ လုပ်မယ့် မင်္ဂလာပွဲအတွက်လို့ ပြောပေးပါ"

"ခဏလေး ကိုင်ထားပေးပါရှင်၊ ကျွန်မ မန်နေဂျာအခန်းကို လွှဲပေးလိုက်ပါ့မယ်"

သူနှင့် နန်းနရီ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြသည်။

"ဟယ်လို . . . ကျွန်တော် (   ) hotel မန်နေဂျာပါခင်ဗျာ၊ ကျွန်တော် ဘာများ ကူညီပေးရမလဲခင်ဗျာ"

"အနှောင့်အယှက်ပေးရတာ ဆောရီးပါဗျာ၊ ကျွန်တော် မြတ်နိုးပါ၊ ကျွန်တော်နဲ့ရွှေရိုးရာရဲ့ မင်္ဂလာပွဲကို cancel လုပ်ချင်လို့ပါ၊ ဖေဖော်ဝါရီ (၁၄)ရက်နေ့ ညနေခင်း pool side မှာ လုပ်မယ့်ပွဲပါ"

"ဘယ်လိုဖြစ်တာလဲဗျာ၊ ကျွန်တော် စိတ်မကောင်းလိုက်တာ၊ မင်္ဂလာပွဲကို cancel လုပ်မယ်ဆိုရင် ကာယကံရှင်ကိုယ်တိုင်လာပြီး cancellation form မှာ ဖြည့်ပြီး လက်မှတ်ထိုးပြီးမှ လုပ်လို့ရပါတယ်ခင်ဗျာ၊ ကိုမြတ်နိုး hotel ကို



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့လိုက်ပါလား၊ ကျွန်တော် စောင့်နေပါ့ မယ်"

"hotel ကိုလာဖို့ အချိန်ကိုမရှိတာဗျာ၊ ကျွန်တော်နဲ့ ရိုးရာတို့ ဘယ်လိုမှ ညှိနှိုင်းလို့မရတဲ့ ပြဿနာကြောင့် ဘယ်လိုမှ လက်ထပ်ပွဲမဖြစ်နိုင်တော့ဘူး၊ အဲဒါကြောင့် cancel လုပ်းလုပ်ထားတာ၊ ဘာဇည့်သည်မှလည်း ဖိတ်မထားဘူး၊ ကျွန်တော်ပေးထားတဲ့ စရန်လည်း အဆုံးဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ခင်ဗျား ရိုးရာဘက်က သဘောထားကိုပါ လိုချင်သေးလား၊ အခု သူ ရှိနေတယ် . . . သူ ပြောပြ လိမ့်မယ်"

ဖုန်းကို နန်းနရီလက်ထဲသို့ သူ လှမ်းပေးလိုက် သည်။

"ဟုတ်ကဲ့ . . . ကျွန်မ ရှေးရိုးရာပါ၊ ဟုတ်တယ် . . . ကျွန်မတို့ မင်္ဂလာပွဲ မလုပ်ဖြစ်တော့ပါဘူး၊ အဲဒါကြောင့် cancel လှမ်းလုပ်တာပါ၊ hotel ကိုတော့ ကျွန်မလည်း မလာ နိုင်ပါဘူး၊ ရှင်ပဲ စဉ်းစားကြည့်ပါ၊ မင်္ဂလာပွဲတစ်ခုပျက်သွားတဲ့ သတို့သမီးက ဘယ်လိုမျက်နှာမျိုးနဲ့ အဲဒီ hotel ကိုလာပြီး လက်မှတ်ထိုးနိုင်ပါ့မလဲ၊ ရှင့်ဘက်က လုပ်စရာရှိတာတွေသာ လုပ်ထားပေးပါ၊ လူလာဖို့ လိုအပ်တယ်ဆိုရင် ကျွန်မကိုယ်စား



ကျွန်မရဲ့သူငယ်ချင်းကို လွှတ်လိုက်မယ်၊ သူ့ဘက်ကလည်း သူ့သူငယ်ချင်း လာလိမ့်မယ်၊ အဲဒီလိုဆို ဖြစ်တယ်မှလား၊ ဟုတ်ကဲ့ ကျွန်မ လွှတ်လိုက်ပါ့မယ် . . . OK ကျေးဇူးပါရှင် တာ့တာ . . ."

နန်းနရီက အားပါးတရပြုံးပြီး ဖုန်းကို ပိတ် လိုက်သည်။


"ရှင်နဲ့ကျွန်မ သူတို့ကိုယ်စား လက်မှတ်သွားထိုးပေး လိုက်ရုံပါပဲ၊ ရှင့်စိတ်ကူးက ပိရိပါတယ် ကိုအံ့သြ၊ ကျွန်မ လက်မှတ်ထိုးပြီးရင် သူနဲ့တွေ့ဖို့ မကြိုးစားတော့ဘူး၊ ရန်ကုန် ပြန်တော့မယ်၊ ဒီမှာ မင်္ဂလာပွဲမဖြစ်တော့ရင် သူ အိမ်ပြန် လာမှာပါ"

"လျှော့မတွက်ပါနဲ့ နန်း၊ ပိုပြီးသေချာအောင် နောက် ဆုံးတစ်ခု လက်စ,သိမ်းပေးပါဦး"

"ဘယ်လို . . ."

"ဘာကြောင့် မင်္ဂလာပွဲပျက်သွားရတယ်ဆိုတာရဲ့ အကြောင်းရင်းကို တခြားလူတွေ သိဖို့မလိုပေမယ့် ရှေးရိုးရာ ကိုတော့ သိစေချင်တယ် နန်း၊ ဘယ်သူမှ မသိအောင် နန်း

www.burmeseclassic.com





သူ့ကို သွားတွေ့ပေးပါနော်၊ သက်သေ စာရွက်စာတမ်းတွေလည်း ယူသွားပြလိုက်ပါ"


"ဟင့်အင်း . . . ကျွန်မ သူနဲ့ ရင်မဆိုင်ချင်ဘူး"

"မင်္ဂလာပွဲမှာတောင် သွားတွေ့ဖို့ ဆုံးဖြတ်ထားသေးတာပဲ နန်းရယ်၊ သူနဲ့ နှစ်ယောက်တည်း တွေ့လိုက်စေချင်တယ်၊ အခြေအနေအားလုံးကို နားလည်သွားမှ သူ အလွယ်တကူ နောက်ဆုတ်သွားမှာပါ၊ နန်း တစ်ခု တွေးထားရမှာက သူတို့နှစ်ယောက် မင်္ဂလာပွဲ ခမ်းခမ်းနားနား မလုပ်ဖြစ်လည်း အကျဉ်းရုံးပြီး နှစ်ဦးသဘောတူ လက်ထပ်နိုင်သေးတယ်လေ"

နန်းနရီ တွေဝေသွားပုံရသည်။ ခဏကြာမှ သူမ သဘောတူခေါင်းညိတ်ပါသည် . . .။ ခဏအကြာမှာ မြို့လယ်ရှိ ( ) hotel မှာ မင်္ဂလာပွဲ cancellation form မှာ သူနှင့်နန်းနရီ လက်မှတ်ထိုးနေခဲ့ကြပြီ။ သူ့ရင်ထဲက လေးလံမှုတွေ အတန်အသင့် သက်သာပြေလျော့သွားသလို ခံစားရပါသည်။

●●●





●●●●●

ဖေဖော်ဝါရီ (၆)ရက် ၂၀၁၀ . . .

●●●●●

အချစ်တစ်ခု ခိုင်မြဲဖို့အတွက် အချိန်ကာလ
အကြာကြီးယူပြီး တည်ဆောက်ရတာ၊
ပျက်စီးဖို့ကျတော့ ခဏလေးရယ်၊
စကားတစ်ခွန်း
အကြည့်ကလေးတစ်ချက်နဲ့တင်
လုံလောက်ပါတယ်။


(၂၀၀)ချစ်ပြည့် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... ၁၀





www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... ၁၀

'ရွှေရိုးရာ' ဆိုင်ကလေးထဲ နန်း ဝင်သွားခဲ့တာကို သူ ခပ်လှမ်းလှမ်းမှ လှမ်းကြည့်နေခဲ့သည်။ နန်းနှင့်သူမ ပြောသမျှကို သူ ကြားချင်သောကြောင့် နန်း ဝင်သွားခဲ့ကတည်းက နန်းက သူ့ဖုန်းကို လှမ်းခေါ်ထားခဲ့ပြီး ဒီအတိုင်း ဆက်ဖွင့်ပေးထားခဲ့သည်။ ထို့ကြောင့် အသံဗလံအားလုံးကို သူ ကြားနေခဲ့ပါသည်။

"ရွှေရိုးရာ ထင်ပါတယ် . . ."

"ဟုတ်ကဲ့ . . . ကျွန်မပါ၊ ဘာလုပ်ပေးရမလဲ ညီမ"

"ကျွန်မ စကားနည်းနည်း ပြောချင်လို့ပါ"

"ရတယ်လေ . . . ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com


"နှစ်ယောက်တည်း အေးအေးဆေးဆေး ပြောချင်တာပါ"

"ဟုတ်ပြီ . . . ဒါဆိုရင် ကျွန်မ အခန်းလေးထဲမှာ ပြောကြမယ်လေ၊ လာပါ ညီမ . . . ကျွန်မ အချိန်တော့ သိပ်မရဘူး ညီမရယ်၊ လုပ်စရာ အလုပ်ကလေးတွေ ရှိနေလို့ပါ"

"နားလည်ပါတယ် . . . သတို့သမီးလောင်း တစ်ယောက်အတွက် ဒီအချိန်မှာ အလုပ်များဆုံးဆိုတာ"

"အို . . . ညီမက ကျွန်မအကြောင်း သိနေတယ်လား၊ ဒီမြို့ကတော့ ဟုတ်မယ်မထင်ပါဘူး၊ ဧည့်သည်မှလားဟင်"

"ဟုတ်ပါတယ် . . . ကျွန်မ ဧည့်သည်ပါ၊ ဒီမြို့မှာ ကျွန်မ မသိအောင် မင်္ဂလာပွဲတစ်ပွဲ လာဆင်နွှဲတဲ့ ကျွန်မရဲ့ ခင်ပွန်းဆီ လိုက်လာတာပါ"

"ဘယ်လို . . ."

"ယောကျ်ားတစ်ယောက်ဟာ မိန်းမဘယ်နှယောက်ကို လှည့်စားခွင့်ရှိသလဲဆိုတာ ကျွန်မ မသိဘူး၊ ကျွန်မတို့ မိန်းမတွေက ယောကျ်ားတစ်ယောက်ရဲ့အချစ်နဲ့ ပြည့်စုံရောင့်ရဲတတ်သလောက် ယောကျ်ားတစ်ယောက်က မိန်းမ





တစ်ယောက်တည်းရဲ့ အချစ်တွေနဲ့ မတင်းတိမ် မကျေနပ်နိုင်ကြတာ သူတို့ကပဲ လောဘရမ္မက် ကြီးလွန်းတာလား၊ ကျွန်မတို့ကပဲ ထုံအ,လွန်းတာလား ကျွန်မ လိုက်မမီတော့ဘူး . . ."


"ခုချိန်ထိ ညီမ ကျွန်မကို ဘာတွေ လာပြောနေသလဲဆိုတာ ကျွန်မ နားမလည်နိုင်ဘူး ညီမ၊ ပွင့်ပွင့်လင်းလင်းပဲ လိုရင်းကို ပြောပြပေးပါလား ညီမ၊ ညီမနာမည် ဘယ်သူ"

"ကျွန်မ နန်းနရီပါ၊ ကဲ . . . ဒါဖြင့် ကျွန်မ ရှင်းရှင်းပဲ မေးတော့မယ်၊ အစ်မရဲ့ခင်ပွန်းက အစ်မနဲ့လက်ထပ်ပြီး နောက်တစ်နှစ်အကြာမှာ အစ်မ,မသိတဲ့ မြို့တစ်မြို့မှာ တခြားမိန်းကလေးတစ်ယောက်ကို တိတ်တဆိတ်သွားပြီး လက်ထပ်နေတာကို အစ်မပြန်သိခဲ့ရင် အစ်မ ဘာလုပ်မလဲ"

နန်း၏မေးခွန်းက အနည်းငယ်တော့ ရက်စက်ရင့်သီးနေခဲ့ပါသည်။ သူမ အသံတိတ်သွားခဲ့၏။ သူ ဖုန်းကို နားမှာ ပို၍ ဖိကပ်နားထောင်နေလိုက်မိသည်။

"ကျွန်မ မပြောတတ်ဘူး ညီမ၊ ကျွန်မချစ်တဲ့လူကို

www.burmeseclassic.com



ကျွန်မ ယုံကြည်တယ်၊ သူ ဘယ်တော့မှ ဒီလိုလုပ်မှာ မဟုတ်ဘူး . . ."

"နောက်ကျောကို ဓားနဲ့ထိုးခွင့်ရတဲ့သူဆိုတာ ကိုယ့်အနားမှာ အနီးကပ်ဆုံး နေခွင့်ရတဲ့သူတွေပါ အစ်မရယ်၊ ယုံကြည်မှုကို အလွဲသုံးစားလုပ်ခွင့်ရတဲ့သူ ဆိုတာကလည်း ကိုယ်က အပြည့်အဝ ယုံကြည်ကိုးစားထားမိတဲ့သူတွေပဲ ဖြစ်နေတတ်တာပါ"

"ညီမ ဘာကို ဆိုလိုချင်တာလဲ၊ ရှင်းရှင်းပြောပါ"

"သူ ကျွန်မကို သစ္စာဖောက်ခဲ့တယ်၊ ယုံကြည်မှုကို ဖြိုခွဲခဲ့တယ်၊ ကျွန်မနောက်ကျောကို ဓားနဲ့ တဆုံးထိုးစိုက်ခဲ့တယ်၊ အဲဒီလူဟာ ကျွန်မ သိပ်ချစ်ရလွန်းတဲ့ ကျွန်မ ယုံကြည်ကိုးစားရလွန်းတဲ့ ကျွန်မရဲ့ ချစ်ခင်ပွန်းပါ၊ သူ ဒီမြို့မှာ မိန်းကလေးတစ်ယောက်နဲ့ အကြီးအကျယ် တခမ်းတနား မင်္ဂလာပွဲကျင်းပတော့မယ်ဆိုတာ သတင်းအတိအကျရလို့ ကျွန်မ လိုက်လာခဲ့တာပါ၊ ကျွန်မမှာ လည်း မိတ်ဆွေသူငယ်ချင်းဆိုတဲ့ နားတွေရှိပါတယ်၊ ကျွန်မ လိုက်လာခဲ့တဲ့ အဓိက ရည်ရွယ်ချက်က ဒီမင်္ဂလာပွဲကို တစ်သက်စာ ရှုပ်ပျက်ဆင်းပျက်



အရှက်တကွဲ ဖြစ်စေမယ့်နည်းနဲ့ဖျက်ဖို့ပါ၊ ဒါပေမယ့် လူတစ်ယောက်ကြောင့် ကျွန်မရဲ့စိတ်ကူးတွေ ပြောင်းသွားခဲ့တယ်"

"သူ သူ ဘယ်သူလဲ . . ."

ရိုးရာ၏အသံက အက်ကွဲခြောက်ကပ်နေခဲ့သည်။ သူ သူမ၏ရင်ထဲကအနာကို လှမ်းပြီး ကူးစက်ခံစားမိပါသည်။

"ဒီ လက်ထပ်စာချုပ်ပေါ်မှာ လက်မှတ်ထိုးခဲ့တုန်းက သူ ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ်နဲ့ပါ၊ သူ့ကို ဘယ် သူကမှ ဖြားယောင်းသွေးဆောင်ခဲ့တာ မဟုတ်ပါဘူး"

နန်းရဲ့ လက်ထပ်စာချုပ်ကို သူမ လှမ်းကြည့်လိုက်ပုံပေါ်ပါသည်။ ဘာသံမှ မကြားရတော့လောက်အောင် တိတ်ဆိတ်သွားခဲ့သည်။

"ကျွန်မ မသိခဲ့ဘူး၊ ကျွန်မ တကယ် ဘာမှ မသိခဲ့ပါဘူး၊ အို . . . ရက်ဖို့ကောင်းလိုက်တာ"

သူမအသံလေးက ဆို့နစ်တုန်ယင်လွန်းစွာ. . .။ သူ ပြေးလိုက်သွားချင်စိတ်ကို မနည်းပဲ ချုပ်တီးထားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ် သိပ်ချစ်နေရတဲ့သူဆီက လှည့်စားမှုနဲ့ သစ္စာဖောက်မှုကို ခံလိုက်ရတဲ့အချိန်မှာ ဘယ်လောက် ရင်ထဲမှာ အခံရခက်ပြီး စက်သေနတ်နဲ့ ပစ်ခံရသလို နှလုံးသားမှာ ဇကာပေါက်ဖြစ်သွားသလို နာကျင်မှုမျိုးကို ကျွန်မ ကိုယ်ချင်းစာပါတယ်၊ အစ်မကို ကျွန်မ အပြစ် မတင်ရက်ပါဘူး၊ ဘဝတူချင်းမို့ စာနာမိပါတယ်၊ အစ်မ မသိသေးတဲ့ လျှို့ဝှက်လှည့်စားမှုတစ်ခုကို အစ်မကို လာအသိပေးရုံသက်သက်ပါ၊ ကျန်တာ အစ်မရဲ့အပိုင်းပဲ၊ ကျွန်မကို ခွင့်ပြုပါဦး . . ."

မျက်နှာလေးကို မြင်ခွင့်မရသဖြင့် သူမ ဘယ်လောက် ထိခိုက်ပြိုကွဲနေမလဲဆိုတာကို သူ့စိတ်ထဲမှာသာ မှန်းဆကြည့်ရပါသည်။ သူမ အံကိုတင်းတင်းကြိတ်ထားမလား၊ မျက်ရည်တွေ ပြည့်အိုင်လာမှာလား၊ ခန္ဓာကိုယ်ကလေး ယိမ်းထိုးတုန်ယင်နေမလား၊ မျက်နှာကလေး နီမြန်းနေမလား . . .။ သူ ပင့်သက်တစ်ချက်သာ ရှိုက်ငင်မိပါသည်။

"ခဏလေး . . ."

သေချာပါပြီ။ သူမ အသံကလေး ရှိုက်ငင်သံစွက်လို့နေခဲ့ပြီ။



"ခုလိုလာပြီး အသိပေးတဲ့အတွက် ကျေးဇူးပါ ညီမ၊ နို့ မဟုတ်ရင် ကျွန်မဘဝတလျှောက်လုံး ပြန်ပြင်ဆင်လို့ မရတော့မယ့် အမှားတစ်ခုကို ကျွန်မ ကျူးလွန်မိတော့မလို့"

"ဟင့်အင်း . . . ကျွန်မကို ကျေးဇူးမတင်ပါနဲ့၊ အစ်မ ကျေးဇူးတင်ချင်ရင် ကိုအံ့သြကို တင်ရမှာ"

နှန်း ပြန်ထွက်လာခဲ့တာကို သူ လှမ်းမြင်နေရပါသည်။

"သူ အရမ်း သနားဖို့ကောင်းတယ် ကိုအံ့သြ၊ ရှော့(ခ်) ရသွားတဲ့အတိုင်းပဲ၊ ကျွန်မ ဆက်မကြည့်ရက်လို့ ထွက်ခဲ့ပြီ၊ ကျွန်မ မနက်ဖြန် ရန်ကုန်ပြန်တော့မယ်၊ တစ်ခါတည်း နှုတ်ဆက်ခဲ့တယ်နော် . . ."

အနားရောက်လာသောနှန်း လှမ်းပြောနေသည့် စကားတွေကို မကြားတစ်ချက် ကြားတစ်ချက် . . .။ သူ 'ရွှေရိုးရာ' ဆိုင်ကလေးဆီသို့ လေအဟုန်လို တဟုန်ထိုးပြေးထွက်လာခဲ့သည်။ ခုအချိန်မှာ သူမ ရင်ဖွင့်ငိုကြွေးနိုင်ဖို့အတွက် သူ့ရဲ့ပုခုံးတစ်ဖက် အမှန်တကယ် လိုအပ်နေမှာပါ . . .။

●●●

www.burmeseclassic.com

●●●●●

ဖေဖော်ဝါရီ (၇)ရက် ၂၀၁၀ ...

●●●●●

(၂၀၀)ချုပ်ပြည့်အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



တည်းခိုခန်းတံခါးဆီမှ တံခါးခေါက်သံပေါ်လာချိန်တွင် သူ အိပ်ရာမှ လန့်နိုးခဲ့သည်။ မနက်အစောကြီး ဘယ်သူကများ သူ့တံခါးကို လာခေါက်နေခဲ့တာပါလိမ့်။ သူ အိပ်ရေးမဝသေး . . .။ မနက်ခြောက်နာရီပဲ ရှိပါသေးသည်။ အိပ်ချင်မူးတူးနှင့် သူ ထ,ပြီး တံခါးကို ဖွင့်ပေးလိုက်သည်။ အခန်းဝမှာ ရပ်နေသူက ကိုမြတ်နိုးပါ . . .။

"ဘယ်လိုလဲ သူရဲကောင်းကြီး . . . မင်းလုပ်ခဲ့သမျှ လုပ်ရပ်တွေအတွက် မင်းကိုငါ ဂုဏ်လာပြုတာပါ"

ကိုမြတ်နိုး၏လက်ထဲမှာ base ball တုတ်တစ်




ချောင်းကိုင်ရက်သား။ ရုတ်တရက် သူ ရှောင်တိမ်းလိုက်ချိန်တောင် မရ။ အရှိန်ပြင်းထန်လွန်းသော ရိုက်ချက်တွေက သူ့ဦးခေါင်းဆီသို့ ကျရောက်လာခဲ့သည်။ သူ့မျက်လုံးတွေထဲ fireworks မီးတွေ ပြိုးပြက်ဝင်းလက်သွားသလို စူးစူးရှရှ လင်းချင်းသွားပြီးနောက် သူ့ကမ္ဘာလောကကြီး တစ်ခုလုံးကို အမှောင် ထုက အလစ်သုတ်ခိုးယူသွားခဲ့တော့သည် . . .။

●●●



www.burmeseclassic.com

www.burmeseclassic.com




ကိုယ့်ရင်ဘတ်ရဲ့ တခြားအခြမ်းက
ခုတော့
သူ့ရင်ဘတ်ဆီမှာ
အံဝင်ခွင်ကျ တပ်ဆင်လို့ ...။
ဘယ်တော့မှ လွဲချော်ဝေးကွာခြင်း
မရှိတော့မှာကိုလည်း
သူ တစ်ဘဝစာ
ယုံကြည်စိတ်ချကျိန်းသေလို့လေ ...။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... ၁၁



(၂၀၀)ဒုပ်ပြုပုံအမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... ၁၁


သူ မျက်လုံးတွေကို အားယူပြီး ဖွင့်ဖို့ ကြိုးစားလိုက်သည်။ စူးစူးရှရှ အလင်းရောင်က ပြုန်းခနဲ တိုးဝင်လာသဖြင့် ချက်ချင်း ပြန်မှိတ်ထားလိုက်ရသည်။ ပြီးမှ ဖြည်းဖြည်းချင်း ကြိုးစားပြန်ဖွင့်ယူရပါသည်။ သူ ပထမဆုံးတွေ့လိုက်ရသော မျက်နှာကလေးက စိုးရိမ်ပူပန်သောကများနှင့်သီးစွာဖြင့် နွမ်းလျနေသည့်ကြားကနေ လှပနေနိုင်သေးသော သူ့ရင်ဘတ်ရဲ့ တခြားအခြမ်းသော မျက်နှာကလေးပါ . . .။

"ဟော . . . ကိုအံ့ဩ သတိရလာပြီ၊ စိတ်ပူလိုက်ရတာ ကိုအံ့ဩရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ နူးညံ့ပျော့ပျောင်းလွန်းသော လက်ချောင်းကလေးတွေက သူ့လက်ဖဝါးတစ်ဖက်ကို ခပ်ဖွဖွ ဆုပ်ကိုင်ထားခဲ့သည်။

"ဒီနေ့ ဘယ်နှရက်ရှိပြီလဲ . . . ကျွန်တော် ရေဆာလိုက်တာ"

"အို . . . တိုက်မှာပေါ့၊ ကျွန်မ ရေစက်ကလေးတွေ ချပေးမယ်နော်၊ ဒီနေ့ ဖေဖော်ဝါရီ (၁၄)ရက်ပါ ကိုအုံ့သြ၊ ကိုအုံ့သြ COMA ဝင်နေခဲ့တာ တစ်ပတ်တိတိရှိပြီ"

သူ တအံ့တသြ ဖြစ်သွားသည်။ သူမ၏ နောက်နားမှာ ထပ်ပေါ်လာသော ကိုသုတ၏မျက်နှာကြီးကို ဖြုန်းခနဲ မြင်လိုက်ရသောကြောင့် ဖြစ်သည်။

"ကိုသုတက ဘယ်လိုဖြစ်ပြီး ရောက်လာရတာလဲ"

"ဟောဗျာ . . . မင်းနဲ့ငါ ရန်ကုန်အပြန်မှာ accident ဖြစ်တယ်လေ၊ အဲဒါကို မှတ်မိလား၊ မင်း အဲဒီ ကတည်းက COMA ဝင်ပြီး သတိလစ်နေတာ တစ်ပတ်လုံးလုံးပဲ၊ ငါလည်း ထိတယ် . . . ဒါပေမယ့် မင်းလို သတိလစ်မနေခဲ့ဘူး၊ မင်း အဖေနဲ့အမေကိုပါ လှမ်းအကြောင်းကြားရတာပေါ့၊ ပြီးတော့



ရွှေရိုးရာဆီလည်း ဖုန်းဆက် အကြောင်းကြားလို့ သူလိုက်လာတာ"

အခန်းထဲသို့ဝင်လာသော ဖေဖေနှင့်မေမေ့ကိုပါ လှမ်းတွေ့လိုက်ရသည်မို့ သူဦးနှောက်တွေ ချာချာလည်ကုန်သည်။

"ခဏလေး နေကြပါဦး၊ အခု ရောက်နေတာ ဘယ်နှခုနှစ်လဲ . . . ၂၀၁၀ လား . . . ၂၀၁၂ လား"

သူ့မေးခွန်းကြောင့် မျက်လုံးအဝိုင်းသား အလန့်တကြားအကြည့်တွေ သူ့အပေါ် စုပြုံပြီးဆင်းရောက်ရှိလာခဲ့သည်။ ခေါင်းကဒဏ်ရာကြောင့်များ သူ တစ်ခုခု ဖြစ်သွားခဲ့ပြီလားဟု စိုးရိမ်ပူပန်သွားသော အကြည့်တွေပါ။

"၂၀၁၂ လေ သားရယ်၊ သား မမှတ်မိတော့ဘူးလား ဟင်၊ ကိုရေ ဆရာဝန်ခေါ်ပါဦး"

ဖေဖေ လှစ်ခနဲ ပြေးထွက်သွားသည်။ မေမေက သူ့အနားရောက်လာပြီး သူ့လက်တစ်ဖက်ကို စိုးရိမ်တကြီးနှင့် ကျစ်ကျစ်ပါအောင် လှမ်းဆုပ်ထားလေသည်။

"သားလေး . . . မေမေ စိတ်ပူလိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com

သားရယ်၊ တစ်ပတ်လုံးလုံး သတိမရတော့ မေမေ့မှာ နေ့တိုင်း ပရိတ်တွေရွတ် မေတ္တာတွေပို့နေရတာ . . .”

သူ မေမေ့ကို စိတ်မပူစေရအောင် အကြည်လင် ဆုံး ပြုံးပြလိုက်သည်။

“သား ကောင်းသွားမှာပါ မေမေ၊ မေမေ စိတ်မပူနဲ့နော်”

ဖေဖေနှင့်အတူ ဆရာဝန်ပြန်ရောက်လာသည်။

“သားက သတိရရချင်း ၂၀၁၀ လား ၂၀၁၂ လား ပြန် မေးနေတယ်ဆို၊ ကော့န္တတော့ COMA ဝင်နေတုန်း မင်းရဲ့ စိတ်ဝိညာဉ်က ၂၀၁၀ ပြန်ရောက်သွားတာနဲ့တူတယ် ဟုတ်လား မောင်အံ့သြ၊ ကဲ . . . ဆရာ့ကို ပြောပြပါဦး၊ မင်း မှတ်မိသလောက်တွေ”

●●●



ရိုးရာက သူ့လက်ထဲသို့ time machine clock ကလေး လာထည့်ပေးလိုက်ရင်း သူ့ကို ပြုံးကြည့်နေခဲ့သည်။ အခုတော့ အခန်းထဲမှာ သူနှင့်သူမ နှစ်ယောက်တည်း အေးအေး ဆေးဆေး လွတ်လွတ်လပ်လပ် စကားပြောခွင့်ရအောင် အသီးသီး အလျှိုလျှို ရှောင်ထွက်ပေးသွားကြသလိုပင်။


“ကိုအံ့သြ . . . တကယ်ပဲ ၂၀၁၀ ဆီကို time travel ပြန်လုပ်ခဲ့တယ်ပေါ့ . . . ဟုတ်လားဟင်၊ ဒီနာရီ ကလေးက စွမ်းခဲ့တယ်ပေါ့”

“ဟုတ်တယ် ရိုးရာ၊ ကျွန်တော် ၂၀၁၀ ဖေဖော်ဝါရီဆီ တကယ်ပြန်ရောက်သွားခဲ့တာ၊ ညီမရဲ့ မင်္ဂလာပွဲ မကျင်းပ



www.burmeseclassic.com

www.burmeseclassic.com





ဖြစ်ခဲ့ဘူး၊ ကျွန်တော် အမျိုးမျိုး လိုက်ဖျက်ခဲ့တာ၊ မင်္ဂလာပွဲမတိုင်ခင် လျှို့ဝှက်ချက်ကို ညီမ သိသွားခဲ့တယ်၊ ဖိတ်စာတွေလည်း မဝေဖြစ်ခဲ့ဘူး၊ hotel မှာလည်း အဲဒီနေ့ ကျင်းပမယ့် မင်္ဂလာပွဲကို cancel လုပ်နိုင်ခဲ့တယ်၊ ညီမရဲ့ သတို့သမီး ဝတ်စုံထုပ်ကြီးလည်း မြစ်ထဲ ပြုတ်ကျသွားခဲ့တယ်"

သူမက မျက်ခုံးကလေးတွေ ပင့်တက်လျက်မျက်လုံးအဝိုင်းသားကလေးဖြင့် နားထောင်နေခဲ့သည်။

"ကိုအံ့ကြီကို ကျေးဇူးတင်လိုက်တာ၊ အဲဒီလို လုပ်ပေးခဲ့တဲ့အတွက်လေ၊ ကျွန်မလည်း ကိုအံ့ကြီ သတိလစ်နေခဲ့တဲ့အချိန် တစ်ပတ်လုံးလုံး အိပ်မက်တွေလို ပြန်မက်နေခဲ့တယ် သိလား၊ အရမ်း ထူးဆန်းပါတယ်၊ အဲဒီ အိပ်မက်တွေနဲ့ ကျွန်မကိုယ်ကျွန်မ brain wash ပြန်လုပ်ခဲ့သလိုပဲ၊ ကျွန်မရဲ့မှတ်ဉာဏ်ထဲမှာ အဲဒီ ၂၀၁၀ ဖေဖော်ဝါရီ က ဖြစ်ခဲ့သမျှကို မေ့ဖျောက်ပစ်လိုက်တော့တယ်၊ အတိတ်ထဲမှာ ကျွန်မရဲ့အနာဂတ်ကို စုံးစုံးမြုပ်မထားချင်ပါဘူး ကိုအံ့ကြီရယ်၊ ဒီအစာဟာ ကိုယ်နဲ့မတည့်ရင် ရှောင်လိုက် သလိုပေါ့၊ ဒီအတွေးတွေ ... ဒီမှတ်ဉာဏ်တွေက ကိုယ့်စိတ်နှလုံးကို






အနာတရ ဖြစ်စေတယ်၊ အဆိပ်အတောက် ဖြစ်စေတယ်ဆိုတာကို သိနေမှတော့ ဒီအတွေးတွေ အစွဲအလမ်းတွေ စိုးရိမ်ကြောက်လန့်မှုတွေအားလုံးကို ကျွန်မ မတွေးမိအောင် ရှောင်ရတော့မှာပေါ့နော်၊ ကိုအံ့ကြီ သတိလစ်နေချိန်မှာ ကိုအံ့ကြီကို ဆုံးရှုံးခဲ့ရရင်ဆိုတဲ့ အတွေးက ခေါင်းထဲ ခဏခဏ ဝင်လာခဲ့တယ်၊ အဲဒီတော့မှ ရှင်သန်တက်ကြွနေခဲ့တဲ့ လူတစ်ယောက်ကို အရမ်းပြန်တမ်းတမိတာပဲ၊ ကိုအံ့ကြီသာ သတိပြန်လည်လာမယ်ဆိုရင် ကျွန်မ ဘာပဲလုပ်ပေးရ လုပ်ပေးရ လုပ်ပေးမိမှာပဲ၊ လူတစ်ယောက် အထူးသဖြင့် ကိုယ်သိပ်ချစ်နေမိတဲ့ လူတစ်ယောက်ကို ချစ်တယ်လို့ ပြောခွင့်မရလိုက်အောင် နောက်ကျသွားခဲ့မှာကို ကျွန်မ အရမ်းကြောက်နေခဲ့မိတာ ကိုအံ့ကြီရယ်၊ လောကမှာ ကိုယ်ချစ်တဲ့လူလောက် ဘယ်အရာကမှ အရေးမပါ့ပါဘူး သိလား"

ရှိုးရာက တစ်ပတ်စာ သိမ်းစုထားခဲ့ရသော စကားတွေကို မပြောလိုက်ရမှာစိုးသည့်အလား တတွတ်တွတ် အဆက်မပြတ် ရေရွတ်နေခဲ့သည်။ သူကလည်း နားထောင်လို့ နှစ်သက်ကျေနပ်စွာဖြင့် စကားတစ်ခွန်းမှ ပင်မပြောဘဲ

www.burmeseclassic.com



သူမ၏ မျက်နှာကလေးကို တစိမ့်စိမ့် ငေးကြည့်ရင်း နှားထောင်နေခဲ့ သည်။ သူမ၏ လက်ကလေးတစ်ဖက်ကိုလည်း သူ့လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ထားမိကာ သူ့ရင်ဘတ်ပေါ်တင် ထားခဲ့၏။ သူမ၏ မျက်ဝန်းတွေမှာ ချစ်ခြင်းတို့ဖြင့် တစ်ဖန် သက်ဝင်ရှန်း စိုတောက်ပ,၍ လာခဲ့ပါသည်။

"ရိုးရာ . . . ကျွန်တော့်ကို လက်ထပ်နိုင်မလားဟင်"

"အို . . . ဘာဖြစ်လို့ လက်မထပ်နိုင်ရမှာလဲရှင်"

"ဒီနေ့ ဖေဖေါ်ဝါရီ (၁၄)ရက်ဆို၊ ကျွန်တော်တို့ ဒီဆေးရုံကလေးပေါ်မှာပဲ လက်ထပ်ပွဲကလေး ကျင်းပလိုက်ရရင် မကောင်းဘူးလားဟင်"

"အိုး . . . လောလှချည်လား ကိုယ့်ဆရာရယ်၊ စဉ်းစားချိန်ကလေးတောင် မပေးတော့ဘူးလားရှင်"

"ဟင့်အင်း . . . မရဘူး၊ စိတ်ပြောင်းသွားမှာစိုးလို့ ချက်ချင်းပဲ"


သူမ၏ မျက်နှာကလေးက ပန်းသွေးရိပ်ရိပ်ကလေး သမ်းလျက် ခေါင်းညိတ်ပြရှာပါသည်။

●●●



ဆေးရုံပေါ်က မင်္ဂလာပွဲကလေးက တစ်သက် မမေ့စရာ ပျော်စရာကလေးပါ။ သတို့သမီးအဖေက သတို့ သား သတို့သမီးဝတ်စုံကို ဆိုင်ကနေ ဝင်ငှားရမ်းခဲ့ပြီး ဆေးရုံ ဆီသို့ အမောတကော ရောက်လာခဲ့သည်။ ဆေးရုံအခန်းတစ် ခန်းလုံး အဖြူရောင်နှင်းဆီတွေနှင့် ပူဖောင်းဖြူဖြူကလေးတွေ ဝေနေအောင် ဆရာဝန်ကြီးနှင့် သူနာပြုတွေ ဆေးရုံဝန်ထမ်း တွေက ကမန်းကတန်း တက်တက်ကြွကြွ စီစဉ်ပေးပါသည်။ ဆရာဝန်ကြီးကပဲ မြို့နယ်တရားသူကြီးကို ဖိတ်ကြားပေးကာ လက်ထပ်စာချုပ်တွေပါ စီစဉ်ပေးပါ၏။ ဇာ ကိုပ်ကျပ်. သတို့

www.burmeseclassic.com








သမီးဝတ်စုံဖြူဖြူကလေးနှင့် ဆံနွယ်အခွေအလိပ်ကလေးတွေ ပခုံးတစ်ဝိုက်မှာ ဝဲဖြာကျနေသော သတို့သမီးကလေးကို သူ တစ်သက်စာ မေ့၍မဝနိုင် . . .။ သတို့သမီးကလေး၏ မျက်နှာကလေးကလည်း ရှက်သွေးဖြန်း ကြည်လင်ချိုမြသော အပြုံးမျက်နှာကလေး။ ကိုယ့်ရင်ဘတ်ရဲ့ တခြားအခြမ်းက ခုတော့ သူ့ရင်ဘတ်ဆီမှာ အံဝင်ခွင်ကျ တပ်ဆင်လို့ . . .။ ဘယ်တော့မှ လွဲချော်ဝေးကွာခြင်းမရှိတော့မှာကိုလည်း သူ တစ်ဘဝစာ ယုံကြည်စိတ်ချကျိန်းသေလို့လေ . . .။



စိတ္တသုခ၊ ကာယသုခနှင့် ပြည့်စုံနိုင်ပါစေ . . .

မေတ္တာအားဖြင့် . . .



လွန်းထားထား (ဆေးတက္ကသိုလ်)

၁၈. ၀၇. ၂၀၁၁



BURMESE CLASSIC .com
www.burmeseclassic.com